[illegible]



# မဟာဗုဒ္ဓဝင်တော်ကြီး

## ကမ္ဘာလောကကြီးတွင်

### အရေးအကြီးဆုံး

စာအုပ်သည် လူမှန်သမျှ မဘတ်လျှင်မဖြစ်၊ မသိလျှင်
မဖြစ်သော စာအုပ်ဖြစ်၍၊ အိမ်တိုင်း,လူတိုင်းရှိမှ
လူဖြစ်ကျိုးနပ်မည်။

ပါဠိဋ္ဌဆရာကြီး,ဦးစိုးသိမ်း'တည္ဖြတ်ပြင်ဆင်သည်။

သတ္တမရိုက်နှိပ်ခြင်းအုပ်ရေ (၅၀၀၀)

# မဟာဗုဒ္ဓဝင်တော်ကြီး



မူပိုင်ရှင်၊

ဗမာစဉ်-ဦးသာ။

# မာတိကာ၊

၄၁၄၁


| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ၊ |
|---|---|---|
| ၁။ | နိဒါန်း။ .... .... .... .... | ၁ |
| ၂။ | ဘုရားလောင်း သုမေဓါ ဒီပင်ကရာဘုရားထံမှာဗိတ်ခံခန်း။ | ၄ |
| ၃။ | အလောင်းတော်နတ်သားအား လူ့ပြည်၌ ဘုရားဖြစ်ရန် တောင်းပန်ခန်း။ .... .... .... | ၆ |
| ၄။ | ဘုရားလောင်းမယ်တော်သိရိမာယာဒေဝီအိမ်မက်မြင်ခန်း | ၁၁ |
| ၅။ | ဘုရားလောင်း၏ ဇာတာခွင်တော်။ .... | ၁၃ |
| ၆။ | လုမ္ဗိနီအင်ကြင်းတော၌ ဘုရားလောင်း ဘွားမြင်ခန်း.... | ၁၅ |
| ၇။ | ဘုရားလောင်းအား ဘခင်သုဒ္ဓေါဒနမင်းကြီး ပဌမအကြိမ် ရှိခိုးခန်း .... .... .... | ၁၇ |
| ၈။ | ဘုရားအလောင်းအား ကင်ပွန်းဥကာင်မင်္ဂလာ ပြုခန်း။ | ၁၈ |
| ၉။ | မယ်တော်မာယာဒေဝီ နတ်ရွာစံခန်း။ .... | ၂၀ |
| ၁၀။ | လယ်ထွန်မင်္ဂလာပွဲ၌ ခမည်းတော်ဒုတိယအကြိမ် ရှိခိုးခန်း | ၂၂ |
| ၁၁။ | ဘုရားလောင်း နန်းမသုံးဆောင် စံတော်မူခန်း။ | ၂၄ |
| ၁၂။ | ဘုရားလောင်းရွှေနန်းစည်းစိမ် ခံစားတော်မူခန်း .... | ၂၆ |
| ၁၃။ | ဘုရားအလောင်း လေးအတတ်ကို ပြတော်မူခန်း။ .... | ၂၈ |
| ၁၄။ | ဘုရားလောင်း ယသော်ဓရာမိဖုရားနှင့် လက်ထပ်ခန်း | ၃၀ |
| ၁၅။ | ဘုရားလောင်း နိမိတ်ကြီးလေးပါး မြင်တော်မူခန်း။ | ၃၂ |
| ၁၆။ | ကိသာဂေါတမီ ဘုရားလောင်း၏ တင့်တယ်ခြင်းကို ဥဒါန်းကျူးခန်း။ .... .... .... | ၃၆ |
| ၁၇။ | ဘုရားလောင်း-ကိသာဂေါတမီမင်းသမီးထံပုလဲသွယ်ရတနာ လက်ဆောင်ပို့ခန်း။ .... .... .... | ၃၀ |

# မာတိကာ။


နံပါတ်စဉ်၊ အကြောင်းအရာ စာမျက်နှာ

၁၈။ ဘုရားလောင်း ရွှေနန်းစည်းစိမ် ငြီးငွေ့တော်မူခန်း။ ၄၀

၁၉။ ဘုရားလောင်း သားတော်ရာဟုလာကိုကြည့်တော်မူခန်း။ ၄၂

၂၀။ တောထွက်တော်မူသောဘုရားအလောင်းအား
မာရ်နတ်တားခန်း .... .... .... ၄၄

၂၁။ အနောမာသောင်ယံ၌ ဘုရားလောင်းဆံတော်ပယ်ခန်း။ ၄၆

၂၂။ ဘုရားလောင်း၏ဆံတော်ကိန်းရာ နတ်ပြည်၌ စူဠာမဏိ
စေတီနှင့်၊ဝတ်လဲတော်တည်ရာဗြဟ္မာ့ပြည်၌၊ဒုဿစေတီ ၅၀

၂၃၊ ဘုရားလောင်းနှင့်ဗိမ္ဗိသာရမင်းကြီးတွေ့ခန်း။ ၅၂

၂၄။ ဘုရားလောင်း အာဠာရ ဥဒကတို့နှင့်တွေ့ခန်း။ ၅၄

၂၅။ ဘုရားလောင်းဥရုဝေလတော၌ဒုက္ကစရိယာကျင့်တော်မူခန်း၅၆

၂၆။ ဘုရားလောင်းအိမ်မက်ကြီးငါးပါး မြင်တော်မူခန်း၊ .... ၅၈

၂၇။ သုဇာတာ သူဌေးသမီးသည် ဘုရားလောင်းအား
ဃနာနို့ဆွမ်း ကပ်လှူခန်း .... .... ၆၀

၂၈။ ဘုရားလောင်းသည် လေးဆယ်ကိုးလုပ်သောဆွမ်းကို
ပရိဘုတ်တော်မူခန်း။ .... .... .... ၆၂

၂၉။ သောတ္ထိယ မျက်ထမ်းလုလင် လှူအပ်သော မျက်ရှစ်ဆုပ်ကို
အလှူခံတော်မူခန်း။ .... .... .... ၆၄

၃၀။ ဘုရားလောင်းသည် ဗောဓိပင်နှင့်ရွှေပလ္လင်အောင်
တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူခန်း။ .... ၆၆

၃၁။ ဝသဝတ္တီနတ်ပြည်ဘုရင် မာနတ်မင်းသည် ဗောဓိပင်နှင့်
ရွှေပလ္လင်တိုက်ခန်း။ .... .... .... ၆၈

၃၂။ ပဌမ သတ္တာဟ ရွှေပလ္လင်စံတော်မူခန်း။ .... .... ၆၉

# မာတိကာ။



| နံပါတ်စဉ်၊ | အကြောင်းအရာ၊ | စာမျက်နှာ |
| --- | --- | --- |
| ၃၃။ | ဒုတိယ သတ္တာဟ- အနိမိသစံတော်မူခန်း။ .... | ၇၀ |
| ၃၄။ | တတိယ သတ္တာဟ ရတနာစင်္ကြံစံတော်မူခန်း။ .... | ၇၁ |
| ၃၅။ | စတုတ္ထသတ္တာဟ ရတနာဃရအိမ်စံတော်မူခန်း .... | ၇၂ |
| ၃၆။ | ပဥ္စမသတ္တာဟ အဇပါလညောင်ပင်ရင်း၌ စံတော်မူခန်း | ၇၄ |
| ၃၇။ | ဆဋ္ဌမသတ္တာဟ မုစလိန္ဒာနဂါးမင်း၏ဗိမာန်စံတော်မူခန်း | ၇၆ |
| ၃၈။ | သတ္တမ သတ္တာဟ လင်းလွန်းပင်ရင်း၌ စံတော်မူခန်း။ | ၇၇ |
| ၃၉။ | တရားဟောရန် ဗြဟ္မာမင်းလျှောက်ထားတောင်းပန်ခန်း။ | ၇၉ |
| ၄၀။ | ပဥ္စဝဂ္ဂီတို့ကို မြတ်စွာဘုရား ချွတ်ခန်း .... .... | ၈၂ |
| ၄၁။ | မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဦးဟောခန်း။ .... | ၈၃ |
| ၄၂။ | ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်ကို ချွတ်ခန်း .... .... | ၈၄ |
| ။ | ရသေ့ညီနောင်သုံးဦးနှင့် နောက်ပါတို့ကို ချွတ်ခန်း။ | ။ |
| ၄၃။ | သကျသာကီဝင် နွယ်တော်ဆက်ပုံဇာတ်။ .... | ၉၁ |
| ၄၄။ | မြတ်စွာဘုရားသည် ယသော်ဓရာဒေဝီ၏ ဖူးမျှော်ခြင်းကို ခံတော်စခန်း။ .... .... .... | ၉၃ |
| ၄၅။ | မြတ်စွာဘုရားသည် ညီတော်မင်းနန်အား သပိတ်ကမ်းစေတော်မူ၍ ခေါ်တော်မူခန်း။ .... .... | ၉၅ |
| ၄၆။ | မြတ်စွာဘုရားသည် ညီတော်မင်းနန်အား ငါ့ညီနှမ၊ ဇနပဒကလျာ၊ ဤနှစ်ဖြာသွင်မှု ဘယ်သူကသာသနည်းဟုမေးခန်း၊ | ၉၇ |
| ၄၇။ | ညီတော်နန္ဒ ဤနတ်ကညာများနှင့် ဇနပဒကလျာဏီသည် ဆင်းဝါဘယ်သူသာသနည်းဟု မေးခန်း။ .... | ၉၉ |
| ၄၈။ | ယသော်ဓရာသည် လွမ်းဆွတ်ကြည်ကွဲစွာဖြင့်မောင်တော်ဘုရားအား သတိရ တမ်းတသောအခန်း.... .... | ၁၀၀ |

# မာတိကာ။


| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | ရာဟုလာ အမွေတောင်းခန်း .... .... | ၁၀၁ |
| ၅၀။ | ရာဟုလာမင်းသား သဃ်န်းစကိုင်လျက် အမွေ သနားပါဟု တောင်းခါလိုက်ခန်း .... .... | ၁၀၅ |
| ၅၁။ | ဝါဆိုစဉ်ရှိခိုး .... .... .... .... | ၁၀၇ |
| ၅၂။ | မြတ်စွာ ဘုရားသည် ဘခင်-သုဒ္ဓေါဒန မင်းကြီး၏ အလောင်းကို သဂြိုဟ်တော်မူခန်း .... .... | ၁၀၉ |
| ၅၃။ | မဋ္ဌိမဒေသနယ်ပုံတော် .... .... .... | ၁၁၁ |
| ၅၄။ | ယသော်ဓရာဒေဝီသည် ရင်သွေးရာဟုလာကို ဘုရားထံမှတောင်းခန်း။ .... .... | ၁၁၃ |
| ၅၅။ | မြတ်စွာဘုရားသည် ရေအစုံ၊ မီးအစုံသော တန်ခိုး ပြာဋိဟာပြု တော်မူခန်း။ .... .... | ၁၁၆ |
| ၅၆။ | မြတ်စွာဘုရားသည်နန္ဒောပနန္ဒနဂါးမင်းကို ချွတ်ခန်း၊ | ၁၂၁ |
| ၅၇။ | ဗကဗြဟ္မာကိုချွတ်ခန်း။ .... .... | ၁၂၄ |
| ၅၈။ | အင်္ဂုလိမာလကို ချွတ်ခန်း။ .... .... | ၁၂၅ |
| ၅၉။ | အာဠဝကဘီလူးကို ချွတ်ခန်း။ .... .... | ၁၂၈ |
| ၆၀။ | ရှင်ဒေဝဒတ်နှင့် အဇာတသတ်မင်း။ .... .... | ၁၃၃ |
| ၆၁။ | ဗိမ္ဗိသာရမင်းကြီးကိုသား-အဇာတသတ်မင်းသတ်ခန်း | ၁၃၅ |
| ၆၂။ | မြတ်စွာဘုရားထံ အာယုသင်္ခါရလွှတ်တော်မူရန် မာရ်နတ်မင်း တောင်းပန်ခန်း။ .... .... | ၁၃၉ |
| ၆၃။ | မြတ်စွာဘုရား ဝမ်းတော်လားခန်း .... .... | ၁၄၅ |
| ၆၄။ | မြတ်စွာဘုရား ဝမ်းတော်လားတော်မူပုံနှင့် ရှင်အာနန္ဒာ ရေကြည်တော် ဆောင်ခန်း .... .... | ၁၄၉ |

# မာတိကာ။


| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆၅။ | မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခန်း။ | ၁၅၀ |
| ၆၆။ | မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခန်း။ | ၁၅၂ |
| ၆၇။ | ဘုရားသခင်အလောင်းတော်ကို သင်္ဂြိုဟ်ခန်း။ | ၁၅၇ |
| ၆၁။ | မြတ်စွာဘုရားအလောင်းတော်ကို သင်္ဂြိုဟ်ပူဇော်ကြပုံ။ | ၁၆၀ |
| ၆၉။ | အလောင်းတော်ကို တေဇောဓါတ်လောင်ခန်း။ | ၁၆၄ |
| ၇၀။ | တရားအားထုတ်ရန် အချိန်အခါကို ညွှန်ပြခြင်း။ | ၁၆၈ |
| ၇၁။ | ဘယ်နေ့ သေမှန်းမသိ၊ မသေမီတရားအားထုတ်ပါဟု ညွှန်ပြခြင်း။ | ၁၆၈ |



# နိဒါန်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရှင်တော်ဗုဒ္ဓ၊ ဓမ္မသံဃာ၊ မာတာပိတမိဘဆရာ၊
ခင်ပွန်းဆယ်ပါး မမှားစေရာ၊ ကြီးသူများဦးချ ဝန္ဒနာ။

စိန္တိတံ၊ သတ္တသံဝေဇနိယံ၊ နဝသံဝေဇနိယဝါစကံ၊
ကာယဝါစံ၊ စတုချာတံ၊ ဗုဒ္ဓဏ္ဏ မဥ္ဇူပါဂမိ။

ဒွိ-ဗမာအစ၊ မြဟ္မာ က,ဟု၊ ရှေးကလူတွင် ခေါ်တွင်သပေါ့။ ဗမာဟာ မြဟ္မာက စခဲ့တယ်လို့ ဆိုလိုတယ်။ ယခုဗမာဟာ ကမ္ဘာပေါ်တွင် လူမျိုးတရာ့တပါး နှံ့ကြ ပြားလဲ ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန်ကို၊ ကိုးကွယ် ဆီးကပ်ကြရမှာ၊ ဘယ်သူ ဘယ်လိုပြောပြော။ ဘယ်လို ထင်ထင်၊ အမှန် စင်စော့၊ ဗုဒ္ဓ ဘာသာမှာသာ။ ဘုရားစစ်၊ တရားစင်၊ သံဃာစစ်အမှန်ဖြစ်ပါတယ်။ တလောကလုံး၊ တကမ္ဘာလုံးမှာ အယူဘာသာ ကွဲပြားနေသည်မှာ၊ ရှေးအကျဆုံး အခါက၊ ရှေးဦးဆရာ၊ မည်ထိုက်စွာ ပုဗ္ဗါစရိယ မိနှင့်ဖ။ မိဘဆရာကိုက အယူသီး၊ မသိမှု။ အဝိဇ္ဇာတရားတွေ တဖြေးဖြေး များလာမှုကြောင့် ဘာသာတရား ကွဲပြားပွားများလာရပါတယ်။ အစင်အမှန်ကတော့။ ကမ္ဘာမှာ ဤဂေါတမဗုဒ္ဓ ဘုရားတဆူသာ။ အစင်အမှန်ရှိကြောင်း၊ ငြင်းဆိုနိုင်စွမ်းရှိသူ မပေါ်နိုင်ပါ။ စိတ်နဲ့ ဘုရားဖြစ်ရန်ကျိုးစားမှု၊ ခုနှစ်သင်္ချေ၊ နှုတ်ဖြင့် ဘုရားဖြစ်ရန် ကျိုးစားမှု။ ကိုး သင်္ချေ၊ ဒိပင်္ကရာ ဘုရားရှင်ထံ ဗျာဒိတ်

ရပြီးမှ၊ "လေးသင်္ချေနှင့် ကမ္ဘာတသိန်း" ကျင့်ပြီး၍၊ သိဒ္ဓတ္ထမင်းသားဘဝမှ၊ ကျင့်ကျန်အားထုပ်၊ ကြိုးကုပ်ဆည်းပူးမှ ဘုရားအဖြစ်သို့ ရောက်ခဲ့၊ ရခဲ့သော၊ ဂေါတမဗုဒ္ဓ၏။ ဗုဒ္ဓဝင်တော်ကြီးကို တဖြည်းဖြည်း တိမ်ကောနစ်မြုပ် ဆုတ်ယုတ်ကွယ်ပျောက်သွားလိမ့်မည်ကို။ စိုးရိမ်းကြောက်ရွံ့ လှပါသဖြင့်။ နတ်ပြည်မှ နတ်သိကြားတို့ တောင်းပန် နှိုးဆော် မှုကြောင့် လူ့ပြည်၌ သန္ဓေယူ၊ ဘုရားဖြစ်၊ ပရိနိဗ္ဗာန် ပြုသည်အထိ၊ နောက်လာနောက်သား၊ကလေးလူကြီး၊ မိန်းမ ယောကျ်ား အများသိရှိနားလည် ကိုးကွယ် ဆီးကပ် ကြည်ညိုနိုင်စေရန် ရည်သန်၍ ဤဂေါတမဗုဒ္ဓဟူသော စာစောင်ကို ကျွန်ုပ်တို့ ဗမာစစ်-စာပုံနှိပ်တိုက်မှ၊ 'ဦးသ'ကိုယ်တိုင် ရိုက်နှိပ်ထုတ်ဝေပါအံ့။ဤစာအုပ်သည်၊ အနှစ်မရှိ၊ ပကတိအကာသာရှိသော လက်ပန် ငှက်ပျောအပင်ကို၊အနှစ်အပြည့်ထည့်သလို၊ လူ့အသိ။လူ့အမြင်၊ လူတွင်ထင်ရှား တသက်လုံး ကိုးစားအားထားရာ။ မိမိတို့သားသွီးလူငယ်များကို ဒို့လူမျိုးဟာ 'ဗမာ' ဟု၊ ကမ္ဘာမှာ ထင်ရှားလောက်သော ဆုမွန်ပြုပြင်ရန်စာအုပ် ဖြစ်သည်။ စိရံတိဋ္ဌတု သဒ္ဓမ္မော။ သူတော်ကောင်း တရား ကမ္ဘာရှည်၍ တည်စေသား။

ဤစာအုပ်ဖြင့် မဂ်-ဖိုလ်နိဗ္ဗာန်ကို ရနိုင်ရေးအတွက် လုံးဝ တာဝန်ယူ ဝန်ခံပါသည်။

ဩဃလေးပါးတို့၌၊ နစ်၍၊ နစ်၍၊ မျောခဲ့သည် ဖြစ်လျှင် မျော၍၊ မျော၍၊ နစ်ခဲ့သည်ဖြစ်လျှင်။ သံသရာဝဲ၊ ဩဃထဲမှ ထွက်နိုင်။တက်နိုင်ပေါ် နိုင်မည်ဟုတ်၊ ဤသို့အကြံတော်ဖြင့်

ဆန်ကျူးဆန်ကျူး။ ဖြည်းညှင်း သာယာစွာ။ သမ္မာဒိဋ္ဌိ။ သမ္မာ သင်္ကပ္ပ အစရှိသော လောကီမဂ္ဂင် ဖေါင်ဖြင့် ငါတို့ ဆရာ ရှင်တော်ဘုရားသည်။ ဩဃလေးပါးကို ကူးကာ တူးကာ၊ ဆန်တော်မူ၍။ ဆန်ကာ၊ ဆန်ကာ ကူးတော်မူ၍၊ မဂ်ဥာဏ် ဖိုလ်ဥာဏ်၊ နိဗ္ဗာန်မည်သော ခေမာသောင် ကမ်းတဘက် သို့ ကူးရောက် တက်မြောက်တော်မူခဲ့လေပြီ။

ဒို့-ဘုရား သွား့တဲ့လမ်းကို မှန်း၍၊ မှန်း၍။ ဖြောင့်ဖြောင့် တန်းတန်း မကောက်မကွေ့ လိုက်ကြပါစို့။

## ဘုရားအလောင်းသုမေဓါ ဗျာဒိတ်ယူခဏ်း။

ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည်။ တွက် ဆ,မှတ်သားခြင်းငှါ၊ မတတ်ရာသော မဟာကပ်အပေါင်း တွင်။ ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို ဖူးမြင် တွေ့ကြုံ တရားတော်ကို ကြားနာရပြီးနောက်၊ ပေါရာဏသင်္ကျာအစ ရှိသော၊ သုံးသိန်း ရှစ်သောင်း၊ ခုနှစ်ထောင် ကုန်သော ဘုရားရှင်တို့နှင့် တွေ့ကြုံ ဖူးမြင်ရပြီးလျှင်။ ပစ္စည်း လေးပါး တို့ဖြင့် ပူဇော်လျက် တရားတော်ကိုနာရ၍နေခင်သော အခါ ငါလည်းထို့သွင် လူတွင် ထင်ရှား ဘုရား စင်စစ် ဖြစ်ရစေ သောဟု မနေခိုင်ပြီး၊ ဆုကြီးကို ပန်ဆင်ခါ ဆယ်ဖြာ ပါရမီ၊ ငါးလီသော ပရိစာဂတို့ကို ဖြည့်ကျင့်တော် မူခဲ့၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ပွင့်ကုန်သော နှစ်ကျိပ် ခုနှစ်ဆူကုန်သော ဘုရားရှင်တို့တွင် ဒီပင်္ကရာမြတ်စွာ ဘုရား လက်ထက်တော်၌ သုမေဓါရသေ့ ဖြစ်၍။ နိယတဗျာဒိတ် ကို၊ ခံယူလေ၏။



ဘုရားလောင်းသုမေဓာရှင်ရသေ့သည်။ ဒီပင်္ကရာမြတ်စွာဘုရားထံ၌၊ နိယတဗျာဒိတ်ခံတော်မူပုံ။

ထိုနောက်မှ၊ ပါရမီ အပေါင်းကို ဖြည့်တော် မူလျက်၊ ဤဘဒ္ဒကပ္ပဝယ်၊ မဟာသမ္မတမင်း တကြိမ်၊ မန္ဓာတ်မင်း၊ မဃဒေဝမင်း၊ နေမိမင်း တေမိမင်၊ သိဝိရာဇ်မင်း၊ စန္ဒကုမာရမင်း၊ မဟာဂေါဝိန္ဒ ပုရောဟိတ်ပုဏ္ဏား၊ အကတ္တ ရသေ့၊ သင်္ခပုဏ္ဏား၊ ဓနဉ္စယမင်း၊ သသပဏ္ဍိတ ယုန်ပညာရှိ၊ သီလဝနာဂ၊ သီလံရှိသောဆင်မင်း၊ ဘူရိဒတ် နဂါးမင်း၊ စမ္ပေယျနဂါးမင်း၊ ရူဋ္ဌဗောဓိ ပုဏ္ဏား၊ မဟိံသရာဇ ကျွဲမင်း၊ ရုရုမိဂရာဇ- ဆင်မင်း၊ မာတင်ရသေ့၊ ဓမ္မဒေဝ-ဓမ္မနတ်၊ ဇယဒိသမင်း၊ သင်္ခပါလနဂါးမင်း၊ ဓနဉ္စယမင်းသား၊ သောမနဿမင်းသား၊ အယောဃရ မင်းသား၊ သောဏ သတို့သား၊ ကပိရာဇ မျောက်မင်း၊ သက္ကရသေ့၊ ဝဋ္ဋပေါတကငုံးငယ်၊ မစ္ဆရာဇငါးမင်း၊ ကဏှာဒီပါယရသေ့၊ မဟာသုတသောမမင်း၊ သုဝဏ္ဏသာမသတို့သား၊ ဧကရာဇမင်း၊ မဟာလောမဟံသပဏ္ဍိုလ်မြတ် တကြိမ်အားဖြင့်၊ သုံးဆယ့် ငါးဇာတ် ဖြစ်တော် မူပြီးနောက် ဝေဿန္တရာမင်း ဖြစ်တော် မူလေ၏၊ ဝေဿန္တရာမင်း အဖြစ်မှ စုတေလေသော်၊ တုသိတာ နတ်ပြည်ဝယ်၊ သေတကေတု နတ်မင်း ဖြစ်တော်မူ၏။ အနှစ်တထောင်ကပင်၊ လူ့တိုင်ထင်ရှား ဘုရားပွင့်လတ္တံ့ဟူ သော ဗုဒ္ဓကောလာဟလ ဖြစ်လေသော်၊ သိကြား, နတ်, ဗြဟ္မာ၊ အပေါင်းတို့သည်၊ အလောင်းတော်နတ်သားအား ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူ့ပြည်သို့သွား၍ ဘုရား ဖြစ်တော်မူပါဟု၊ တောင်းပန်ကြကုန်၏၊ အလောင်းတော် နတ်သား လည်း



ဘုရားလောင်းနတ်သားအားလူ့ပြည်၌ဘုရားဖြစ်တော်မူရန် နတ်ဗြဟ္မာတို့ တောင်းပန်ပုံ။

ဘုရားဖြစ်ထိုက်သောကာလ၊ ဒိပ,အရပ်,အမျိုးအနွယ်, မယ်တော်၏ အသက် အပိုင်းအခြား တည်းဟူသော ကြည့်ခြင်းကြီး ငါးပါးဖြင့်ကြည့်လတ်သော် လူတို့ အသက်တရာရှည်သောသက်တမ်းဖြစ်၍၊ ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသ၌၊ မဟာသမတမင်းမျိုးမှ၊ သက်ဆင်းသော သက္ကတိုင်း ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင် တောင်ညာစံဒေဝီ၊ သိရိမဟာ မာယာမိဖုရား ကြီးသည်၊ ဆယ်လချုနှစ် ရက်သာ၊ အသက်ရှည် တော့မည်ဟုမြင်၍ နတ်ပြည်မှစုတေပြီးသော်။ သိရိမဟာ မာယာဒေဝီ၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေ ကိန်းအောင်းတော်မူ၏။

ယင်းသို့ သန္ဓေ၊ စံနေတော်မူလျှင်၊ မြေ၊ ရေ၊ အပေါင်းသည်ဆတ်ဆတ်ခါ တုန်လှုပ် ကုန်၏။ မြစ်ရေတို့သည်။ စီးခြင်းမရှိ ရပ်၏။ သစ်ပင် ပန်းပင် တို့သည်။ သီးကုန်၊ ပွင့်ကုန်၏ ကောင်းကင်ရတနာတို့သည်၊ အရောင်ထွက်ကုန်၏။ စောင်း, ညှင်း, ပတ်သာ တူရိယာတို့သည်။ မတီး မမှုတ်ဘဲမြည်ကုန်၏။ ကိုးဆယ်ခြောက်ဖြာဝေဒနာရှိသူတို့သည်။ ကျန်းမာကုန်၏။ ငရဲဘုံ၌ မီးအပူအပူသည် ငြိမ်း၏။ လူ့ပြည်မှနေ၍၊ နတ်ပြည်၊ ဗြဟ္မာဘုံ၊ ငရဲကြီးရှစ်ထပ်ကို။ အကုန်အစင်မြင်နိုင်၏။ သတ္တဝါတို့သေခြင်း၊ သန္ဓေယူခြင်း။ ဘွားမြင်ခြင်းမရှိကုန်။ ဤသို့စသော သုံးဆယ် နှစ်ပါးသော ပုဗ္ဗနိမိတ်တို့သည်ထင်ကုန်၏။ မယ်တော်၌ ကြီးစွာသော အိမ်မက်မြင်၏။

**အိပ်မက်ကား။** စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည်၊ မိဖုရားကိုအိပ်ရာသလွန်နှင့်တကွချီ၍၊ ဟိမဝန္တာသို့ဆောင်ပြီးလျှင် ဆေးဒါန်းမြင်းသိလာကျောက်ဖြာ၏ အပြင်။ အင်ကြင်းပင်ကြီး၏ အောက်၌ ချထား ကြကုန်၏။ ထိုအခါ၊ နတ်မိဖုရား လေးဦးတို့သည် လာကုန်၍ သိတာ နဝတဘ်ရေဖြင့် ချိုးပြီးလျှင်၊ နတ်တို့၏ ပန်းနံ့သာ တံဆာကို ဆင်ယင်လျက်။ ငွေတောင်ထွတ်ထက်ရှိသော၊ ရွှေဗိမာန်သို့ ဆောင်၍ အိပ်စေပြန်၏။ ထိုအခါ ငွေသာခွာ တောင်ကဲ့သို့ ဖွေးဖွေးဖြူသော ဆင်ပြောင်ရတနာသည်၊ မြောက်အရပ်မှ လာ၍ မိဖုရား၏ လက်ျာနံပါးကို ဖွင့်လှစ်ပြီးသော် ဝင်သည် ဟု မြင်မက်တော် မူ၏။

## ဘုရားရှိခိုး။

သုံးလူ့ရှင်ပင် ကျွန့်တိပ်ထင်၊ သောင်းခွင် စကြာဝဠာ၊ နတ် မြဟ္မာတို့ ညီညာရုံးစုဘောင်းပန်မှုကြောင့်ရတုနဂိရ်၊ ရွှန်းရွှန်းစိုသည် ဝါဆိုလပြည့် ကြွက်မင်းနေ့ဝယ်။ ချမ်းမြေ့ကြည်ဖြူ သန္ဓေယူသည် နတ်, လူ, ငြိမ်းဘို့ ကိန်းပါကို။

အလောင်းတော်မြတ် သန္ဓေယူတော်မူ၍ ဆယ်လစေ့ သော် မာယာဒေဝီသည်၊မယ်တော်ခမည်းတော် တို့၏ နေရာ ဒေဝ ဒဟာပြည်သို့ သွားလိုသော ဆန္ဒ ဖြစ်၍။ စစ် အင်္ဂါ လေးပါးဝန်းရံလျက်၊ရွှေထမ်းစင်ဖြင့် ထွက်တော်မူရာ၊ ကပ္ပိ လဝတ်ပြည်နှင့် ဒေဝဒဟာပြည်၏ ယူဇနာ ခရီးအကြား၌၊ သာယာပွင့်လန်းသော လုမ္ဗနီအင်ကြင်းတောသို့ရောက်လေ

သော်၊ ပျော်ရွှင်ဝင်နား ကစား မြူးတူးလိုသော နှလုံးတော်ရှိလှ၍၊ အင်ကြင်းပင် အောက်သို့ ဝင်တော်မူလေ၏။မင်္ဂလာရှိသော အင်ကြင်းပင်ကြီး၏အခက်သည် ညွတ်လျက် ငုံ့လာ၏။ ထိုမင်္ဂလာအင်ကြင်းခက်ကို ရပ်လျက် လှမ်းတော် မူလျှင်၊ စကြာဝဠာတသောင်းသည်၊ကောင်းချီးပေးသကဲ့သို့၊ ဖြေးဖြေးကြည်ကြည် ကြူးမည်ရိုက်ဟီးလျက်။မြေကြီးတုန်လှုပ်ခြင်း။ ဥက္ကာပျံခြင်း။ မိုးရှူးရောင်ဝေ။ လ,နေ ကြယ်စုံထွက်၍ တပြိုင်နက် ထွန်းလင်းခြင်းအစရှိသော သုံးဆယ့် နှစ်သွယ်သော နိမိတ်တို့သည် ထင်ရှားပြလျက်။ ကမ္ဘာလေ လှုပ်လတ်သော် ထိုအင်ကြင်းပင်အပေါ်တွင်ပင်။ အထိမ်းအမတ်သည်၊ တင်းတိမ်ကာရံခယလျက်၊မစ ပြုပြင်ကုန်စင်သန့်စင်လှကဲ့ပုလဲ မှည့်ရတနာသည်။ အာကာတိမ်ညွန့်မှ ငိုးကွန့်ထွက်ဆင်း သကဲ့သို့။ သန့်ရှင်း စင်ကြယ်စွာ။ လက္ခဏာ ငြိုးငယ်နှင့် ပြည့်စုံသော အလောင်းတော်မင်းသားကို သက္ကရာဇ် ၆၈-ခု ဥတုဂိမှန်။ ကဆုန်လပြည့် သောကြာနေ့နံက် ၁- ချက်တီး အချိန် ဗိသာခါ နက္ခတ်နှင့် ယှဉ်လျက်။ ဘွားမြင်တော်မူ၏။ ထိုသို့ ဘွားမြင်တော် မူသောအခါ။ ကောင်းကင် ပြင်မှ ရေယာဉ်နှစ်သွယ်တို့သည်။ ကြည်လင်ချမ်းမြစွာ။ ဝေဒနာမရှိ စေခြင်းငှါ။ သက်ဆင်း သွန်းဖြန်းလာကုန်၏။ ဗြဟ္မာကြီးတို့ သည်။ရတနာရွှေကွန်ရက်ဖြင့်၊ စတုမဟာရာဇ် နတ်မင်းကြီး တို့သည် နူးထွေးချောမွေ့သော သစ်နက်ရေဖြင့်။ လူမင်းသား တို့သည် အဘိုးအတိုင်းမသိသော ဘဲ့ဖြူ ပုဆိုးဖြင့် ခံကြ ကုန်၏။ သိုးဖြူအုပ်ကာလျက်။သန်လျက် ခြေနင်း။သင်းကျစ်စွဲ

ကုန်လျက် ပူဇော်ကြကုန်၏။ အလောင်းတော် မင်းမြတ်လည်း။ အရှေ့အရပ်မှ မြောက်သို့လှည့်တော်မူလျက် ချွန်စ်ဘဝါးသွား၍ မတ်မတ်ရပ်ပြီးသော်----

လောကဠ် ငါသည်အမြတ်ဆုံး။

လောကဠ် ငါသည်အကြီးဆုံး။

လောကဠ် ငါနှင့်တူသူမရှိ အသဗ်သာ ပုဂ္ဂိုလ်တည်း-

ဟူ၍ သုံးခွန်းသောစကားဖြင့် ကြုံးဝါးတော်မူ၏။ ထိုသို့သွားစဉ် အလောင်းမင်းသားသည် ဝတ်စားဆင်ယင်လျက်ဆယ်ခြောက်နှစ်အရွယ် သွားသကဲ့သို့ မြင်ကြရကုန်၏။


## ဇနကကျေးဇူး အထူးသိ။

သာသနာ့ဝါဒ ဗမာ့ရိပ်သာ နေ့တိုင်း။ နေ့တိုင်း မပြတ်စေရာ၊ ပွင့်ထွန်း ပေါ်ပေါက် ဖူးထိုက်ဘို့ရာ။ ထွက်ပေါ်ရ ဇနက နို့မြတ်စွာ။

သာသနာ့ဝါဒ အားကျလိုက်နှာ၊ နိုင်ငံတော်ဘွား မျိုးသားဗမာ။ ဖူးထိုက်သူမှ ဖူးရပေမှာ ထွက်ပေါ်ရ ၊ ဇနက နို့မြတ်စွာ။

သာသနာ့ဝါဒ အားကျသူငါ၊ တလောကလုံး ကောင်းကြစေရာ။ သစ္စာလေးချက်၊ မိန့်မြွက်တော့မှာ ပေါ်ထွန်းရ၊ ဇနက နို့မြတ်စွာ၊

သာသနာ့ဝါဒ၊ ပြုလုပ်လိုက်နှာ ကိုယ်လုပ် ရင်တော့။ ကိုယ်ရမှာပါ။ ကိုယ်စားရင်တော့ ကိုယ်ဝမှာပါ၊ကိုယ်သွားခိုက်၊ နောက်လိုက် အရိပ်ပါ။ ဆဲဒါလဲဇနကမိန့်မြွက်ရာ။ ဘုရား



ဘုရားလောင်းမယ်တော်သိရီမဟာမာယာဒေဝီအိပ်မက်ခြင်း။

အလောင်းဘုရားသည်နှင့် တပြိုင်နက်။ ကာဠုဒါယီ၊ ယသော်ဓရာ ညီတော်သန္တ၊ ကဏ္ဍက၊ သောဏ္ဍ၊ ဇနပေါ မဟာသော ဘုရားဘက်တော် ခုနှစ်ပါးတို့ ဖွားမြင်ကြကုန်၏။ ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်း၏ အမိဘုရား မိဖုရားတွင် ဘဒ္ဒကစ္စာနာ ယသော်ဓရာမင်းသမီးကို ဖွား၏။ ဆန္နအမတ်။ ကာဠုဒါယီ အမတ်။ ကဏ္ဍကမြင်းတို့ဘုရားကုန်၏။မဇ္ဈိမဒေသ အလယ်ချက်မွေ့၌ ကြက်သရေအထူးရှိလှသော မဟာဗောဓိ ညောင် ဇနပေါ ပေါက်၏ ရွှေနန်းတော် အတွင်းဝယ်။ ရွှေအိုးကြီး လေးလုံး ပေါ်၏။


## ဘုရားရှိခိုး။

သန္ဓေယူကာ၊ ဆယ်လကြာသော် မဟာသက္ကရာဇ် ခြောက်ဆဲ့ရှစ်ကြို ကဆုံလပြည့် သောကြာ နေ့ဝယ်။ ချမ်းမြေ့စုံစီ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ ဘုရားတော်မူသည် နတ်လူအောင်မြို လမ်းပါကို။

ကြက်သရေမျိုး ဝေဖြိုးလျှံပြောင်။ ဘုရားနေမင်း၊ ထိန်လင်းညာဏ်ရောင်။ ဝေနေကြာပန်း ပွင့်လမ်း လေအောင် ထွန်းပေါ်ရ ဇနဂုဏ်ထူးဆောင်။

ကံထူးဉာဏ်ထူး ပွင့်ဖူးဘုန်းတော် လူ-နတ် ဦးခိုက်။ ဖူးတိုက်အောင်ပေါ်။ မင်းတကာ့မင်း ဝတ်ဆင်း ကော်ရော်။ သိမ့်သိမ့်တိုး မြေမိုယ်း တုန်ဟာ်းကျော်။

## မြတ်စွာဘုရား ဇာတာခွင်တော်။




မဟာ သက္ကရာဇ် ၆၈-ခု၊ ဥတုဂိမ္ဟန့်၊ ကဆုံလပြေ့၊ သောကြာနေ့ နံက်၊ တချက်တီး အချိန်တွင် သိဟ်လက် ပြိန္တ္ထာခနီး ဝိသာခါ နက္ခတ်နှင့်ယှဉ်၍ အတုမရှိ၊ အဘက်မရှိ လောကသုံးပါး၊ လောက ခြောက်ပါးတို့၌ဘုန်းထူး၊ကံထူး ဉာဏ်ထူး တို့ဖြင့်၊ ဖြစ်ထွန်း ပေါ်ပေါက်၍ လာသော ဘုရားအလောင်းကို ဘွားမြင်တော်မူလေသည်။

### ဘုရားလောင်းအား ခမည်းတော်မင်းကြီး ကန်တော့ခြင်း။

ထိုသို့ ဘွားမြင်တော်မူသောအခါ၊သုဒ္ဓေါဒနမင်းကြီး၏ ဆရာ သမာပတ် ၈ပါးကို ရသော ကာဠဒေဝိလရသေ့ သည်၊ နေ့ သန့်ခြင်း၌၊ တာဝတိံသာ နတ်ပြည်သို့ ကြွ


လေသော် နတ်အပေါင်းတို့သည်။ လူ့ပြည်၌ ဘုရင်သုဒ္ဓေါဒနမင်းကြီးဝယ်၊ ဘုရားအလောင်း သားကောင်းရတနာကို ရပေသည်ထိုမင်းသားဘုရားဖြစ်သောအခါ၊ ဖူးရတော့မည် တရားတော်ကိုနာရတော့ပေမည်ဟု ကြွေးကြော်ရှင်ပြသည်ကို ကာဠဒေဝိလရသေ့ကြားသိရသဖြင့်၊အားရဝမ်းသာစွာ သုဒ္ဓေါဒန မင်းကြီး နန်းတော်သို့ ကြွရောက် လာပြီးလျှင်၊ မင်းကြီးအား၊ သားကောင်းရတနာ ရသည်ကို ရှုမြင်လိုသည် ဆိုသော် သားတော်ကို ယူဆောင်ခဲ့စေ၍ ရသေ့အား ရှိခိုးစိမ့်သော၌၊ လက်နှစ်ဘက်ကို ယှက်စေသော် အလောင်းမင်းသား၏ ဘဝါးတော်အစုံသည် လျှပ်စစ်ကဲ့သို့ပျံတက်၍ ရသေ့၏ဦးထိပ်ပြင်ထက်၌တည်လေ၏။ ဤသို့ အံ့ဘွယ်သရဲထူးကဲစွာကိုမြင်လျှင် ရှင်ရသေ့လည်း ထ၍ညွတ်ကျိုး ရှိခိုးဦးတိုက်၏။ ဘခင်မင်းတရားလည်း သားတော်မြတ်ကို တုံ့ဝပ်ရိုကျိုးရှိခိုးလေသတည်း။ရှင်ရသေ့လည်းဘုရားလောင်း၏ လက္ခဏာကြီးငယ်ကိုမြင်လျှင် သုံးဆယ့် ငါးနှစ်အရွယ်တိုင်က ဘုရားဖြစ်လတ္တံ့သော သူမြတ်ကို ယခု ဖူးတွေ့ရပေသည်ဟု ရွှင်ကြည်သော နှလုံးဖြင့် ပြုံးရယ်တော် မူ၏။ ဤမင်းသား ဘုရားဖြစ်သည့် တိုင်အောင် မနေရဘဲ စုတေအံ့သော မိမိ၏ကံကြမ္မာကိုဝမ်းနည်း၍ ရှင်ရသေ့သည်၊ သည်းစွာငိုပြန်၏။အလောင်းမင်းသားကို ဖွားမြင်တော်မူ၍၊ ငါးရက်မြောက်သော်၊အမည်မှည့်အံ့သော၌။ နံ့သာရေစင်ဖြင့် ခုနှစ်ကြိမ် ချိုး၍ကိုးပါးသောရတနာအစုံထက်၌၊နေစေလျှက် ဗေဒင်သုံးကျမ်း ကမ်းတဘက်ရောက် တတ် မြောက်သော




လုမ္ဗိနီအင်ကြင်းတော၌ဘုရားလောင်းဖွားမြင်တော်မူပုံ

ပုဏ္ဏား တချော့ရှစ်ယောက်ကို မင်းသား၏ လက္ခဏာတော်ကို စစ်ဆေး စေတော်မူ၏။ ခုနှစ်ယောက်သော ပုဏ္ဏားတို့သည် လက်နှစ်ချောင်းကို မြှောက်၍ အရှင် သားသည် စကြဝတေးမင်း သော်ဖြစ်ငြား၊ ဘုရားသော်ဖြစ်လတ္တံ့ဟု ဟောကြကုန်၏။ သုဒဿနပုဏ္ဏားငယ်မူကား။ အရှင်သားသည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ အံ့ဘွယ် တဆယ့်နှစ်ချက်၊ တရာ့ရှစ် ကွက်သော စက်တော်အစုံဖြင့် ပြည့်စုံပါပေသည်၊ ဘုရားစင်စစ်ဧကန် ဖြစ်လိမ့်မည်။ သူအို, သူနာ, သူသေ, ရဟန်းဟူသော နိမိတ်လေးပါးမြင်သိ၍၊ သတိသံဝေ ရသဖြင့်မှ ဘုရားတောထွက်ပါလိမ့်မည်ဟု လက်ညှိုးတချောင်းသာမြှောက်၍ဟောကြား၏၊ မင်းသားအမည်နာမတော်ကို ရွေးချယ်ကြကုန်သော် အလုံးစုံသော လူနတ်တို့၏အလိုကိုပြီးငြိမ်းစေနိုင်မည်ဖြစ်သော ကြောင့်၊သိဒ္ဓတ္ထကုမာရဟူ၍မှည့်ကုန်၏ မင်းကြီးလည်း၊သား တော်စကြာမင်းဖြစ်မည့်ကိုသာအလိုရှိသဖြင့် သံဝေဂရခြင်း ကင်းအောင်။ပြည်တွင်းပြည်ပ၊တဂါဝုတ်လောက်သော အရပ်၌အနှံ့ စည်းကြပ်စောင့်ရှောက်စေ၍၊သူအို,သူနာ သူသေ ရဟန်းအသွင်ကို မြင်ရမည်ကိုမဆိုထားဘိ၊သတင်းစကားမျှ မကြားရအောင် စီမံအားထုတ်တော် မူလေသတည်း။

အလောင်းတော် မင်းသား ဖွားတော်မူ၍၊ ခုနှစ်ရက် မြောက်သောနေ့ဝယ်မယ်တော်သိရိမဟာမာယာဒေဝီသည် အိပ်ပျော်သော ယောကျ်ား ကဲ့သို့ များစွာ ဝေဒနာမရှိဘဲ စုတေခဲ့ပြီးသော် ဘုရားမယ်တော်တို့ ဖြစ်ရာ၊ တုသိတာနတ်



ဘုရားလောင်းမင်းသားအား၊ခမည်းတော်သုဒ္ဓေါဒနမင်းကြီးပဌမအကြိမ်ကန်တော့ပုံ။



ဘုရားလောင်းမင်းသားအား ကင်ပွန်းဥကင်တော်မင်္ဂလာပြုပုံ။

ပြည့်ဝယ် သဥ္စုသိတာ နတ်မင်းဖြစ်၏။

မယ်တော် နတ်ပြည်စံခဲ့သော် မိထွေးတော် ဖြစ်သော မဟာပဇာပတိ ဂေါတမီ မိဖုရားသည်။ သားတော် နန္ဒမင်းသားကို၊ နို့ထိမ်းတို့အား အပ်နှင်း၍ ဘုရားလောင်း မင်းသားကို။ မိထွေးတော်ကိုယ်တိုင်နို့တိုက်၍မွေးမြူတော်မူ၏။ ဘုရားလောင်းသိဒ္ဓတ်မင်းသားကိုဖွား၍၊ တလမြောက်သောအခါ၊ ခမည်းတော်မင်းတရားသည်၊ မူးမတ်ဗိုလ်ပါ၊ အခြံအရံဖြင့် လယ်ထွန်မင်္ဂလာ ထွက်စံ၊ စပါယ်တော်မူ၏။ ထိုအရပ်၌ ကြီးသော ဇမ္ဗူသပြေပင် ရင်းဝယ်၊ ခင်းကြင်းကာရံ စီခံ အပ်သောနေရာမြတ်၌၊ အလောင်းတော်မင်းသားကိုထားပေ၏။ အထိန်းအယ မိန်းမတို့သည်။ မင်းကြီး၏လယ်ထွန် သဘင်ကို။ ရှုမျှော်လျက် မေ့လျော့၍ နေစဉ်တွင်။ အလောင်းတော် မင်းသားသည်၊ သိပ်ထားသောနေရာထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူပြီးသော်။ အာနာပါနကမ္မဋ္ဌာန်းကို၊ နှလုံးသွင်း သဖြင့်။ ပဌမဈာန်ကို ဝင်စားတော်မူ၏။ ထိုအခါ အလောင်း မင်းသား၏ အာနုဘော်ကြောင့်။ ဇမ္ဗူသပြေပင်အရိပ်သည် နံနက်ကာလမှစ၍။ ညနေ မွန်းစောင်းသည့် တိုင်အောင်၊ မပြောင်းမယွင်းဘဲ၊ ဆိုင်းဝန်းအုပ်ဆဲကဲ့သို့ တည်၏။ နို့ထိမ်း မိန်းမတို့သည်။ သတိရသဖြင့်၊ တင်းတိမ်တွင်းသို့ ဝင်၍ကြည့် ရှုကြသော်။ အလောင်း မင်းသား၏ သမာပတ် ဝင်စားနေ သော အခြင်းအရာကို မြင်ကြကုန်သော် အထျင် တဆော သုဋ္ဌေါ ဒနမင်းကြီးအား လျှောက်ကြကုန်၏။ မင်းကြီးလည်း သားတော်မြတ်၏။ အခြင်းအရာကို။ ရှုမြင်သဖြင့်။ ရှင်ကြည်




မယ်တော်သိရိမဟာမာယာဒေဝီနတ်ရွာစံတော်မူပုံ၊

ညွှတ်ဟုပ် လက်အုပ်ချီမိုး၍၊ ရှိခိုးပူဇော်တော်မူ၏။ ဤကား နှစ်ကြိမ်မြောက်သော ခမည်းတော်၏ ရှိခိုးခြင်းတည်း။

ဘုရားလောင်းသည်။ ချွန်စ် နှစ်ရွယ် ရောက် လတ်သော် ရေပွဲသဘင် ပျော်ရွှင်စေခြင်း အလို့ငှါ။ ခမည်းတော် မင်း မြတ်သည်။ လှပတင့်တယ်။ ကြီးကျယ်သောရေကန် ၈ိုင်းကြ လေကုန်ဟုစေတော်မူ၏။ ထိုအခါ၊ သိကြားမင်းနေရာ၊ ပျော့ ကမ္ဗလာသည်။ တင်းမာသဖြင့်။ အကြောင်းကို ရှုသော်။ ဘုရားလောင်းမင်းသား ပျော်ပါးရန် ရေကံပြုလိုကြောင်းကို သိ၍။ ဝိသုကြို နတ်သားအား၊ ညွှတ်ခြင်း ဖန်ဆင်းစေဟု စေတော်မူ၏။

ဝိသုကြို နတ်သားလည်း။ မြို့လေးမျက်နှာ၌ သင့်၁ရစ်။ ပုလဲရစ်။ ဥဿဘာရားရစ်၊ ပတ္တမြားရစ်၊ ကြောက်မျက်ရွဲရစ် ဝံသဝဏ်ရစ်တို့ဖြင့်၊ ချွန်စ်ကန့်,ကန့်လျှက်၊ ကြာမျိုးချွန်စ်ပါးရှိ သော ရေကန်နှင့်တကွ။ ရတနာချွန်စ်ပါးအဝေးပြိုးသော၊ လှေ ဖေါင်, ကတ္တူ, သရဂူ,သမ္ဗာန် တို့ကို ဖန်ဆင်းထားခဲ့လေ၏။ နံနက်လင်းသောကာလ။ မင်းကြီးနှင့်တကွ တိုင်းသူပြည်သား အပေါင်းတို့သည်။ အလောင်းတော် မင်းသား၏ ဘုန်း,ကံ ကြောင့်၊ နတ်, ဖန်ဆင်းပေးသည်ဟု အံ့သြချီးမွမ်းကြကုန်၏။ တဆယ့်ခြောက်နှစ်ရွယ်ရောက်သော်၊ဘေးတော်၊ ဘိုးတော် အဆက်ဆက်တို့၌တကြိမ်တရံမျှ။ မစံစဘူး၊ထူးမြတ်လှသော ကာလသုံးစုံ၊ နွေဥတု၊မိုးဥတု၊ဆောင်းဥတု၊ အသီးသီးနှင့် လျော်သော် ရမ္မ,သုရမ္မ, သုဘအမည်ရှိသောစံနန်း ပြာသာဒ် သုံးဆောင်တည်ထောင်ဆောက်လုပ်၍၊နှင်းအပ်တော်မူ၏။




ချမ္မာရွှေနန်းကား ဘုံငါးဆင့်ရှိ၏ သုရမ္မရွှေနန်းကား။ ဘုံခုနှစ်ဆင့် ရှိ၏။ သုဘာရွှေနန်းကား ဘုံ ကိုးဆင့်ရှိ၏။

## လောင်းလျှာဗုဒ္ဓ ကိုးကွယ်ရာမှန် ရတနာစစ် ဗုဒ္ဓဖြစ်မည် မျှော်လင့်တောင့်တ ဦးနိုက်ကြ။

အဗ္ဗာယဟိတာယ၊ သုခါယဒေဝ၊ မနုဿာနံ။
ဗုဒ္ဓေါလောကေ၊ ဥပဇ္ဇတိ။


လူနတ်အများတို့၏ အကျိုးစီးပွား အလို့ငှါရင်း၊ ချမ်းသာခြင်း အကျိုးငှါ ရင်း။ အမှန်တရား လေးပါးတို့ကို သိမြင်တော်မူသော ဗုဒ္ဓဂေါတမသည်၊ ဤလောကဗျ၊ ထင်ရှားစွာ ပွင့်ထွန်း ပေါ်လာတော် မူမည်။ ထိုဘုရားရှင်သည် နတ် လူအများတို့၏၊ ကိုးကွယ်ရာ အမှန်ပင် ဖြစ်မည်။ အမှန်တရားလေးပါးကို နိုးကြား၍၊ သိတော်မူမည်၊ ကိုယ်တော်မြတ်၏ ဟောကြား အပ်သော တရားတော်ကို လိုက်နာကျင့်ဆောင်သူ၊ ရှင်,လူ,နတ်အများတို့လည်း အမှန်းတရား လေးပါးကို သိစေတော် မူလိမ့်မည်၊ နတ်, လူ အများတို့၏ ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ကိုးကွယ် ဆည်းကပ်ခြင်းကို ခံတော်မူထိုက်သော၊ အနန္တဂုဏ်သျှင်၊ သဗ္ဗညုတဉာဏ်တော်သခင် ဖြစ်တော်မူသောထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်သာ နတ်, လူ တို့၏ ကိုးကွယ်ရာ အမှန်အစစ် ဖြစ်ပေလတ္တံ့။



ရမ္မရွှေနန်းတော်ပုံ။



သုရမ္မရွှေနန်းတော်ပုံ၊




သုဘရွှေနန်းတော်ပုံ။

သုံးဆောင်ကုန်သော၊ နဝရတ်ရောင်။ ထိမ်ပြောင်ပြက်သန်း ဗိမာန်နန်း၌ သာကီထွန်းမြူး။ ညွန့်ဖူးဥက္ကာ လောင်းသိဒ္ဓတ်သည်၊မင်းတို့အနေ ကြက်သရေဖြင့်၊အထူး ရွှင်လန်းတော်မူလျက်။ သာကီနွယ် နန်းကညာ အပေါင်း တို့နှင့်။ ပျော်တော်မူအောင် ချော့မြူနှစ်ချိုက် အလိုလိုက်၍ အရွယ်ပျိုပျို စိတ်ပျိုပျိုနှင့် အလို ရှိတိုင်း၊ ခံစား၊ခံစား၍ နေတော်မူစေသတည်း။

ယသာ၊ ဘုန်းဂုဏ် အလုံးစုံဖြင့် ကြွယ်ဝ ပြည့်စုံသောလောင်းသိဒ္ဓတ် မင်းသားသည်၊ စင်စစ်တော့။ တပါးကုန်သော၊ ထီးဘွား၊ နန်းဘွား၊ မင်းသွီး များကို မိဖုရားကြီးအဖြစ်ဖြင့် လိုလား, နှစ်သက် စုံမက် မြတ်နိုးတော် မမူချေ။ သံသရာဘုံတခွင်မှာ အစုံအလင် ပါရမီ ဖြည့်ဘက် ဖြစ်တဲ့။ နှမတော် ယသော်ဓရာ ကိုသာလျှင် ရွေးဖူးစာကံ စိမ့်သဖြင့် မိဖုရားကြီး မြှောက်ရန် လိုလား နှစ်သက်တော် မူလေသတည်း။

သုဒ္ဓေါဒန မင်းကြီးသည်၊ သားတော်နှင့် စုံဖက် ထိမ်းမြားတော် မူရန် သွီးရတနာများ ပို့သ, လာပါ မည့် အကြောင်းနှင့် ရာဇသံရွေပေ စေလွှတ်တော် မူ၏။ ထိုအခါအသိဉာဏ် မွေးမြှိန်၍ သေးသိမ်သော စိတ်ထား ရှိလျက်။ ထီးနန်းမာန် တင်းတင်းနှင့်. မင်းဖြစ်၍ နေတဲ့ သူတွေက၊ သိဒ္ဓတ် မင်းသားကား။ တစုံတခုသော အတတ်ကိုမျှ။ သင်ကြားမှုမရှိ။ တတ်သိသည် မဟုတ်ချေ။ ရုပ်အဆင်းထိန်ထိန်တောက်သော်လည်း အားကိုး လောက်သော ပညာရှိသူ




သိဒ္ဓတ်မင်းသား၊ ရွှေနန်းစည်းစိမ် ခံစားတော်မူပုံ။

မဟာဇတ်ဟု သူတို့ အထင်ဖြင့် ပြောချင်တိုင်း ပြောဆိုကြလေ၏။

ထိုစကားကို မင်းကြီး ကြားသော် သားတော် အား တဆယ့်ရှစ်ရပ်သော အတတ်ကို သင်စိမ့် သောငှါ တိုက်တွန်းတော်မူ၏။

သားတော်ကား သင်ဘွယ်မရှိ။ ပဋိသန္ဓေ ကပင် တတ်မြောက် ပြီးပါပြီ။ ရှုလိုက မင်းရင် ပြင်ဝယ် ကြီးစွာသော တလင်း မင်းကွန်း ပြုစေမြီးလျှင်၊ ဗိုလ်တထောင် တင်မှ ရသော လေးတော်ကို အပ်နှင်းလေ၏။ လူ့ပြည်တွင် ဆန်းကြယ် ထွေထူး၊ မမြင်ဘူးတဲ့၊ အတတ်ပညာမျိုးစုံကို အထင်မလွဲရအောင်၊ ရဲရဲရင့်ရင့် ပြပါမည် ဘုရားဟု အတတ်ပညာအထူးတို့ကို ကြည့်ရှုတော်မူစေကုန်သတည်း။

လူတွင်ထွန်းဖျား သိဒ္ဓတ်မင်းသားသည်။ မင်းဝတ် တန်ဆာကို ဝတ်ဆင်လျက်။ ဗိုလ်ခြေ တထောင် တင်ဆောင်သော လေးတော်ကြီးကို ဆွဲကိုင်တော်မူလျက်။ ပရိသတ် ဗိုလ်ပုံ အလယ်ဝယ်။ တင့်တယ်စွာ ကြွရောက်လျက်။ ထူးကဲလွန်မြတ်သော လေးပညာ အတတ်ကို၊ အဆန်းတကြယ် အံ့ဩဘွယ် ပြတော်မူလေသတည်း။ထိုအခါ နှစ်သိန်း၊ လေးသောင်းရှိသော မဟာပထဝီမြေကြီးသည်။ ငုံ့လှုပ်၍၊ လျှင်တော်လဲ၊ ဆုညံ့ကြွေးဟစ်၊ မိုဃ်းကြိုး ပြစ်ခြိုး၊ ဒလိမ့် ဒလိမ့် ကောင်းကင် ငြိမ့်မှု တချိမ့်ချိမ့် မြည်ဟီးလေ သတည်း၊ အကျော်လေးသမားတို့ကိုလဲ မိမိကိုယ်တော်ကို အသီးသီး လေးတလက်စီဖြင့်၊ မပြတ် ပြစ်စေတော် မူလျက်၊ ပြစ်သမျှ




ဘုရားအလောင်းမင်းသား လေးအတတ်ကို ပြတော်မူပုံ။

မြှားကို မြှားတစင်းဖြင့် ပြစ်ခတ်ကာကွယ် ဖမ်းယူတော်မူ လေသတည်း။ ထို့နောက် အကျော်အမော် လေးဆရာကြီး တွေကို မြှားတစင်းဖြင့် ပြစ်ခတ်သော်။ ပညာတတ်ပြီး။ လေး ဆရာကြီးတို့သည် မခံနိုင်၊ ကြောက်လှ၍ မြေကြီးတုပ်ဝပ် ဝမ်းလျားမှောက်ခါ တောင်းပန် ကြရှာလေ၏။ ဘုရား အလောင်းဖြစ်သမျှ မြှားတို့မှာ စောင်းတန်းကြီး ပုံသဏ္ဍာန် မဏ္ဍပ်ကြီး ပုံသဏ္ဍာန်။ တိုက်အိမ်ကြီး ပုံသဏ္ဍာန်။ မြန် စာသူ။ ထူးဆန်းသော တံတိုင်းပုံ။ ရေကန် ကြီးပုံ။ ကြာပန်း ကြီးပုံ တို့ဖြင့်၊ တင့်တယ်စွာ မြင်ရပြီးနောက်။ တနိုင်းမပေါ် ခေါင်းမဖြူဝံ့။ ကြောက်ရွံ့လှမှ။ လေးအတတ်မှ တပါး။ လောကဘုံဗွေ၊ ရှိလေသမျှ အတတ် တို့ကို။ အမွမ်းကုန်။ ပရိသတ်ပွဲအလယ် တင့်တယ်ထင်ရှားစွာ ပြလေသတည်း။

ဤအခါမှ အဆင်းတင့်တယ် အရွယ်ကောင်းလှ သိုးလှ ကိုယ့်ရင်သွေးတို့ကို ချေတော်တင်၍ အလုပ် အကျွေးဖြင့်။ အပ်နှင်းပို့ဆက်ကြလေသတည်း။ ဝေဒေဟအစိုးရတဲ့။ သုပ္ပ ဇုဗ္ဗမင်းသည်လည်း သမီးတော် ဘဏ္ဍာနှင့်ကို အထိန်းအရေ မိန်းမကိုယ်ရံနှင့် တကွ။ ပို့သလေသတည်း။

ထိုအခါခမည်းတော်မင်းဖြတ်ကာ ငိမ္ဗာဖွေလျှော်၊ ယသော် ဓရာ။ နန်းလျှာနှင့်။ လက်ထပ်ရာ လမ်းစ၍၊ မေးမြန်း တော် မူလေသတဲ့။ ပါရမီနိုးဆော် ဖူးစာတော် ရေစက်ကြောင့် နှစ်သက်တော် မူသည်ဖြစ်၍။ ခမည်းတော် မင်းကြီးအား လက်ထပ်မင်္ဂလာခံယူတော်မူပါမည်ဟု၊ ငန်းခံချက်ကိုကြော မနှိုး ပေးတော်မူလေသတည်း။




ဘုရားအလောင်း ဘဒ္ဒကဉ္စနာမင်းသမီးနှင့် လက်ထပ်မင်္ဂလာပြုပုံ။

သာကီမျိုးစစ် ဖျံပြစ်ရုပ်ဝါ။ လှကညာချော။ ယသော်ဒေဝီ၊မဟောသိနှင့် ဖြတ်ထွန်းစင်ကြယ်သော နက္ခတ်၊ ထီးနန်းစဉ်လာ မင်္ဂလာ အခါကောင်း၌။ ပုဏ္ဏားတော်ရ စည်းဝေးပြုလျက်။ ရွေးချယ်တော် မူပြီးလျှင်။ ကမ္ဘာဝန်းကျင်။ မြေအပြင်၌။ မဖြစ်စဘူး။ မမြင်စဘူး။ အထူး တင့်တယ် သောမဟာဝိဝါဟမင်္ဂလာလက်ထပ်ပွဲကြီးကို၊ လူတွေ၊ နတ်တွေ၊ သိန်းရေသချာ။ ပြဟ္မာအကုန် ခ, ငန်းရံလျက်၊ သုံးဘုံတိုက်လုံး ရိုက်ချုံ့ဆူဝေ။ ပြုလုပ်ကျင်းပတော်မူလေသတည်း။

ဘုရားညွှန့်ဖူး မြိုက်ပန်း ခူးမည့် လွှန်ထူး လွန်မြတ်။ လောင်းသိဒ္ဓတ်သည်။ အလှရုပ်သွင် သူ့ပြင်မရှိ။ ယသော်သက်ဝေ။ နန်းညွှန့်ဆွေနှင့် လွှန်လေ များစွာ သံသရာက၊ ကုသိုလ်ပါရမီ၊ ဆုံခဲ့ပြီမို့၊ သာကီနွယ်ဘွား မင်းနှစ်ပါးတို့ သံသရာဇာတ်။ ကင်းပြတ်အလုံး၊ ဘဝဆုံး၌။ မေတ္တာပန်းခိုင်တူပြိုင်ဆုံတွေ့။ အချစ်ငွေ့လျှင်၊ မွေ့မွေ့ သိမ်သိမ် စည်းစိမ်ခံစား အချစ်ပွားလျက်။ တူစုံအားဖြင့် ပျော်ပါးတော်မူလေသတည်း။

သာကီဥက္ကာခ်ု မင်းသိဒ္ဓတ်သည်။ ငွေယံ တံဆိပ် ပုံနှိပ်ခတ်ထား။ ငှါးငှါးထွန်းပြောင်၊ လ,နန်း ဆောင်ကြီး ကဲ့သို့တင့်တယ် အေးမြတော် မူလှပေ၏။ မျောင်မျောင်ကိုရွှေးထောင်ယောင်နေကဲ့သို့ အရှိန်တံခိုး အလွန်ကြီးမြတ် တော်မူလှပါပေ၏။ လောကဓံ လေဖြင့် ခွဲသော်လဲ မရွေ့မယိုင်လေးကျွန်းလုံးဗဟိုရှ် မြင့်မိုရ်မတ္တုင်ကြီးနှင့်လည်း တူတော်



ဘုရားအလောင်း နိမိတ်ကြီးလေးပါး မြင်တော်မူပုံ။

ပါပေ၏။ နှင်းချိန်ချက်ခွင်း၊ နက်နဲခြင်းသဘောဖြင့် တောင်ထုံးကမ်းသုံး၊ တအုံးအုံးနှင့် လှိုင်းလုံးဝေဆာသော၊ သမုဒ္ဒရာပင်လယ်ကြီးနှင့်လည်းတူတော်မူပါပေ၏။

တနေ့သော် ဇံဟိဥက္ကန် အမြတ်ထွန်းထား၊ အလောင်းတော် မင်းသားသည်။ ပင်လုံး ကျွတ်ထွေ ခိုင်ဖူး ဝေ၍၊ ပန်းမျိုးစုံသော မင်္ဂလာ ဥယျာဉ်တော်သို့ဗိုလ်ပါစုံ တီးမှုတ်ချက်၊ ကြီးကျယ်စွာ ထွက်ကြွတော်မူလေသော် တောင်ခွေးသချင်၊ မှိုခိုအားထားရာ ဖြစ်သော ခြေတုံ၊ လက်တုံ၊ ဆံဖြူ သွားကြွေ နားထွေကထိုင်း ခါးလည်းကိုင်းတွဲ၊ စက်ဆုဘွယ်ရာ၊ လူအိုကြီးကိုနတ်တို့တံခိုးဖြင့် ဆော်နှိုး သွင်းဆောင်ကာ မြင်အောင် ပြကြလေသတည်း။

ထိုသို့ လူအိုကို မြင်တော်မူလေသော် ဘုရားလောင်းသည်၊ ဤသူကဲ့သို့ ငါတို့လည်းအမြဲ မလွဲဧကန် အိုရမည်၊ အမှန်ဟု၊ ဘဝင်ငုံ့လျှပ်၊ ကြောက်လန့် ပူဆွေးတော်မူ၍၊ ဥယျာဉ်သို့မဝင်ဘဲ လှည့်၍၊ ရွှေဗိမာန် ပြန်ဝင်တော်မူလေ၏။

ထိုနောက်တဖန်၊ လေးလ မြောက်သော အခါ၊ မင်္ဂလာဥယျာဉ်သို့ ထွက်တော်မူပြန်လျှင်၊ နတ်တို့က တဖန် သူနာဟန်ဖန်ဆင်း၍ ပြပြန်သဖြင့်၊ ငါတို့လဲအမှန် ဤသူနာကဲ့သို့ မချွတ်ဧကံ နာရဦးမည်ဟု သံဝေဂကြီးတဖန် ဖြစ်တော်မူပြန်၏။ ထိုနောက်၊ လေးလမြောက်တကြိမ် ထွက်ရာသယ်။ နတ်တို့ပင်သေဟန်ဖန်ဆင်း၍ ပြပြန်သဖြင့်၊ မသွေမုချ၊ တနေ့ကျ။ သေရမည်အမှန်ဟု သံဝေဂရတော်မူပြန်၏။

ထိုအခါ၊ ဇရာ၊ ဗျာဓိ မရဏတို့၏ ဖြစ်ပျက်မှု တရားကို စဉ်းစားတော်မူရင်း၊ ကိုယ်တော်တပါးခြင်း၊ အိပ်စက်တော်မူလေ၏၊ ထိုအခါဝယ်၊ တသောင်း ရွှေညီ။ ဆဲ့ခြောက်သိန်းကညာ ကုမ္မာရီတွင် တံဆာဝတ်၍ ထိန်ဝါ ပြိုးပြောင်လွှန်းများ မြောင်းကုန်သော၊ အငြိမ့်အဆို၊ အပျိုတော် တို့က လောင်းဘုရား ထံတော်သို့ သူ့အလျှင် ငါအလျှင် တိုးဝင်၊ ခ,စားကာ ယိမ်းတနွဲ့နွဲ့ တိမ်းငွဲ့မြူချိန်၊ သံတိုင်သံလေး၊ သံအေး သံပြော့ ဆိုအချော့တို့ဖြင့် ကိုယ်တော့အကြိုက်၊ စရိုက်အလို အပျိုဖြူတို့က ချိုမြှုချော့မော့ကြလေသည် ရှိသော်၊ ကုမ္မာရီတသိုက် အမေ တိုက်သဖြင့် ဘုန်းခေါင်ထွန်းဖျား၊ လောင်းမင်းသားသည်၊ အတွင်းရန်သူမာန်မူချောင်းမြောင်း၊ ကိလေသာ ရှမက်အပေါင်းတို့ကို ပယ်ရှား သုတ်သင်၊ ချတ်ထွင်တော် မမူရသေးသည်ဖြစ်၍၊ ချော့သူတွေ အလိုလိုက်၊ နှစ်ချိုက်စွာတပြုံးပြုံးနှင့် စိတ်နှလုံး နှစ်သိမ့်တော် မူရှာပြန်လေ၏၊ အရှိုက်စရိုက်၊ မှိုင်းတိုက်တိုင်းယိုင်ယိမ်း၍ ကတိမ်းကပါး မေ့မော၍ သွားရှာလေ၏။ နံ့ ပတ် ကျော့ကွင်း ညွှတ်အတွင်းမှာ စင်းစင်းကြီး နွှေလဲ၍ မပြေဘဲတတ်ကက်တော်မူရှာလေ၏။ ကိလေသာ လက်ကိုင် မလွှတ် ၎င်း ဖြင့် ရှိုင်တိုင်တိုင်လှုပ်ရှား၍နေကြကုန်သော ပုထုဇဉ် အမြှောင်သမားတို့သည်၊ ဤနည်းဖြင့် မသွေ၊ သဘောတရား နှင့်ကြလေကုန်သတည်း။

သူသေကိုမြင်ပြီးနောက်၊ ပြိုင်ဘော်ကုကင်း၊ ခြင်္သေ့မင်းတဲဆူ၊ ဖြစ်တော်မူသောလောင်းတော်ဥက္ကဋ္ဌ ဘုန်းသိဒ္ဓတ်သည်

ဦးသျှောင်တော်သို့ မျှော်မှန်း ရှုစားတော် မူခြင်းငှါ။ တွက် ဆောင်မူပြန်သည်ရှိသော် လမ်းခရီး၌။ဖန်ဝါသက်နုံး ဝတ်ဆင် မြန်းဘွဲ့ရှင်မြတ်ရဟန်းကိုကြည့်ရှုတွေ့မြင်တော်မူရလေသော် လေးပါးသစ္စာ မြင်အံ့ငှါဟု လွန်စွာ ပြည့်စုံသော လောင်း သိဒ္ဓတ်မင်းမဟာသည် နတ်တို့ဖန်ဆင်း၍ပြအပ်သော ရဟန်း ကို ဘုရားရှင်၏ အသွင်ကဲ့သို့ ထင်မြင် ရှုစားတော် မူလေ သတည်း။ထို ရဟန်းတော်ကို တွေ့မြင်ကာလ၊ လောင်းသိဒ္ဓတ် သည်။ မမြင်စဘူး အထူးနှစ်ချိုက် အားရ ဝမ်းမြောက်လှ သဖြင့်။ ပီတိဖြစ်ခြင်းဖြင့် ကိုယ်ကိုကို ကြည်ညို၊ လေ မြတ် စိတ်တော်ဝါတ်ဖြင့်၊ လက်အုပ်ချီမိုးဦးညွှတ် ကြိုးလျှက်။လူတို့ ဘောင်မှ လွတ်ရှောင် ကွဲမြန်း ထိုရဟန်းကဲ့သို့ ယုတ်မာ ညစ်ကြူး မကောင်းမှုကို ကင်းရှင်းစေဟု စင်ကြယ်အောင် ပြုပြီးလျှင်။ နိမိတ်အာရုံ ရှုသုံးပွားများ ဗျာန်ဝင်စားလျှက်၊ ဣန္ဒြေနိုင်မြဲစွာ နေတော်မူလေ၏။ ဤရဟန်းကဲ့သို့ တူစွာဖြစ် ရပါမူ။ ကြော်--ကောင်းလေစွ။ ကြော်-- ချမ်းသာလေငှဟု ကြံတော်မူ၍ ဤရဟန်းကဲ့သို့ လမ်းမှန်သင့်တင့်။ ကောင်းစွာ ကျင့်လျှာ်။ ဇာတိဇရာဗျာဓိမရဏ။ ဝဲညွှန်ဂရက်။ဆဲ့တချက် မှ။ လွန်မြောက်တော်မူစေအံ့ဟု။ ကိုယ်တော့ ဥာဏ်သွား မြင်ရှုစား၍ ကြံအားကြွယ်တော်မူလေသတည်း။


ထိုအခိုက်ဝယ် နတ်တို့တံဆာ ဝတ်ဆင်ရာ၏ဟု ကြံဆ တော်မူလေသော်နတ်တို့၏တံဆာအထူးကိုပိသုကြာနတ်သား အားဆင်မြန်းဆက်သတော်မူစေလေ၏။ ကိုယ် အင်္ဂါလုံး။ ရှုံ့ဆုံးအောင် အထူးတင့်တယ်၊ စံပါယ်တော် မှုခိုက်ဝယ်



ကိသာဂေါတမီ ဘုရားအလောင်း၏ တင့်တယ်ခြင်းကို ဥဒါန်းကျူးပုံ။

ပိမ္ဗာ နန်းပျော် မယ်ယသော်သည်၊ မြတ်သော ကြုံ့အခါ လ လက္ခဏာနှင့် ပြည့်စုံသော သားတော်မြတ်ရတနာကို ဘွားမြင်ဘော်မူကြောင်းဖြင့်၊ လောင်းတော်သိဒ္ဓတ်၊ ထံတော်ရပ်သို့၊ လျှောက်တင်တော်မူလေက၊ ရွှန်းလုံး တော်ဝယ်၊ ဆုပ်နယ်ချေမှုံး၍ ထားအပ်သော ပန်းကုန်းကဲ့သို့ တနှံ့နှံ့ပြေခွေလျှက်၊ ညှိုးနွမ်းတော် မူပြီးလျှင် ရဟန်းပြုရန် အကြံရှိလျှက်၊ ငါမင်းမြတ်အား ချည်နှောင်လေတဲ့ သံယောဇဉ်နှောင်အဖွဲ့သည်၊ဖြစ်ပေါ်ခဲ့လေပြီတကားဟုနှုတ်တော်ထွက်၍၊ မိန့်မြွက်သော အသံကို ကြားရသဖြင့်၊ သားတော်ကို၊ "ရာဟုလာ" ဟု ခေါ်ဝေါ်ကြလေကုန်သတည်း။ လောင်းတော်မြတ်သည်၊ စိတ်ညှိုးနွမ်းလျှက်၊ ယာဉ်တော်ကိုစီးပြီးလျှင်၊ စံနန်းပြာသာဒ်သို့ ထွက်ကြွတော် မူလေလျှင်၊ ကိသာဂေါတမီနှမယ်သည်၊ လောင်းလျာသိဒ္ဓတ်မင်းတော်မြတ်၏ တင့်တယ်ပုံ အရပ်ရပ်ကို ရှုမြင်တော် မူလတ်သော် မိခင်ဘခင်တို့သည်၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်း ချမ်းသာ လွန်စွာနှစ်သိမ့်ပေလိမ့်မည် တကားဟု၊ကြင်ရာမြှောက်ထား၊ ငြိမ်းရာလည်း ရှုလို့မပြေ ကြက်သရေ ရှိစွဟု ဆင်းရဲ ခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာ လွန်စွာနှစ်သိမ့်ပေလိမ့်မည်ဟု၊ဝင်ခါးကို ဖွင့်၍ ကျူးရင့်တော် မူလေသတည်း။

ထိုအသံကိုကြား၍၊ များစွာ နှစ်သိမ့်တော် မူခြင်းကြောင့် အလောင်းတော်မင်းသားသည်၊ အဘိုးတသိန်း တန်သော ပုလဲသွယ်ရတနာကို နှမတော် ကိသာဂေါတမီထံ၊ အမြဲဆင်မြန်းဘော့ဟု ရွှင်လမ်းစွာ ပို့သစေတော်မူလေ၏။




ဘုရားအလောင်း ကိသာဂေါတမီ မင်းသမီးထံ ပုလဲသွယ်ရတနာ သခိ ၁၀ ပုံ။

နန်းတော်အရောက် ကြမြန်းတော်မူ၍၊ စက်ရာ ထက်၌ ငြိမ်ငြိမ်သက်သက်။ ရှု မျှော် လျှောင်းစက်တော်မူသော အခါ၊ အာသာ ကင်းပြတ် နှလုံးပါတ်က ဗောဓိ ဉာဏ် အထူးကို ဆွတ်ရူးမည့် ကြံပြား ထွန်းမင်းဖျားသည် ဟောန်း ပြုရန်၊ ကြံစည်တော်မူသောကြောင့်၊ ဂီတတီးလာ မှုကညာ တို့ကို ငြီးငွေ့တော်မူရှာလေ၏။

ဤသို့ ငြီးငွေ့တော်မူလျက်၊ ဤ နန်းတော်ကြီးကို စွန့်ခွာ ထွက်မြောက်၍ ရဟန်း ကြက်သရေကို၊ ဆောင်ရ ပါအံ့ဟု တောထွက် လိုတဲ့အရေး ကြံတွေး ဆင်ခြင်တော် မူသည့် အဘုင်း၊ ကချေသည်မိမ္မတို့၏ အိပ်ပျော်နေသည်ဝယ်၊ သူသေ တို့ကို အကောင်လိုက် ပြစ်ထားသကဲ့သို့ သုသာန် သင်္ချိုင်း သဘွယ်၊ မတင့်မတယ်သော အဖြစ်အပြက် ညှိဟောင် ပုပ် သိုး၊ မကောင်းသော အနံ့ဆိုး တို့သည်။ မခံနိုင်အောင် နံစော်၍ နေလေ၏။ ထိုသို့ မတင့်မတယ်။ ပျို့အံ ကြောက် လန့်ဘွယ်ကို ရှုတော်မူ၍၊ ပုထုဇဉ်တို့၊ အကောင်းထင်သည့် ဘုံသုံးခွင်လောကကို တပ်မက် ဘွယ်ကင်း ထိပ်လန့် ခြင်း အပြင်းအထန် ငြီးငွေ့သောစိတ်ဖြင့်၊ သုံးပါးသော ဘုံတိုက် နယ်ကို၊ မီးလောင်သော အိမ်ကြီးကဲ့သို့ အမှန်းတင် မရ၊ ကြောက်လန့်ဘွယ်စစ်စစ်ကြီးဟု၊ ရွှေဉာဏ်တော် အမြင်ရင့်၍ အဆင်သင့် ထင်လာတော် မူလေသတည်း။


လေရူးဆော်နှိုးအခိုးပြောင်ပြောင် တောမီး လောင်၍နေ သော မီးပုံကြီးအလယ်၊ လွတ်ပေါက်ရှာ၍ထွက်ပေါက်ကို ရှာသောဆင်ပြောင်ကြီးသည်၊ မီးဘေးကင်းရာထွက်ပေါက်



ဘုရားအလောင်း ရွှေနန်းစည်းစိမ်ကို ငြီးငွေ့တော်မူပုံ။

ကိုဖွာ၍ ရှောင်ခါထွက်သကဲ့သို့၊ လူတို့ထွတ်ခေါင်၊ ဘုန်းရောင်ပွင့်လင်း သိဒ္ဓတ်မင်း၏ နှလုံးတော် ရင်တွင်းဝယ်။ နန်းဆောင်လယ်မှာ၊ ဝန်ဘေးကင်းအောင်။ အတင်း ရှောင်၍လွတ်အောင် ထွက်တော်မူခြင်းအကျိုးငှါ ညွတ်ကိုင်း ငိုင်းဖြတ်တော် မူလေသတည်း။


ဆန္ဒအမတ်သည် အရှင်းပွတ်သစ်ကဲ့သို့ ဖြူနစ်သော အဆင်းရှိသော၊ ကဏ္ဍကမြင်းတော်ကို၊ က,လေသော် မြင်းတော်သည် အားသန် ရွှင်လန်းစွာ ဟီလေ၏။ ဟီသံသည် ကပိလဝတ်ပြည်အလုံးကို လွှမ်း၍သွားသော်လည်း နတ်တို့ ပိတ်ပင်သော အားဖြင့် မည်သူ တယောက်မျှ မကြားကြကုန်။ ဘုရားလောင်း မင်းသားလည်း ဘွားမြင်သော သားတော် ရာဟုလာကို ရှုလိုသောအကြံတော်ရှိ၍၊ ယသော်ဓရာမိဖုရားစံမြန်းသော ရွှေနန်းကြက်သရေဆောင်သို့ဝင်၍ကြည့်တော်မူလျှင်၊ နံ့သာဆီမီးရောင်ဖြင့် ထွန်းလင်းလျက် ပန်းတို့ဖြင့် ပြွမ်းသော ရတနာသလွန်ပေါ် ဝယ်၊ သားတော် ရာဟုလာ၏ ထိပ်ထက်၌ လက်ထား၍၊ စက်ပျော်သော ယသော်မိဖုရားကို မြင်တော်မူ၏။ ထိုအခါ၊ ငါသည် သားတော်ကို ယူ၍ ကြည့်ငြားအံ့။ ယသော် မိဖုရားနိုး၍၊ တောထွက်အံ့သောအကြံသည် အထမမြောက် ရှိခြေတော့မည်ဟု ကြံ၍ ရပ်လျက်သာကြည့်တော်မူပြီးမှ လျှင်စွာပြန်ခဲ့၍၊ မြင်းတော်ကဏ္ဍကရှိရာသို့သွားပြီးသော်၊ ငါ၏တောထွက်ခြင်း၌ ကူပံ့လော့ဟုဆို၍ လက်တော်ဖြင့် သုံးကြိမ် သပ်တော် မူလျှတ်မြင်းကျောက်ကုန်းထက်သို့ တက်တော်မူလေ၏။



ဘုရားလောင်း သားတော် 'ရာဟုလာ' ကိုကြည့်တော်မူပုံ။

ဘွားမြင်မြောက်သော် ဆဲ့ခြောက်နှစ်ရှယ် ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း ထိမ်းမြန်းပြီးလစ်ဆဲ့ သုံးနှစ်လျှင်၊ဘုန်းသစ်လျှံလူ၊စံတော်မူ၍၊ ရှယ်မူနုဖြိုး၊နှစ်ဆယ့်ကိုးဝယ်။ လေးမျိုး နိမိတ် နတ်ပြ ဟိတ်ကြောင့် ရွှေစိတ်တပုံ သံဝေထုံက၊ ကဆုံလပြေ့ ကျွားမင်းနေ့ဝယ် ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်။ စုံမြိုင်ပင်ရိပ် ခမ်းမှာကိုး

ဘုရားလောင်းသည်၊ မြင်းတော် ကဏ္ဍကကိုစီး၍ တောထွက်တော်မူလေသော် ဆန္နအမတ်လည်း မြင်းမြီးကို ဆွဲလျှက်လိုက်၏။ မြင်း၏ ခြေသံကို ကြားမည်စိုး၍ ခြေချတိုင်းချတိုင်း၊ နတ်လေးပါးတို့ လက်ဝါးဖြင့် ခံကုန်၏။ ဗိုလ်တာထောင်ဖွင့်မှ ပွင့်နိုင်သော မြို့တံခါးတို့သည် နတ်တို့ ဖွင့်နှင့်၍ အသင့်ပင် ထွက်တော်မူရ၏ မြို့တော်မှ ထွက်လျှင်ပင်။ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ် မင်းလာ၍ ခရီး၌ ရပ်ပြီးသော် သိဒ္ဓတ် မင်းသား ယနေ့မှ ခုနှစ်ရက်ကြာလျှင်သင့်အား စကြာရတနာ ရောက်လိမ့်မည်၊ လေးကျွန်ကို စိုးပိုင် ရလိမ့်မည်။ နန်းတော်သို့ ပြန်၍ စံတော် မူဦးဟု တား,လင့်၏။ ဘုရားလောင်းက။ ဟယ် မကောင်းသောမာရ်နတ် လောကီ စီးစိမ်ကို၊ တံတွေးပေါက်ကဲ့သို့ ငါရွံရှာ၍၊ငဲ့ကွက်ခြင်းမရှိဘဲ စွန့်ပစ်ခဲ့သည်ဟု ဆို၍၊ မတန့်မရပ် ထွက် တော်မူ၏။ နတ်အပေါင်းတို့သည်၊ မီးရှူးမီးတိုင်တို့ကို ညှိထွန်းလျှက် ပန်းနံ့သာအထုံအခိုးတို့ကိုတဖြိုးဖြိုးကျစေလျှက်စောင်းညှင်းပတ်သာ တူရိယာတို့ဖြင့် သာယာစွာ တီးမှုတ်ကာ ပူဇော်လျှက် လိုက်ကြကုန်၏။



တောထွက်တော်မူသော ဘုရားအလောင်းအား၊ မာရ်နတ်တားပုံ။

ငါသည် ဘုရားဖြစ်တော်မူပြီးသော် မျှားပြား လှစွာ ကျွတ်တမ်းဝင်ထိုက်ကုန်သော၊ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့၊ မြပ်ကြ၊ မြောကြ၊ လောကပြင်ကျယ် ဝဋ်ပင်လယ်မှ၊ မအိုမသေ၊ အမြဲနေရတဲ့၊ အမတမည်ခေါ် ရွှေပြည်တော်သို့ မဂ္ဂင်ဖောင် ကြီးဖြင့်၊ ဆင်းရဲဝဋ်မှ ကင်းလွတ်ကြအောင် ပို့ဆောင်ကယ်တင်တော်မူအံ့သတည်း။

အလောင်းတော်မြတ်သည် ယူဇနာသုံးဆယ်ခရီးအလွန် အနော်မာမြစ်ကို တွေ့လေလျှင် ငါ၏ ရဟန်း ပြုခြင်းသည် မြင့်မြတ် ကောင်းမွန်သည်သာ ဖြစ်လတ္တံ့ဟု နိမိတ်ယူ၍၊ မြစ်ကိုကူးစေ၏။ မြင်းတော် ကဏ္ဍကသည်၊ ဆန္နအမတ်နှင့် တကွသော ဘုရားအလောင်းကို၊ လေ၏လျှင်ခြင်းဖြင့်ဆောင်၍၊ အနော်မာမြစ်၏ထိုမှာဘက်ကမ်း၌၊ တည်စေ၏။ ထိုအခါ ဘုရားလောင်းသည်။ မြင်းတော်မှ သက်၍။ ဆန္နအမတ်ကို ခေါ်ပြီးသော် ဒုတ်ဆင်တော်မူသောတံဆာနှင့်မြင်းတော်ကို အပ်၍ နေပြည်တော်သို့ သင် ပြန်လော့ဟု စေတော်မူ၏။ ဆန္နအမတ်လည်း မပြန်ရမည့် အကြောင်းနှင့် တောင်းပန်သည်ကို ဖြောင်းဖြတော်မူ၍။ ခမည်းတော် မယ်တော်တို့အား သတင်းစကား ကြားသိ ရအောင် ပြန်ချေဟု စေတော်မူသဖြင့် ပြန်လေသော်၊ အနော်မာမြစ်တဖက်သို့ရောက်လျှင် ကဏ္ဍကမြင်း စုတေ၍၊ တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်လေ၏။ ဆန္နအမတ်လည်း မြင်းတော်ကို အနော်မာမြစ် သဲခုံ၌ သဂြိုဟ်ခဲ့ပြီးမှ၊ ကကြိုးတံဆာကို ထမ်းလျက် လမ်းတချောက်လုံး ငိုယိုကာ ပြန်လာ သဖြင့် နန်းတော်သို့



အနော်မာသောင်ယံ၌ ဘုရားလောင်း ဆံတော်ပယ်ပုံ။

ရောက်သော် ခမည်းတော်၊မယ်တော် ယသော် ဒေဝီတို့အား အကြောင်းကိုပြန်ကြား၍နန်းသူ-နန်းသား အပေါင်းတို့သည် ဆောင်း သောင်းညှံမှု၊ ငိုကြွေးကြွေးကုန်၏။

သင်တို့သခင် အရှင်ထာဆူင ါတမူကား၊ သူတော်တက• တောင့်တ, စွာဖြင့် ဖန်ရေဆိုးချော် သင်္ကန်းတော်ကို ဝတ်ရုံ ဆောင် ရွက်ထော် မူလျက်၊ အနော်မာ သောင်ဆွယ်မှာ ကာမဂုဏ်ဘောင် အာရုံ မှောင်ကို ပယ်ရှောင် ဖြတ်သန်း၊ မြတ်ရဟန်းပြုတော်မူအံ့၊ တအိုအို၊ တသောသော ဆင်းရဲထွေ၊ တောထတဲ့ထိုဘဝ၊ဤဘဝအစမဆုံ ထွေးလုံးရစ်ပတ်၊အမြစ် မပြတ်သော အနှောင်အဖွဲ့ကြီးမှ မတွယ်မတာစင်ကြယ်စွာ လွတ်မြောက်၍ အထွန်ဆုံးသို့ ရောက်တော် မူအံ့သတည်း။

မြဟ္မာနတ်လူ၊ ဘုံသုံးဆူဝယ်၊ ပြိုင်သူကင်းဆိပ် အထွတ် စင်စစ်၊အမှန် ဖြစ်က၊ သတ္တာလေးရပ် ကိုင်လှမ်း ဆွတ်ခြူ သယ်နှုဥက္ကန် ဘုရား မြတ်သည်၊ မုက္ခမသွေ ဖြစ်ရလေ တော့အံ့ သတည်း၊ ဤသို့မသွေ ဖြစ်ရပေသော် လောက ဥဿျောင် င ါဘုန်းခေါင်သည်၊ ဗြဟ္မာသောသော လူရော နတ်ပါ၊ သတ္တဝါကို ဆင်းရဲမိုးရှိန် ထိန်ထိန် လောင်စွဲ၊ နှောင်အိမ်ထဲမှ၊ ကျွတ်ကြောင်း၊ လွှတ်ကြောင်း ဝန်ပေါင်း ကင်းစေ၊ ချွတ်ချွေကယ်တင်တော် မူအံ့သတည်း။

နန်းတော်သို့ ရောက်၍ မောင်ဇ ဈော်ဘက်တင်တော် မူ သည့်မှာ၊ ကျွန်တော်မျိုး၏ ချစ်ချစ် ခင်ခင် ငယ်ရွယ် စဉ်က အရှင်တဆူ ဖြစ်တော်မူသော သိဒ္ဓတ္ထမင်းသားသည်၊ တိုင်း

သူပြည်သားအများ စက်လှေျာင်း ခါကောင်းချိန်မှန် သန်း ခေါင်ယံ၌ သူဘယ်ပါးကို သိစေတော် မမူဘဲ။ ကျွန်ယုံသွား ဘက်၊ လွှိုင်ဘက်ခွက်ဘော် ဘုရားကျွန်တော်နှင့် သားတော် ရတနာ 'ရာဟုလာနဲ့ ပိမ္ဗာရွှေလှော် ယသော် ထိပ်ထား မိရားကိုလဲ သနား ဟုန်လျှက် မငဲ့ကွက်ဘဲ တောထွက်၍ သွားပါပြီဘုရား၊.

ခမည်တော်မင်းမြတ်က။ အို---- တိုင်းသူ ပြည်သား မှူး မတ်များတို့ လောင်းတော် သိဒ္ဓတ် သားတော် မြတ်သည်။ ငါခမည်းတော်ကိုလဲ မညှာ၊ ယသော်ဓရာကိုလဲ မထောက် ရာဟုလာကိုလဲ မငဲ့ကွက်ဘဲ၊ ရက်စက်စွာကိုယ်ကောင်းကြံ၍ အဘော်အလျှင်း၊ တကိုယ်ချင်းသာလျှင် ထိန်းကိုစွာ မြို့ရွာ နှင့်ဝေး၊ တောမြိုင်ကြေးသို့ ရဟန်း အလေ့ ပျော်မွေ့ ရ အောင်။ တိမ်းရှောင်ထွက်သွားခဲ့လေပြီ။အို---တိုင်းသူပြည် သား မှူးမတ်များတို့ စကြာမောင်းနှင် ဘုရင်ထွန်းဖူး အ မြတ်ထူးကို မြင်ရအောင်စောင့်စား၍ မျှော်လင့်သော်လည်း၊မြင် ရတော့မည် မဟုတ်ချေ။ ငါတို့တတွေ ထ, မမြောက်ဘဲ။ ထင်ချက်လွဲ၍။ ကံနဲ့ရခြင်းသည်။ တွေးလေ၊ တွေးလေ။ စိတ် မပြေအောင် မျက်ရည်စီးကျ၊ ဩော်----- ဝမ်းနည်းဘွယ် ကောင်းလှပါပေ၏ တကား။

နန်းသူ့ မျက်ပျော် မယ်ယသော်က ဟိုအတိတ်တာ နန္ဒ ဘဝထိုထိုကိုပင် အုံးနှလုံးရန် ရွှေဖူးစာ နှံ့တုံးက မယ့်ဘံ မောင့်ကံ၊ ကံ့နှစ်ဘ်လုံး၊ ပြိုင်မနှုံးရော့ထင့် မောင်ကြီးလေ၊ မောင်ကြီးလေ။ဩော်-မယ့် မောင်ကြီးဘုန်းဝေဝေ။ မယ့်ကို

မသနား၊ ရွှေရင်တော်ဖွား သားကိုလဲမချစ်ခင်၊ တောင်ငံဂနိုင်ဟိုမြိုင်ယံသို့၊ ဝင်စံတော် မူသောကြောင့် မောင်ကြီးကဲ့ပမာ၊ ဖန်ရည်ဆွတ်တဲ့ဝတ်ထည်လွှာကို ဖုံးလွှမ်းဝတ်ရုံကာ၍ ဒွါဒယာမဆင်၊ ပန်းနံ့သာမရင်ဘဲ၊ နေရှင် ရိပ်လွဲ ပွဲတော်လည်းမယ်မတယ်ဘူးမောင်။ ဩော်--မောင်ကြီးရဲ့အကြိုက် သုခရိုက်ဒိ အမြင့်ကိုရှောင် အနိမ့်ဆောင်က မပျော်တချက် ပျော်တချက်နဲ့ ခြင့်ဆလို့ အတွေးပေါ်။ စက်ပါသော် မယ်မရပါကလ စီးထွေထွေ မျက်ရည်စတွေနဲ့။ အပူတွေ ဆူဝေလှပြီရှင့်၊ နန်းတော်မှာ မှန်းမျှော်ဆမိတယ် မြို့သူတွေ အကုန်ရှုံးရတဲ့ နေတန့်း အသွင် ပျိုထိပ်တင် သခင်ကြီး ဘုရား။

ဆန္ဒအမတ် မပြန်မီ၊ အလောင်းတော် မင်းသားသည် မကိုဋ်နှင့်တကွသော ဆံတော်ကိုဆွဲတော်မူလျှက်၊ သန်လျက်ဖြင့်ဖြတ်၍၊ငါသည်ဧင်စစ်ဘုရားဖြစ်မည်မှန်မူ၊ဆံတော်သည် မြေသို့မသက်ဘဲ အထက်ကောင်းကင်၌ တည်စေ သောဟု မိန့်ဆို၍ ကောင်းကင်သို့ လွှင့်မြှောက် တော်မူသော် တယူဇနာလောက် အရပ်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်၏။ ထိုဆံတော်ကိုသိကြားမင်းသည် ရတနာပန်းတောင်းဖြင့် ခံယူ၍ နတ်ပြည်၌ "စူဠာမဏိ" ပုထိုးတော်တည်၍ ကိုးကွယ်၏။

ဘုရားလောင်းသည် ကောင်းမြတ်သော ကာသိတိုင်းဖြစ် ပုဆိုးသည်၊ ရဟန်းတို့နှင့် မလျှောက်ပတ်ချေဟု အကြံတော်ဖြစ်သော် ဃဋိကာရဗြဟ္မာမင်းသည် ပရိက္ခရာရှစ်ပါးနှင့်တကွသော ကြာသင်္ကန်း အစုံကို ယူလာ၍ ကပ်၏။



ဘုရားလောင်းဆံတော်ကိန်းရာနတ်ပြည်၌ စူဠာမဏိစေတီ။ ဝတ်လဲတော်တည်ရာဗြဟ္မာပြည်၌ 'ဒုဿစေတီ'

ဘုရားအလောင်းသည်။ကာသိကရာဇ်တိုင်းဖြစ်ပုဆိုးကိုလဲ၍ ထိုပရိက္ခရာကြာသက်နှင်းဖြင့် ရဟန်းပြုတော်မူ၏။ ဃင်္ခကာရ ဖြပ္ပာလည်း တော်မူသောပုဆိုးကိုယူ၍ ဖြပ္ဖာ့ပြည်သို့ ဆောင်ပြီးသော်။ အကေနိဌာဘုံ၌၊ ကိုးပါးသော ရတနာအတိ ပြီးသော အုပ်တို့ဖြင့်၊ "ဒုဿစေတီ" တည်ထား ကိုးကွယ် လေသတည်း။

ဘုရားလောင်းသည် ရဟန်းပြုရာ အရပ်အနီး၌၊ ကြီးစွာ သော အနုပိယ သရက်တောသို့ ဝင်တော်မူ၍။ ခုနစ်ရက် လွန်ပြီးသော်။ ယူဇနာ သုံးဆယ်ရှိသော ခရီးကို နေ့ခြင်း သွား၍ ရာဇဂြိုဟ်ပြည်သို့ဆွမ်းခံ ဝင်တော်မူသည် ထိုအခါ ဘုရားလောင်း၏ အဆင်းတော်ကိုမြင်လျှင်၊ ကြည် ရွှင်ဝမ်း သာရှိကြ၍ ပြည်အလုံး ခြောက်ခြား၏။ ဗိမ္ဗိသာရ မင်းကြီး လည်း၊ သုဒ္ဓေါဒနမင်းကြီး၏သား ဘုရားလောင်း အဖြစ်ကို သိလေသော်အထံတော်သို့ကပ်၍၊ပြည်တော်ထက်ဝက်ပေး အပ်ပါမည်၊ အသက်နုနယ် ငယ်ရွယ်ပါသေးသည်၊ တော မထွက်ပါနှင့်၊ မင်းပြု၍ စံစားပါဦးဟု လျှောက် ထား၏။ ထိုစကားကို ကြားလျှင်၊ အဆွေမင်းကြီး ပြည်စီးစိမ်သည် သံသရာ၌၊ နစ်မွန်းရခြင်းအကြောင်းသာ ဖြစ်ချေသည်၊ဘင် ဒိမ်၌၊ လောက်, တံထွေးပေါက်ပမာ ရွံရှာတော် မူလှ၍၊ ငါစွန့်ခွာခဲ့သည်ဟု မိန့်တော်မူ၏။ ထိုစကားကို ကြားသော် ဗိမ္ဗိသာရမင်းကြီးသည် ဝမ်းမြောက်စွာ သာရခေါ် ပြီးလျှင် အရှင်သိဒ္ဓတ္ထ ဉာဏ်ဖြောင့်မတ်စွာအား ထုင်ပါလော့၊ သင် ဘုရား ဖြစ်လျှင်အကျွန်ုပ်ပြည်သို့ရှေ့ဦးစွာကြွတော်မူပါဟုလျှောက် ၏။ ဘုရားလောင်းသည် ကောင်းပြီဟုဝန်ခံတော်မူ၏။



ဘုရားအလောင်းနှင့် ဗိမ္ဗိသာရမင်းကြီးတွေ့ပုံ။

အလောင်းတော် မြတ်သည် ထိုအရပ်မှ၊ အစဉ်အဖြင့် ကြွတော် မူသသော်။ တခုသောတောအုပ်၌ လောကီဈာန်ကို စီးဖြန်းနေသော 'ကာလာမ'အမျိုး၌ဖြစ်သော အာဠာရ ရသေ့ထံသို့ ကပ်ပြီးလျှင်၊ ဈာန်သမာပတ်ကို နှီးနှော၍ အား ထုတ်သဖြင့် လောကီဈာန်ခုနစ်တန်ကိုရတော်မူ၏၊ ထိုနောက်မှ ဥဒကရသေ့ထံသို့ကပ်၍ အထက်ဈာန်ကို စီးဖြန်းဖြန်သော် ရှစ်တန်သောသမာပတ်ကိုရတော်မူ၏။ ဤရှစ်ပါးသော၊ သမာ ပတ်တို့သည် မြတ်သော သမ္ဗောဓိဉာဏ်၏ အကြောင်း မဟုတ်ချေ။ အကြောင်းကို ရှာတွေ့ဦးမှ သင့်ချိမ့် မည်ဟု၊ အကြံတော်ဖြစ်၍။ တဖန်၊ ဥရုဝေလတောအုပ်သို့ ကပ်တော် မူ၏။

ဘုရား လောင်းသည် ဥရုဝေလ တောအုပ်သို့ ရောက် သော်၊ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ၊ အမည်ရှိကုန်သောပဉ္စဝဂ္ဂီတို့နှင့်တွေ့လေ၏။ ဂ္ဂီထိုပဉ္စဝဂ္ဂီတို့လျှင် အလုပ်အကျွေးရှိသည်ဖြစ်၍၊ ဘုရားလောင်းသည် တနေ့လုံး ကို ဆွမ်းတလုပ်ဖြင့် သာရင်း၊ သစ်သီး တလုံးဖြင့်သာရင်း၊ နှမ်းတစေ့၊ ဆံတစေ့ဖြင့်သာရင်း၊ နေ့ရက်ကို လွန်စေခြင်း အလျှင်းပင် အဟာရကို မမှီဝဲဘဲ ဖြစ်ခြင်း၊ စသည်တို့ကို ပြုကျင့်တော် မူသဖြင့် ကိုယ်တော်ကြုံလှီစွာ ရှိရကား၊ လက္ခ ဏာတော်ကြီး လက္ခဏာတော် ငယ်များ၊ ကွယ်ပျောက်၍ အလွန်ပင်ပန်းလှ၍ စင်္ကြံတော်ဦး၌ လဲတော်မူ၏။ ထိုသို့ လဲ တော်မူသည်ကိုမြင်သောနတ်တို့သည် သုဒ္ဓေါဒနမင်းကြီးထံ



ဘုရားအလောင်း အာဠာရ၊ ဥဒကတို့နှင့် တွေ့ပုံ။

သွား၍ ဘုရားလောင်း သေပြီဟု ကြားကြ၏။ ခမည်းတော် လည်း ဘုရားမဖြစ်ဘဲ ငါ့သားမသေနိုင်ဟု ယုံတော်မမူဘဲ။ ယင်းသို့ ဘုရားလောင်းသည် ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်တိုင်အောင်၊ ကျင့်တော်မူပြီးမှ ငြိုငြင်စွာသော အကျင့်ဖြင့်၊ ဘုရားအဖြစ်သို့ မရောက်နိုင်ရာ။ ယခုငါသည် အဟာရကို မှီ၍စေလျက်။ ကိုယ်လက် ဖြည့်တင်း၍ သဒ္ဓါ နှင့် ပညာ၊ ဝိရိယနှင့်သမာဓိကို မှီ၍စေတော့ဟု ကြံ၍လျက် မြို့ရွာသို့ ချဉ်းကပ်၍ ခံအပ်သော ဆွမ်းကို ဘုန်းပေး တော်မူ၏။ ထိုအခါမှ၊ မဟာပုရိသ လက္ခဏာတော်တို့သည် ပြကတေ့ အတိုင်း ပေါ်လာပြန်သတည်း။ ထိုအခါ ပဉ္စဝဂ္ဂီ တို့က သိဒ္ဓတ္ထ မင်းသားသည်၊ အလွန် ငြိုငြင်စွာ ကျင့်သည် ကိုမှ ဘုရားမဖြစ်နိုင်၊ ယခုအဘယ်မှာဖြစ်အံ့နည်းဟုဘုရားလောင်း ကို စွန့်ခွာ၍ မိဂဒါဝုန်တောသို့ ထွက်သွားကြဟုန်၏။

ပဉ္စဝဂ္ဂီတို့သည် ဘုရားအလောင်းကို စွန့်ခွာ သွားသည် နောက်မှ ကိုယ်တော် တယောက်ထည်း ကျင့်တော် မူ၍၊ သက္ကရာဇ်၁၀၃-ခုနှစ်ကဆုန်လဆန်း၁၄-ရက်။ အင်္ဂါနေ့ ညတွင် အိပ်မက်ကြီးငါးအင်ကို မြင်မက်တော် မူ၏။ အိပ်မက်ကြီး ငါးပါးကား။ မြေအပြင်ကိုအိပ်ရာပြု၍ ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက်။ အရှေ့၊ အနောက် သမုဒ္ဒရာ အပြင်ထက် လက်တော်ကို ထားပြီးသော် ခြေတော်ကို တောင်သမုဒ္ဒရာ ထက်၌တင်လျက်၊ စက်တော်မူသည်ဟု မြင်မက်သည်လည်း တပါး၊ သန္တာခနီ အဆင်းရှိသော တိရိယ မြက်သည် ချက် တော်မှအောက်၍ ဘဝဂ်သို့ ရောက်အောင် တက်သည်ဟု



ဘုရားလောင်း ဥရုဝေလတော၌ ဒုက္ကရစရိယာကျင့်တော်မူပုံ။

မြင်မက်သည်လည်းတပါး၊ ဖြူသောပိုးတို့သည်။ ခြေတော်မှ ပဆစ်တိုင် လွှမ်း၍တက်သည်ဟု မြင်မက်သည်လည်းတပါး အထူးထူး အဆင်းရှိသော ငှက်တို့သည်။ ခြေတော်ရင်း၌ ရောက်လာကုန်သော်၊ငှက်ဖြူချည်းသာဖြစ်သည်ဟုမြင်မက် သည်လည်းတပါး။ကြီးစွာသော မစင်တောင်ထက်၌၊ စင်္ကြံ သွားသည်ဟု မြင်မက်သည်လည်းတပါး။ ဤငါးပါးသော အိမ်မက်တို့ကို မြင်မက်တော်မူ၍၊ ဆင်ခြင်တော် မူလျှက်။ နံနက်ဖေစောစောကပင်ကြွလာတော်မူပြီးလျှင်။ သေနာနိဂုံးအနီး ကြီးစွာသော ညောင်ပင်အရင်း၌ ထွန်းလင်းသော ကိုယ် ရောင်ကိုဖြစ်စေလျှက်။ နေတော်မူ၏။

ကဆုန်လပြည့် နေ့နံက်တွင် သေနာနိဂုံး၌။ မဟာသေန သူကြွယ်၏သမီး သုဇာတာသည်၊ အရွယ်သို့ ရောက်စ ကာလ အကျွန်ုပ်သည်အမျိုးတူသောယောကျ်ားနှင့် ပေါင်းဖက်ရ၍ အစဦးစွာ၊သားရတနာဖွားမြင်ရကြပါအံ့၊အရှင် ရုက္ခစိုးအား တနှစ်တကြိမ်၊တသိန်းသောဥစ္စာကို ပူဇော်ပါမည်။ မစ, တော်မူပါဟု ဆုတောင်းခဲ့သည့်အတိုင်း၊ ဆုတောင်း တိုင်း ပြည့်စုံသောကြောင့်၊ ဗလိနတ်စာကို ပြုလိုသဖြင့်။ ရှေးမဆွ ကပင်၊နွားမတထောင်ကိုနွယ်ချိုတော၌ကြောင်းစေ၍ရှင်ရာ သောနွားမတို့၏နို့ရည်ကိုနှစ်ရာသောနွားမတို့အားတိုက်၏ ၎င်းနှစ်ရာသော နွားမတို့တွင်၊ တရာ့ ခြောက်ဆယ်သော နွားမတို့၏နို့ရည်ကိုလေးဆယ်သောနွားမတို့အား တိုက်၏။ လေးဆယ်သော နွားမတို့တွင် သုံးဆယ့် နှစ်ကောင်သော နွားမတို့၏နို့ရည်ကို ရှစ်ကောင်သောနွားမတို့အားတိုက်၏။



ဘုရားလောင်း အိပ်မက်ကြီး ငါးပါးကို မြင်မက်တော်မူပုံ။

ထိုရှစ်ကောင်သော နွားမတို့၏ နို့ရည်ဖြင့်သာ ဂနာနို့ဆွမ်းကိုချက်လေသော်၊ဘုရားလောင်းဘုဉ်းပေးရအံ့သည်ကို သိ၍ လောကပါလ နတ်မင်းကြီး လေးယောက်တို့၊ ခံလောက်၌ စောင့်လာကုန်၏။ ဖြဟ္မာကြီးသည်၊ ထီးနှင့် ကာသည်။ သိကြားမင်းလည်း ထင်းထိုးလာ၏။ တသောင်းသော စကြဝဠာမှ၊ နတ်ဗြဟ္မာအပေါင်းတို့သည်မြတ်သောနတ်ဩဇာကို ထည့်ကြကုန်၏။

သုဇာတာ သူဋ္ဌေးသမီးသည် ထူးမြတ်သော ဃနာ နို့ဆွမ်းကိုချက်ပြီးသော် ပုဏ္ဏာအမည်ရှိသောကျွန်မကို ငါတို့၏ ညောင်စောင့် နတ်မင်းနေရာကို သုတ်သင် ပါချေဟု၊ စေသဖြင့်။ ကျွန်မသုတ်သင်ရန်သွားသော် ကိုယ်တော်ရောင်ဖြင့် ညောင်ပင်အလုံးကို ထွန်းလင်းစေလျက်။ ညောင်ပင်အရင်း၌ အရှေ့သို့ ရှေ့ရှု နေတော်မူသော ဘုရား အလောင်းကို မြင်သဖြင့် ရှင်လှသောစိတ်ရှိလျက်၊ မျက်မှိုက်၊တို့ကို၊ သုတ်သင်ခဲ့ပြီးမှပြန်လာ၍၊ သုဇာတာအား၊ အရှင်မ ယနေ့ အရှင် ညောင်စောင့်နတ်မင်းသည်။ ကိုယ်ထင်ပြ၍။ အတုမရှိသော အသရေဖြင့် ညောင်ပင်ရင်း၌ စံတော်မူသည်။ လျှင်စွာကြွ၍ ပူဇော်လော့ဟုဆို၏။ သုဇာတာသည် ကျွန်မပုဏ္ဏာနှင့် တကွ အားရဝမ်းသာစွာ အသပြာ တသိန်းထိုက်သော ရွှေခွက်၌ ဃနာဆွမ်းကို ယူဆောင် ခဲ့ပြီးလျှင်၊ ဘုရား လောင်း၏ တင့်တယ်ခြင်းကိုမြင်လျှင်၊အတိုင်းထက် အလွန်ပင် နှစ်သက် ရကား။ရွှေခွက်ပါ ပူဇော်ခဲ့၏။ထိုအခါ ဃဋီကာရ ဗြဟ္မာလှူသော သပိတ်တော် ကွယ်ပြီဖြစ်၍၊ ရွှေခွက်နှင့်တကွ၊ အလှူခံ



သုဇာတာသူဌေးသမီး ဘုရားလောင်းအား ဃနာနို့ဆွမ်းကပ်လှူပုံ။

တော်မူ၏။ ဘုရားလောင်းသည်။ သုဇာတာ လှူသော စာနာ ဆွမ်းကို ခံတော်မူပြီးလျှင်၊ နေရဉ္ဇရာမြစ်သို့ ကြွတော်မူ၍၊ သုပတိဋ္ဌမည်သောရေဆိပ်၌ ရေချိုးတော် မူပြီးမှ ကမ်းခုံ စထက်၊ ထက်ဝယ်ဖွဲ့ခွေ၊ ရှေ့ရှု နေတော်မူလျက်၊ ထန်းသီး ပမာဏရှိသော ဆွမ်းလုပ်ဖြင့် လေးဆယ်ကိုးလုပ် ပရိဘုတ် တော်မူ၏။

ထိုသို့သုဇာတာသူဌေးသမီးကပ်လှူအပ်သော လေးဆယ် ကိုးလုပ်သောဆွမ်းကို ဘုဉ်းပေးတော် မူပြီးလျှင်၊ ငါသည် ယနေ့စင်စစ် ဘုရားဖြစ်သည်မှန်မူ၊ ရေညာဆန်စေသတည်း ဟု မိဋ္ဌာန်၍၊ ရွှေခွက်ကိုမျှောတော်မူလျှင်၊ ရွှေစင်ခွက်သည် ရေအယာဉ်ကို ဖြတ်၍ မတ်မတ် ဆန်ပြီးမှ၊ မြစ်လယ်သို့ ကျသောအခါ ရေညာသို့ အတောင် ၈၀ ရှစ်ဆယ်ခန့် ဆန်၍ မြုပ်လေသဖြင့်၊ ကာလနဂါး ဗိမာန်၏ အပေါ်ါး ရှေးဘုရားတို့ ရွှေခွက်သုံးလုံးကိုထိ၍ တည့်လေ၏၊ ထိုအခါ ဘုရားတဆူ ပွင့်တော်မူမှ တခါတခါ နိုးသော ကာလနဂါးမင်း သည်၊ နိုးကြား၍ ခုတင်ချ၊ လူ့ပြည်၌ ဘုရားပွင့်ပေသည်ဟု၊ ကောင်း ချီးသံကိုပြုလေ၏။

ယောကပ္ပ ကောဋိပိ၊ အပ္ပမေယျံကာလံ၊ ကရောန္တော အတိဒုက္ကရာနိ၊ ခေဒကိုတော၊ လောကာ၊ ဟိတာယ။ နာထော၊ ယောနာထော၊ အကြင်မြတ်စွာဘုရားသခင်သည်၊ ကပ္ပကော ဋိပို၊ ကမ္ဘာကုဋေတို့ ကာလပတ်လုံး၊ အသင်္ချေယျ၊ မရေ မတွက်နိုင်သော ကာလံ၊ ကာလဘာဝတို့က အတိဒုက္ကရာနိ၊



ဘုရားလောင်း ရွှေခွက်မျှောတော်မူ၍ ကာလနဂါးနိုးပုံ။

အလွန်တရာ နက်နဲ ကျယ်ဝန်း လှစွာသော သံသာရ ဩဃတိဏ္ဏော၊ သံသရာတည်းဟူသော ရေအယဉ်ကို ကူးမြောက်၍ လာတော်မူခဲ့ရခြင်းသည်၊ ခေဒ၊ ကိုယ်တော်၏၊ ပင်ပန်းခြင်းသို့ ကတော၊ ရောက်တော်မူလေပြီ။ သော နာထော၊ ထိုမြတ်စွာ ဘုရားသခင်သည် ကပ္ပကောတိပိ၊ ကမ္ဘာကုဋေတို့ကာလပတ်လုံး အသင်္ချေယံ မရေ မတွက်နိုင်သော၊ ကာလံ၊ ကာလဘာဝတို့ကာ၊ အတိဒုက္ကရာနိ အလွန်တရာ၊ နက်နဲ ကျယ်ဝန်းလှစွာသော သံသာရ ဩဃတိဏ္ဏော၊ သံသရာတည်းဟူသော ရေအယဉ်ကို ကူးမြောက်၍ လာတော်မူခဲ့ရခြင်းသည်၊ အဟောအစ္ဆရိယံဝတ၊ ဩော် - - - အံ့ဘွယ်သရဲ ရှိလှပေစွတကား။

ဘုရားလောင်းသည် ရွှေခွက်ကို မျှောတော်မူပြီးလျှင် အနီး၌ရှိသော၊ အင်ကြင်းတော၌၊ နေ့သန့်တော်မူ၍၊ ကာယဂတာသတိ ဘာဝနာကို ကောင်းစွာစီးဖြန်းလေ၏၊ ညချမ်းသောအခါ၊ ကာလနဂါးမင်းသည်၊ ဘုရား ခုတင်ခု ပွင့်ပေသည် မြည်ထမ်းသောကောင်းချီးသံကို နာခံ၍၊ ဂုမ္ဘာဏ် ဂန္ဓဗ္ဗ၊ အသူရာ ဗြဟ္မာ၊ သိကြားစသော နတ်တို့သည် စီမံဖဲ့ဆင်းအပ်သည်ဖြစ်၍၊ ပန်းတို့ဖြင့် ခြေဖွမ်းသော နတ်လမ်းမဖြင့်၊ မဟာဗောဓိရှိရာသို့ကြွတော်မူသော်၊ သောတ္ထိယ မြက်ထမ်းယောကျ်ားသည် လမ်း၌ ကပ်လှူအပ်သော၊ မြက်ရှစ်ဆုပ်ကို ခံတော်မူ၍၊ မဟာဗောဓိပင်သို့ကပ်ပြီးမှ အရှေ့အရပ်က ရပ်တော်မူလျှက်၊ ဘုရားဖြစ်ရာဌာနမှန်ပြီဟု နှလုံးပြု၍ မြက်ရှစ်ဆုကို အဖျားကကိုင်၍ ဖြန့်ကြဲတော် မူပြီးလျှင်



သောတ္ထိယ မျက်ထမ်းလုင် လှူအပ်သော မျက်ရှစ်ဆုပ်ကိုအလှူခံတော်မူပုံ။

တသဲ့လေးတောင် အပြန့်ကျယ်သော အပရာဇိတ ပလ္လင်ပေါ်ထွန်းလာလေ၏။

အလောင်းတော်သည် ပလ္လင်ထက်၌ထက်ဝယ် ဖွဲ့ခွေနေတော်မူကာ၊ အာဏာပါန ဘာဝနာကို ဝင်စား၍ ဘုရားမဖြစ်သမျှ ဤနေရာကငါမထပြီးဟု လေးပါးသော လုံ့လတော်ကြီးဖြင့် စံနေတော်မူ၏။ထိုအခါ၊ သိကြား မင်းသည်၊ တကြိမ်မှုတ်လျှင်၊ လေးလမျှ အသံစဲသော၊ အတောင် တရာ့နှစ်ဆယ်ရှည်သော ခရုသင်းကိုမှုတ်လျက်၊ကာလ နဂါးမင်းသည်၊ တထောင်သောဂါထာတို့ဖြင့် ကောင်းချီးပေးလျက်ဖြပ္ပမင်းသည်၊ ထီးဖြူမိုးလျက် သုယာမနတ်မင်းသည် သားမြီးယပ်ဖြင့်ယပ်လျက် သန္တုသိတာ၊ နတ်မင်းကြီးကား ပတ္တမြားရပ်ဖြင့် ရပ်လျက်၊ ပဥ္စသိခ နတ်မင်းသည် ဗေလုဝ ပဏ္ဍုမည်သော စောင်းကို တီးလျက်၊ နတ်များတို့သည် အထူးထူးသော ပူဇော်သက္ကာဖြင့် ပူဇော်လျက် နေကုန်၏၊

ဝသဝတ္တိ မာရ်နတ်မင်းသည် လက်ဝဲ၊ တသဲ့နှစ်ယူဇနာ လက်ျာ တသဲ့နှစ်ယူဇနာ နောက်မျက် နှာက စကြဝဠာ တံတိုင်းထိ၊ အထက်ကို ကိုးယူဇနာ ရှိသော နတ်စစ်သည် ဗိုလ်ပါအပေါင်းဝန်းရံလျက်၊ယူဇနာတရာ့ငါးဆယ်ရှိသော ဂိရိမေခလာ ဆင်ထက်၌၊ စီး၍၊ အသီးသီး လက်နက်ကိုင်သော လက်ရုံးတထောင်ဖန်ဆင်း၍ တိုက်ဖျက်လာ၏။ဘုရားလောင်း၏ပါရမီတော်အဟုန်ဖြင့်၊နေမဝင်မီပင်၊ အောင်မြင်တော်မူပြီးမှ၊ ညဦးယာမ်၌၊ပုဗ္ဗေနိဝါသဉာဏ်၊သန်းခေါင်ယာမ်၌ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ထအခါ၊ စကြဝဠာ



ဘုရားလောင်းသည် ဗောဓိပင်နှင့် ရွှေပလ္လင်ခအောင်တော်မူ၍၊ ဘုရားအဖြစ်သို့ရောက်ပုံ။

တသောင်းလုံးတုန်လှုပ်စေလျက်၊ ပဋိစ္စသမုပ္ပါဒ်မှစ၍၊ အစဉ်အတိုင်း ရအပ်သော အာသဝက္ခယဉာဏ် ဖြင့်၊ ကိလေသာ အပေါင်းကို ထောင်းထောင်းညက် ပိုင်းဖြတ် လျက်။ မဂ်လေးတန်ကို အစဉ် အတိုင်းရ၍ အလုံးစုံသော တရားကို သိဘတ်သော သဗ္ဗညုတဉာဏ်ကို ရလေ၏။ ဤသို့အားဖြင့် သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အကုန် နေ အာရုံတက်သည်နှင့်တပြိုင်နက်၊ လောကသုံးပါး၏ အထွတ် အထိပ်ဘဝိဿရအဖြစ်သို့ရောက်တော်မူ၍။ အနေကဇာတိ သံသာရံစသော ဥဒါန်းကို ကျူးရင့်တော်မူ၏။

ဘုရားအဖြစ်သို့၊ ရောက်တော် မူပြီးလျှင် ဗောဓိပင်နှင့် လေးတောင်ကွာ၊ အရှေ့မျက်နှာ၌ တည်သော ရွှေပလ္လင် ထက်၌၊ထက်ဝယ်ဖွဲ့ခွေပဋိစ္စသမုပ္ပါဒ်တရားတော်ကို၊အပြန် အလှန် ဆင်ခြင်တော်မူလျက်၊ ခုနှစ်ရက်ပတ်လုံးစံပါယ်တော် မူ၏။ နတ်ႇ သိကြား, ပြဟ္မာတို့ ပူဇော်လျက် ရှိကြကုန်၏။ ဤကား၊ ပဌမ ပလ္လင်္ကသတ္တာဟမည်၏။

တောရပ်မြိုင်ပေါ် ခြောက်နှစ်ပျော်၍ ခါတော်တပုံ၊ပွင့်ချိန်ကြုံတ ကဆုံလပြည့် ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေ ညောင်တော်ကြီး ဗျာတန်ထီးနှင့် မငြိုးကြည်ဖြူ၊ နေတော် မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို။ အရှင်းပယ်ဖျောက် အလင်းပေါက်က ထွန်းတောက်ဘုန်းတော် သောင်းလုံးကျော်သည် သုံးဘော်လူတို့ ငြမ်းပါကို။



ဝသဝတ္တီနတ်ပြည်ဘုရင် မာရ်နတ်မင်းသည်၊ ဗောဓိပင်နှင့် ရွှေပလ္လင်တိုက်ပုံ။



ပဌမ သတ္တာဟ ရွှေပလ္လင်စံတော်မူပုံ။

ရွှေပလ္လင်မှ ထတော်မူ၍၊ ဗောဓိပင်မှ အရှေ့ မြောက်၊ ဆယ်လေးလံ ကွာသော အရပ်၌ ရပ်တော်မူ၍ ငါသည်။ ဤဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ် သဗ္ဗညုတ ဉာဏ်ကို ရပေ


တကားဟု မမြိတ်သော မျက်စိဖြင့် ရှုကြည့်တော်မူလျက် ချန္ခစ်ရက် ပတ်လုံး စမ့်ယ်တော် မူ၏။ ဤကား၊ ဒုတိယ အနိမိသ သတ္တာဟ မည်၏။




ဒုတိယသတ္တာဟ အနိမိသ စံတော်မူပုံ။

သေရေး၊ နေရေး၊ အခြေ ဇာတ်၊ လေးလေး နက်နက်၊ ဤအချက်ကို၊ ကွက်ကွက်ကွင်းကွင်း၊ မြင်စေ ခြင်းကြောင့်

ခပင်းလူပေါင်း အသေကောင်း၍၊ အဟောင်း အဖြစ် စွန့်ကုန်လစ်က အသစ်ဘဝ၊ အဖြစ်လှစေ။ ငါ့အနေမူ။ မသေမီ ရှေး အလွန်ဝေးက။ နောင်ရေးဆင့်ဆင့် မြော်ခေါ်ချင့်လျက် အသင့်စုဆောင်း နိဗ္ဗူအောင်းဘို့ အကောင်းပါရမီ။ စုံပြည့် ညီသား၊ အထိလီပွား၊ ရင်းသူများလည်း၊ ငါ့အားနည်းတူ စုံအောင်ယူသည်။ နိဗ္ဗူ ထုတ်ခြောက် ရောက်ရန်သောဝ်။



တတိယ သတ္တာဟ ရတနာစင်္ကြံစံတော်မူပုံ။

ကိုယ်တော်မြတ် ပလ္လင်တော်ကို စိမ့်စိမ့် ကြည့်တော်မူသည်ကို၊ နတ်တို့က ဘုရားလောင်းသည်၊ စံပျော် ဘူးသည့် ရွှေပလ္လင်တော်ကိုမှ ခင်မင် တွယ်တာခြင်း မပြတ်၊ ထပ်၍ ပြုရာသောမင်္ဂကိစ္စရှိချေသေးသည်ဟုထင်ကြကုန်၏၊ ထိုနတ်တို့၏ သံသယကိုပယ်ဖျောက်ခြင်းငှါ၊ မြတ်စွာ ဘုရားသည် ကောင်းကင်သို့တက်၍၊ ရေအစုံမီးအစုံ ထွက်စေခြင်းစသော ယမိုက်ပြာဋိဟာကို ပြတော် မူပြီးလျှင် ကောင်းကင် မှ



စတုတ္ထသတ္တာဟ ရတနာဃရအိမ်စံတော်မူပုံ။

သက်တော်မူ၍၊ ဗောဓိပင်မှ အတောင် နှစ်ဆယ်ကွာ၌၊ ရတနာစင်္ကြံဝယ်၊ ခုနှစ်ရက်ပတ်လုံး စင်္ကြံ ကြွတော်မူ၏။ ဤကား တတိယ ရတနာစင်္ကမ သတ္တာဟမည်၏။

ထိုနောက် ဗောဓိပင်မှ အနောက်မြောက် အတောင် လေးဆယ်အကွာတွင်၊ရတနာခုနှစ်ပါးအတိပြီးသောနတ်တို့ စီမံဖန်ဆင်းအပ်သော ရတနာ ရွှေအိမ်၌၊ ထက်ဝယ်ဖွဲ့ခွေ၍ နေလျက်၊ ပိဋကတ်သုံးပုံကို ဆင်ခြင်တော်မူရာ၊ ကိုယ်တော်မှ ထက်ဝန်းကျင်၌၊ ဖြူသော ရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်၊ ညိုသောရောင်ခြည်တော်၊ ရွှေသော ရောင်ခြည်တော်၊ မောင်းသော ရောင်ခြည်တော် ဖြိုးဖြိုး ဖြက်ဖြက်၊ တခဲနက်သောရောင်ခြည်တော်ခြောက်သွယ်တို့သည်၊စကြာဝဠာတသောင်း၊ ပျံ့နှံ့စေလျက်၊ခုနှစ်ရက် ပတ်လုံး စံပါယ်တော်မူ၏။ ဤကား၊ စတုတ္ထယ တနာဃရ သတ္တာဟမည်၏။

ထိုမှ မဟာဗောဓိပင်၏ အရှေ့မျက်နှာ သုံးဆယ့်နှစ်ထံကွာ၌၊ အဇပါလမည်သော၊ ညောင်ပင်ရင်းသို့ ကပ်တော်မူ၏။ ထိုအခါ၊မာရ်နတ်မင်းသည်နှလုံးမသာရှိလှ၍၊ခရီးလမ်းမ၌၊ ငေးမှိုင်ကာ ထိုင်လျက်၊ တဆယ့် ခြောက်ကြောင်းသောအရေးကို ငင်၍နေသော်၊ တဏှာ၊အာရတိ၊ရာဂါမည်သော မာရ်နတ်မင်း၏ သမီးသုံးယောက်တို့က ဘခင်-အဘယ်ကြောင့် စိုးနှောင့်ပူဆာ၊ မျက်နှာမရွှင်၊ မြေတွင် အကြောင်းခြစ်နေဘိ သနည်းဟု မေးသော်၊ သမီးတော်တို့ ဂေါတမရဟန်းသည်၊ ငါမှန်း၍ထားသော ရွှေပလ္လင်ဝယ်၊ ငါ့အလျှင်

ဤကား ပဉ္စမ အဇပါလ သတ္တာဟမည်၏။



ဤကား၊ ပဉ္စမသတ္တာဟ အဇပါလညောင်ပင်ရင်းစံယုံ၊

ဘုရားလုပ်ချေပြီ၊ ရဟန်းကြီး၏ပျက်စီးကြောင်းကို ကြံပါ
သော်လည်းမနိုင်၍၊ တွေးမှိုင်ရတော့သည် ဆိုသော်။ ဘခင်

မစိုးရိမ်လင့်။ မိန်းမတို့၏မာယာဖြင့်၊ ဤရဟန်းကြီးကို ဖြောင့်ဖြ၍၊ ဘခင်အကြံအောင်စေအံ့ဟု ဝန်ခံ၍၊ တဆယ့် သုံးနှစ်ရွယ်၊ တဆယ့်ခုနှစ်, နှစ်အရွယ်၊ တကြိမ် သားဖွားသော မိန်းမအရွယ်ဖြင့်၊ တင့်တယ်စွာ တန်ဆာဆင်ပြီးလျှင်။ ဘုရားရှိရာသို့ကပ်၍။ ခြေတော်ရင်း။ အလုပ် အကြွေး ပြုလိုပါကြောင်း ခွင့်ပန် လာသည်ကို မြတ်စွာ ဘုရားသည်။ ပယ်ခွာတော်မူလျှက်။ သင်နတ်သမီးတို့၊ ငါဘုရားသည်။ ကိလေသာရန်ကို။ အောင်တော် မူပြီးဖြစ်၍၊ သုသာန်၌ ရှိသော သူကောင်ပုတ်ကဲ့သို့ ကာမဂုဏ်ကိုစက်ဆုပ်တော်မူသည်ဟု မိန့်တော်မူသော်။ နတ်သမီးသုံးယောက်တို့သည်။ ရှက်ကြောက်ခြင်းပြင်းစွာနှင့် ပြေးခွာရလေကုန်သတည်း။

ထိုနောက် မဟာ ဗောဓိပင်၏ အရှေ့ တောင် မျက်နှာ ငါးဆယ့်တသံကွာတွင်၊ မုံစလိန္ဒာ အိုင်၏အနီး ကျည်းပင်ကြီး၏အရင်း၌ သီတင်းသုံးနေတော်မူရာ။ စကြာဝဠာတိုက်အလုံးနှံ့ရွာသော အခါမဲ့ မိုးသည်းစွေသည်တွင်။ မုံစလိန္ဒာ နဂါးမင်းသည်။ မိမိဗိမာန်မှထွက်၍။ မြတ်စွာဘုရားကို တစုံ တရာသော၊ဖြတ်၊ ခြင်၊ ယင်ရဲစသည် မထိပါး စေခြင်းငှါ အပူအခဲ၊ လေကြမ်း မိုးကြမ်းတို့မှ။ မညှင်းဆဲ စေခြင်း ငှါရင်း။ ကြီးစွာသော ကိုယ်ကို ဖန်ဆင်းလျှက်။ တပိုင်းသော အခွေကို ပလ္လင်ခင်းပြီးသော် ကိုယ်တော်ကို ခုနှစ်ပတ် ရစ်ရုံလျှက်။ ဦးခေါင်းတော်ထက် ပါးပြင်းဖြင့် အုပ်မိုး၍။ မိုးမဆွတ်ရအောင် တည်လာ၏။ မြတ်စွာဘုရားလည်း နဂါးမင်း အခွေထက်၌ ခုနှစ်ရက် ပတ်လုံး ဖလ သမာပတ်၊ ဝင်စား၍ နေတော်၏။

ဤကား၊ ဆဋ္ဌမ မုစလိန္ဒ သတ္တာဟမည်၏။



ဆဋ္ဌမသတ္တာဟ-မုစလိန္ဒာနဂါးမင်း၏ဗိမာန်စံတော်မူပုံ။

ထိုနောက် မဟာဗောဓိပင်၏တောင်မျက်နှာ၊ အလံလေးဆယ်အကွာတွင်၊ လင်းလွန်းပင် ရင်း၌၊ ခုနှစ်ရက် ပတ်လုံးသမာပတ်ကို ဝင်စားတော်မူ၏။ ရက်စေ့သော် မျက်နှာသစ်တော်မူလိုသော အကြံတော်ဖြစ်လေရာ၊ သိကြားမင်းသည်

ဤကား၊ သတ္တမ- ရာဇာယတန သတ္တာဟမည်၏။



သတ္တမ-သတ္တာဟ လင်းလွန်းပင်ရင်း၌စံတော်မူပုံ။

ကြဖုသီးကွမ်းရိုးဒါန်ပူ၊အနေ့ာတတ်ရေမျှားကိုကပ်လှူလာ၏ ရာမညတိုင်း၊ ဥက္ကလာပပေါက္ခရဝတီမြို့မှ၊ တဖုဿ၊ ဘလ္လိက ကုန်သည် ညီနောင်တို့သည်၊ ကုန်သည် လှည်းငါးရာနှင့် သွာကြရာတွင်၊ မိမိတို့ အဆွေဖြစ်ဖူးသော နတ်က ကိုယ်ထင်

ပြလျှက်၊ လောကသုံးပါးတွင် အတုမရှိသောဘုရား၊ ထင်ရှားပွင့်တော် မူပြီ။ ယခု လင်းလွန်းပင် ရင်း၌၊ သီတင်းသုံးစံနေတော်မူသည်၊ တစုံတခုဖြင့်၊ လှူဒါန်းပူဇော်ခြေဟုဆို၏။ ညီနောင်နှစ်ပါးတို့သည် အားရဝမ်းသာစွာ ပါလာ သောကြွက်ကျစ်မုံ့၊ ပျားမုံ့ ဆုပ်တို့ကို ကပ်လှူကုန်၏။ ထိုအခါစတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည်၊ ဣန္ဒနီလာကျောက်ညိုဖြင့် ပြီးသော သပိတ်လေးလုံး ကပ်လာ၏။ ထိုသပိတ်ကိုခံတော်မမူသော် ပဲနောက်အဆင်းရှိသောကျောက်သပိတ်လေးလုံးကို လှူပြန်၏။ ထိုကျောက်သပိတ်ကို ခံတော်မူ၍၊ လေးလုံးကို ဓိဋ္ဌာန်၍ နှိပ်တော်မူသော်၊ အနားလေးရစ်ရှိသောသပိတ်တလုံးတည်းဖြစ်လေသျှင်၊ ထိုသပိတ်ဖြင့်၊ ကုန်သည်ညီနောင်တို့လှူသော မုံ့ကိုခံတော်မူ၏။ ထိုညီနောင်တို့အား၊ သရဏဂုံကိုပေးတော်မူ၍ ဦးခေါင်းတော်ကိုသုံးသပ်၍ဆံတော်ဓါတ်တလက် ဆုပ်ကိုလည်း အပ်တော်မူလိုက်၏။

ကိုယ်တော် မြတ်သည်၊ ခုနှစ်ဌာန တို့၌၊ ခုနှစ်ရက်စီ။ စံတော်မူ၍ စေ့သော်၊ လင်းလွန်းပင်မှ အဇပါလ ညောင်ပင်ရင်းသို့ ကပ်တော်မူ၍၊ စံပါယ်တော်မူသောအခါ၊ ဤသို့အကြံတော်ဖြစ်၏ ငါသိအပ်သောသစ္စာလေးပါးတရားတော်သည်မြင့်မိုရ်တောင်ဖြင့် ဖုံးလွှမ်းအပ်သော၊ မုန့်ညှင်းသီး ကဲ့သို့အလွန်သိမ်မွေ့၏။ ပဋိစ္စသမုပ္ပါဒ် တရားသည်လည်းလွန်စွာနက်နဲခက်ခဲလှ၏။ သတ္တဝါတို့သည်၊ ပညာနည်းပါး၍၊ ကာမဂုဏ်ငါးပါးကိုသာလိုက်စားပျော်မွေ့ကြ၏။ ငါဟောကြားသော်လည်း တရားတော်ကိုမမြင်မထင်နိုင်ရာ ပင်ပန်းရုံသာ



တရားဟောရန် ဗြဟ္မာမင်းလျှောက်ထားတောင်းပန်ပုံ။

ရှိချိန့်မည်ဟု တရားမဟောလိုသောအကြံ ဖြစ်တော်မူ လတ်လျှင်၊ နတ်ဗြဟ္မာအပေါင်းတို့ကိုခေါ်၍သဟမ္ပတိ ဗြဟ္မာမင်းသည်၊ဘုရားသခင်ထံလာပြီးလျှင်။ ရတနာ ပန်းကုန်းကို ကပ်လှူပူဇော်လျှောက်။ အရှင်ဘုရား တရားဟောတော်မူပါ

ကိုယ်တော် ဘုရားမှ တရား မဟောသျှောသော် မည်သူ တဦး လာ၍ ဟောပ ါအံ့နည်း၊ ကျွတ်ထိုက်သောသူတို့အား တရား တည်းဟူသောအမြိုက်ရိယ်းဖြင့်၊ ဆော်နှိုးရွာသွန်းတော်မူပါ ဟု တောင်းပန်၏။ ထိုအခါ ဘုရားကိုယ်တော် မြတ်သည် ဗုဒ္ဓဉာဏ်တော်ဖြင့် ကျွတ်လတ္တံ့သော သူတို့ကို ရှုမြင်တော် မူ၍၊တရားဟောမည်ဟုပဋိညာဏ်ပေးတော်မူ၏၊ထိုနောက်မှ တရားဟောခအံ့သော သူတို့ကို ကြည့်သော် အာဠာရ ရနှင့်၊ ဥဒကာရ သေ့နှစ်ဦးသည် ယမန် နေ့များကပင် သေလွန်၍ အာကိဉ္စညာ ယတနဘုံ၌၊နေဝသညာနာသညာ ယတနဘုံ၌ ဖြစ်ကြကြောင်းကို မြင်တော်မူ၍၊ အာဠာရနှင့်ဥဒကတို့သည် ရှုံးခြင်းကြီး ရှုံးလေစွဟု အောက်မေ့တော်မူလေ၏။

မြတ်စွာ ဘုရားသည် ဗာရာဏသီ ပြည်အနီး မိဂဒါဝုန် တောသို့ ရောက်တော်မူလျှင်၊ ပဉ္စဝဂ္ဂီတို့သည်၊ အချင်းချင်း ကတိ ကဝတ်ပြုကြကုန်၏၊ ရှင် ဂေါတမသည်၊ အကျင့်မှ ထွက်၍၊ ဆွမ်းသက်ိန်းများရှာလျက်၊ အကျင့် ပြက်သသူဖြစ် သည်၊ ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း၊ သောက်ရေ၊ သုံး ဆောင်ရေ တည်ခြင်းစသောဝတ်ကို မပြုစတမ်းဟု ကတိက ဝတ်ထားကြကုန်၏၊ အနီးသို့ ရောက်သော ကာလ ထားကြ သော ကတိကဝတ်၌မတည်နိုင်၊ တိမ်းယိုင် တုန်လှုပ်သော စိတ် ဖြစ်ကြ၍၊ သပိတ်သင်္ကန်း ယှမ်းယူသူယူ၊ ခြေဆေးရေ တည်လင့်သူတည် နေရာခင်းသူ ခင်းလင့်၏၊ ဤသို့ ဝတ်ကြီး ဝတ်ငယ်ကို ပြု၍၊ ခင်းအပ်သော်နေရာထက်၌ စံတော်မူပြီး သော် ကိုယ်တော် မြတ်က၊ ငါကား ဘုရား ဖြစ်တော်မူပြီ၊

အလုံးစုံသော တရားတော်ကို သိတော်မူပြီ။ သင်တို့ အား အမြိုက်တရားဟောကြားခြင်းငှါလာတော်မူသည်ရှိသေစွာ တရားနာကုန်လော့ဟု တိုက်တွန်းတော် မူ၏။ ထိုအခါ ပဥ္စဝဂ္ဂီတို့က ငါ့ရှင်ဂေါတမ၊ သင်သည် ပြုပြင်သော၊ ဒုက္ခစရိယာအကျင့်ကို ခြောက်နှစ်ပတ်လုံး ကျင့်၍မှ ဘုရားအဖြစ်သို့၊ မရောက်တုံသေး။ ယခု ဆွမ်း,ဘယ်န်း အစ, ရှိသော ပစ္စည်းကို လို့လပြုကာမှ မဂ်-ဖိုလ် ချမ်းသာ ဘယ်မှာ ရချေအံ့နည်း ငါတို့မယုံနိုင်ချေဟု သုံးကြိမ်တိုင်အောင်၊ ပယ်ရှားကြလေ၏။ မြတ်စွာဘုရားသည် အမျိုးမျိုးသောပရိယာယ်ဖြင့် ဘုရားဖြစ်ကြောင်းကို သိစေတော်မူ၏။

မြတ်စွာ ဘုရားသည် ပဥ္စဝဂ္ဂီငါးဦးတို့အား အမျိုးမျိုးသော ပရိယာယ်စကားဖြင့် ဘုရားဖြစ်ကြောင်း သိစေတော်မူ၍။ သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့် စနေနေ့ ညနေ နေဝင်စအချိန်တွင်၊ ဓမ္မစကြာ တရားတော်ကို မြတ်စွာဘုရား ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌၊ အရှင်ကောဏ္ဍည သည်၊ သောတာပန် ဖြစ်လေ၏။ တသောင်းသော လောကဓါတ်မှ၊ လာကြ ကုန်သော နတ်၊ ဗြဟ္မာ တဆဲ့ရှစ် ကုဋေတို့လည်း အကျွတ်တရား ရလေကုန်၏။ မဟာပထဝီမြေကြီးသည် တုန်လှုပ်လျက်၊ သုံးဆဲ့နှစ်ပါးသော နိမိတ်တို့သည် ထင်ကုန်၏။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင်၊ အရှင်ဝပ္ပ သောတာပန် တည်သည်၊ နှစ်ရက် နေ့တွင် အရှင် ဘဒ္ဒိယ၊ သုံးရက်နေ့တွင်၊ အရှင်မဟာနာမ် လေးရက်နေ့တွင် အရှင် အဿဇိတို့ သောတာပန်တည်ကြလေကုန်၏။



ပဉ္စဝဂ္ဂီတို့ကို မြတ်စွာဘုရားချွတ်တော်မူပုံ။

ငါးရက်နေ့တွင်၊ ငါးဦးသောပဉ္စဝဂ္ဂီတို့သည်ရဟန္တာဖြစ်ကြပြီးလျှင်။ ဘုရားသခင်အပါး၊ မိဂဒါဝုန်တောသို့ မွေ့လျော်စွာ နေကြလေကုန်၏။

ဘုရားဖြစ်ခါ၊ မိဂဒါသို့ စကြာရွှေဘွား ဖြန့်ချီသွား၍။ ငါးပါးဝဂ္ဂီ စုံအညီနှင့် မဟီတသောင်း တိုက်အပေါင်းမှ၊ ခသြောင်း ကပ်လာ၊ နတ်မြဟ္မာအား ဝါဆို လပြေ့ စနေ နေ့ဝယ်။ ကြွေ့ကြွေ့လျှံတက် ဓမ္မစက်ကို မိန့်မြွက်ထွေပြား ဟောတော် ကြားသည် တရားနတ်စည် ရွမ်းတယ်ကို။



မိဂဒါဝုန်တောသို့ ဓမ္မစကြာတရားဦးဟောပုံ။

## ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့ကို ချွတ်ခဏ်း။

မြတ်စွာဘုရားသည်။ မိဂဒါဝုန်မှ၊ ဥရုဝေလ တောသို့ ကြွတော်မူရာ။ ခရီးအကြား၌။ ကောသလမင်းကြီး၏သား ဖြစ်ကုန်သောဘဒ္ဒဝဂ္ဂီမင်းသားသုံးကြိပ်တို့သည်၊ဆန္ဒရှိတိုင်း ကာမဂုဏ် ခံစားရန် တချသော တောအုပ်၌ နေကြကုန်၏။ တနေ့သ၌။ အဘိုးထိုက်သော ဥစ္စာကိုခိုးယူ၍ တယောက် သော ပြည့်တန်ဆာမသည်၊ ထွက်ပြေး လေ၏။ မင်းသားတို့ လိုက်ရှာကြရာ မြတ်စွာဘုရားကိုမြင်၍ အရှင်ဘုရား မိန်းမ တယောက် မြင်မိသလားဟု မေးကြသော် မြတ်စွာဘုရား သည်။ မယားရှာခြင်း မြတ်သလော သင်တို့ကိုယ်ကိုရှာခြင်း မြတ်သလောဟု မေး၍၊ သစ္စာ လေးပါးတရားကို။ ဟော ကြားတော်မူသော် မင်းသား တို့သည်အချို့ကား၊ သော တာပန်။ အချို့ကားသကဒါဂါမ်တည်ကြ၍ ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်ကြပြီး ဘုရားကိုယ်တော်မြတ်ကို ဆည်း ကပ်လျက်၊ ဥရု ဝေလတောသို့ လိုက်ပါ ကြကုန်၏။

## ရသေ့ညီနောင် သုံးဦးနှင့် နောက်ပါတပည့်တို့ကို ချွတ်ခဏ်း။

ဘုရားသခင်သည် ဥရုဝေလ တောသို့ ရောက် တော် မူသော်။ထိုတော၌၊ရသေ့ညီနောင်သုံးဦးဖြစ်သော ဥရုဝေဠ ကဿပ၊ နဒီကဿပ။ ဂယာကဿပတို့သည်၊ တပည့်ရသေ့

တထောင်နှင့်တကျွ ရှိနေကြကုန်၏။ ထိုရှင်တို့သည်၊ ကိလေ
သာ ခြောက်ခမ်းမှ ရဟန္တာဖြစ်သည်ဟု ကိလေသာခြောက်
ခမ်းအောင်၊ ပင်ပန်းစွာ ကစားပျော်ပါးခြင်း။ ကျေးသား။
ဇယ်ပုံ။ တံကျစ်ချန်ကစားခြင်း။ မီးကင်ခြင်း ပူမှ ကိလေသာကို
ရေမှာမျှောအံ့ဟု ရေသို့ သက်ခြင်း အကျင့်ကို ဆောက်
တည်၍ နေကြကုန်၏။ ဘုရားသခင်သည် ဥရုဝေလ ကဿပ
ရသေ့ ကျောင်းသို့ကြွ၍၊ မီးတင်းကုတ်၌ တည်းခိုပါရစေဟု
မိန့်တော်မူ၏။ ထိုအခါ ရသေ့က ထိုတင်း ကုတ်တွင်
တန်ခိုးကြီးသော နဂါးမင်းရှိ၏။ သင့်ကို ညှဉ်းဆဲ လတ္တံ့ဟု
ဆိုသော် ဘုရားသခင်ကလည်း ငါ့ကို မညှဉ်းဆဲနိုင်၊
သင်ကသာ ခွင့် ပြုလော့ဟု မိန့်တော်မူ၏။ ရဟန်းကြီး၊ နေ
လော့ဟု ရသေ့က ခွင့်ပြုသော်၊ မြတ်စွာဘုရားလည်း မြက်
အခင်းထက်၌ စံတော်မူ၏။ ထိုအခါ နဂါးကြီးသည် ကြီး
စွာသော အခိုးအလျှံကို လွှတ်၏။ ဘုရားသခင်လည်း လွန်
ကဲသော အခိုးအလျှံကို လွှတ်၏။ ရသေ့တို့လည်း အဝေးက
နေ၍ ယနေ့ ရဟန်းကြီးဂေါတမကို နဂါးညှဉ်းဆဲရှာတော့
မည်ဟု၊ တ ဆိုကာ၊ ကြည့်ကုန်၏၊ မိုးလင်းသောက် လတ်
သော် ဘုရားသခင်လည်း နဂါးကို သပိတ်တော်တွင်ထည့်၍
ရသေ့တို့အား ပြ၏။ ဂေါတမ ရဟန်းသည် တန်ခိုးကြီး
ပေ၏။ ငါတို့ကဲ့သို့ ရဟန္တာ မဟုတ် သည်သာ တည်းဟု
အကြံဖြစ်၍ ဤအရပ်၌ နေလော့ဟု ပင့်လျှောက်ကြ ကုန်၏။
ဘုရားသခင်လည်း ဝန်ခံတော်မူ၍၊ အနီး၌ နေတော်မူ၏။
ညဉ့်ဦးယာမ်၌ နတ်မင်းကြီးလေးပါးလာ၍၊ တောက်ပသော

ကိုယ်ဖြင့်၊ ခစား ဖူးမျှော်သည်ကို ရသေ့တို့ မြင်ပြန် သော် ရဟန်းကြီး ဂေါတမသည် တန်ခိုးကြီးလှ၏။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာမဟုတ်သည်သာဟု အောက်မေ့ကြ၏။ နောက်နေ့ည သိကြားမင်း၊ နောက်နေ့ ည ဗြဟ္မာမင်းတို့ ခပ်ဆင်း ခစား လာသည်ကိုမြင်၍ အံ့သြကြပြီးလျှင်။ ဤနည်း ပင် အကြံဖြစ်၏။ ပြာသိုလပြည့်နေ့ ရောက်သော်။ အင်္ဂတိုင်း။ မဂဓ တိုင်းသားတို့သည် ရသေ့ဆရာများအား လာရောက် ဖူးမျှော်မြဲဖြစ်၏။ ရသေ့ကြီးသည် နက်ဖြန် ရှင်ကြီးဂေါတမ မရှိလျှင် ကောင်းမည်။ ရှင်ကြီးဂေါတမ၏ တန်ခိုးကို မြင် သမျှတို့ ကြည်ညိုကြလိမ့်မည်ဟု အကြံဖြစ်သည်ကို ဘုရား သခင် သိတော်မူ၍ လပြည့်နေ့နံက်တွင် ဘုရား သခင်သည် မြောက်ကျွန်းသို့ ကြွတော်မူ၏။ လပြည့်ကျော် တရက်နေ့ နံက်၌ ပြန်ကြွတော်မူလာ၍ရသေ့တို့၏ အကြံကိုသိကြောင်း မိန့်တော် မူသော် တန်ခိုးကို ချီးမွမ်းသော်လည်း ငါတို့ကဲ့သို့ ရဟန္တာ မဟုတ်သည်သာ တည်းဟု ဆိုကြကုန်၏။

တနေ့သောအခါ၊ ရသေ့တို့သည် မီးဗိုရန် ထင်းခွဲပါ သော် မတတ်နိုင်၍။ ဘုရားသခင်အား လျှောက်ထားကြရာ ကွဲစေသတည်းဟု ဘုရားသခင် မိန့်တော်မူလျှင် ထင်းငါးရာ လုံးတကြိမ်တည်း ကွဲကုန်၏။ ထင်းကိုမီးညှိပါသော်လည်း မတောက်နိုင်ပြန်လျှင် ဘုရားသခင်သည် မီးညိစေသတည်း ဟု မိန့်တော်မူသော် မီးသည် တပြိုင်နက် တောက် ကုန်၏။ မီးညိမ်းစိမ့်သောငှါ၊ မတတ်နိုင်သည်ကို ဘုရားသခင်သည်

ငြိမ်းစေ၏။ ရသေ့တို့သည်၊ ရှင်ကြီးဂေါတမသည် တန်ခိုးကြီးပေ၏။ သို့သော် ငါတို့ကဲ့သို့ရဟန္တာမဟုတ်သည်သာတည်းဟု အောက်မေ့၏။ ဆောင်းလအခါ၊ မိုးယံ သည်းထန်စွာ ရွာလတ်သော် အလုံးစုံမြေကို ရေလွှမ်း၏။ ဘုရားသခင်လည်း ရေအပြင်အလယ်၌ ရေမလွှမ်းဘဲ သဲ ဖုတ်ထောင်းထောင်း လွင့်စေ၍။ စင်္ကြံ ကြွတော်မူ၏။ ရသေ့တို့သည်။ ရှင်ကြီးဂေါတမ သေရှာတော့မည်ဟု လှေဖြင့်လာ၍ ကြည့်ကြသော် ရှင်ကြီး တန်ခိုးကြီးကြောင်းမှန်၏။ ရဟန္တာ မဟုတ်သည်သာတည်းဟု အကြံဖြစ်ပြန်၏။ ထိုသို့ အထင်မှားကို ပယ်ဖျောက်ခြင်းငှါ၊ မြတ်စွာ ဘုရားသည် တရားဟောတော်မူ၏၊ တရားအဆုံး ဥရုဝေလကဿပ ရသေ့နှင့် တပည့်ငါးရာတို့သည် ရသေ့ပရိက္ခရာတို့ကို ရေသို့မျှော၍ ဧဟိဘိက္ခု ရဟန်းချည်းဖြစ်ကြကုန်၏ အောက်မြစ်ကွေ့၌ နေသော နဒီကဿပနှင့်၊ ဂယာကဿပတို့သည် ရေ၌ မျောလာသော ရသေ့ပရိက္ခရာများကိုမြင်၍ စိုးရိမ်သဖြင့် လိုက်လာလေရာ။ တရားနာရ၍ရသေ့ငါးရာ။ နောင်ထပ် ရဟန်းဖြစ်ကြပြန်ကုန်၏။

လူနတ်တို့အား တရား အမြိုက်ဆေးတိုက်ကြွေးတော်မူ၍ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ ဘုရားသခင် သီတင်းသုံးနေတော် မူကြောင်းကို သုဒ္ဓေါဒနမင်းကြီး ကြားသိ လေသော်၊ အမတ် တယောက်ကို ယောကျ်ား အခြံအရံ တထောင်နှင့် ရာဇဂြိုဟ်ပြည်သို့ လွှတ်၍ အရှင့်ခမည်းတော်သည် အိုမင်းသော အရွယ်သို့ ရောက်ပြီ။ မသေခင်ကို

ဖူးမြင်လိုပါသည် ကြွတော်မူပါဟု လျှောက်၍ ပင့်ဆောင်ချေ၏။ ဘုရားရှေ့မှောက် ရောက်သောအခါ၊တ ရားတော်နာရ၍၊ဧဟိဘိက္ခုခေါ် တော်မူသဖြင့်ရဟန္တာဖြစ်ကြကုန်၏၊ သုဒ္ဓေါဒနမင်းကြီးလည်း သွားသောအမတ် ပြန်ချိန် သင့်၍ ပြန်မလာသော် လိမ္မာသောအမတ်တယောက်ကို ရွေးနည်းအဘူ။ အခြံအရံတထောင်နှင့် လွှတ်ပြန်၏။ ထိုသူတို့လည်း၊ ယခင်လူတို့ကဲ့သို့ ရဟန္တာ ဖြစ်ကြ၏။ ထိုသို့ သုံးကြိမ်တိုင်တိုင်စေပါသော်လည်းသတင်းစကားကိုမျှရောက်မလာသဖြင့်။ ဘွားဘက်တော် "ကာလုဒါယီ အမတ်ကို ဗိုလ်ပါတထောင်နှင့် တကွ၊ လွှတ်ပြန်၏။ ဘုရားခြေတော်ရင်းသို့ ရောက်လျှင်၊ ဧဟိ ဘိက္ခုချည်း ဖြစ်ကြလေကုန်၏။

ထိုသို့ ကာလုဒါယီအမတ်ရောက်၍ ခုနှစ်ရက် မြောက်သောနေ့တွင်၊ သုဒ္ဓေါဒနမင်းကြီး မှာလိုက်သောစကားကို ဘုရားသခင်အား လျှောက်သဖြင့်၊ ဘုရားသခင်သည်။ မဂဓတိုင်းသား၊ သင်္ကြာတော်တသောင်း။ ကပိလဝတ်မြို့ သား, သင်္ကြာတသောင်း ခြံရံလျက် တပေါင်း လပြည့် ကျော် တရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ထွက်ကြွတော်မူ၏။


ဘုရားသခင်ကြွတော်မူလျှင် ကာလုဒါယီမထေရ်လည်း သုဒ္ဓေါဒနမင်းကြီးအား သတင်းစကားကြားသိ စေခြင်းငှါ မြတ်စွာဘုရားအလျှင်ပင် ကောင်းကင် ခရီးဖြင့် ကြွသွား၍ သုဒ္ဓေါဒန မင်းကြီးအား သတင်းစကားကြားလေ၏။ ဘုရားသခင်လည်း အစဉ်အတိုင်း ကြွလာတော်မူ၍ သာကီဝင်တို့

ဆောက်လုပ် လှူဒါန်းသော နိဂြောဓါရုံ ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ သာကီဝင်မင်း အပေါင်းတို့သည်လည်း မာန်မာနကြူ၍ သိဒ္ဓတ် မင်းသား ကား။ ငါတို့တူ။ ငါတို့သားသာ၊ ငါတို့အောက်ငယ်စွာ၏။ ငါတို့နှိုးခြင်းငှါ မထိုက်ဟု နှလုံးပြုသည်ကို သိတော်မူသော် ရေအစုံ၊မီးအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထိုအခါ ဘခင်သုဒ္ဓေါဒနမင်းကြီးသည်၊ ခြေတော်ကို ဦးဖြင့်တိုက်၍ အရှင်ဘုရားဖွားတော်မူစက၊ ဒေဝိလရသေ့၏ထိပ်ထက်၌ ခြေတော်စုံတင်သည်ကို မြင်၍၊ ဘခင်တကြိမ် နှိုးပါပြီ။ လယ်ထွန်မင်္ဂလာပြုသောအခါ၊ သားတော်စံတော်မူသော သပြေပင်ရိပ်ဝန်းသည်၊ မယွန်းမရွေ့ ငြကတော့တည်သည်ကို၊ မြင်၍လည်း ဘခင်တကြိမ်နှိုးပါပြီ။ ယခုမှာ မမြင် ဘူးအောင်ထူးမြတ်သော တန်ခိုးပြာဋိဟာကို မြင်ပါရ၍ ဘခင်ပူဇော်ပါသည်။ ဤကား သုံးကြိမ်မြောက်။ နှိုးခြင်းပါတည်းဟု လျှောက်၏။ ဤသို့ မင်းကြီးနှိုးသည်ကို မြင်လျှင် နှိုးမနိုးဘဲ မနေဝံ့ နေသောသူကားမရှိပြီ။ အလုံးစုံသော သာကီဝင်မင်း အပေါင်းတို့သည် ဦးခေါင်း နှိမ့်ချလျက်၊ နှိုးကြလေ ကုန်သတည်း။

ဆွေတော်၊ မျိုးတော်တို့သည် ညွှတ်ကျိုးသော မာနဖြင့် တရားတော်ကိုနာပြီးသော်ပြန်ကြကုန်၏။ ဘခင် မင်းတရားမှစ၍၊ တယောက်သောသူမျှ ဆွမ်းစားမပင့်မိကြကုန်။ ထိုနေ့ကုန်၍ နံက်သောအခါ၊ သင်္ဃာတော် နှစ်သောင်းနှင့် တကွ အိမ်စဉ် အတိုင်း ဆွမ်းခံ ဝင်တော် မူ၏။ ယသော် ရော

မင်းဘွဲ့သည်။ မောင်တော် မင်းသားကား ႈ သိကြားမင်း၏ အသရေကဲ့သို့ ရွှေထမ်းစင်နှင့် အစည်သွားလာမြဲဖြစ်ပါလျက် ယခု ခွက်လက်စွဲ၍ ဆွမ်းခံသည်မှာ တင့်တယ်ပါလိမ့်လော ဟု လေသာနန်းပြူတင်းကိုဖွင့်၍၊ မျှော်လေသော်။ ရောင်ခြည်တော် ခြောက် ဆိုင်သည်။ တပြိုင်နက် ထွန်းလျက်, သင်းကျစ်တော်ဖျားမှ ဘဝါးတော် အပြင် ငှင်အောင်၊ မအံ့ဩနိုင်သော ဘုရား၏ အသရေကို မြင်၍ လွန်မေ ဆွက်လွတ်။ ကြည်ညွတ်မြတ်နိုးလှသဖြင့် ပရိဒေဝဖြစ်ရပြန်လေ၏။ သုဒ္ဓေါဒနမင်းကြီးလည်း ကြားသိတော်မူ၍။ နန်းတော်မှ အဆောတလျင် သက်ဆင်းပြီးလျှင်၊ အရှင်ဘုရား အကျွန်ုပ်အား အဘယ့်ကြောင့် အရှက်ခွဲပါ အံ့နည်း။ ဤနှစ်သောင်းမျှသောသဃ်ာကို တကာတော် မကျွေးနိုင်ဟု ထင်ဘိသလောဟုလျှောက်၏။ ဘုရားလည်း၊ ဘခင်မင်းကြီး ဤဆွမ်းခံသော အရာသည်။ ရှေးရှေးဘုရားမှ ဆင်း သက် သော ငါတို့အကျင့်ဖြစ်၍၊ သင့်တင့် လျှောက်ပတ် ချီးမွမ်း အပ်၏ဟု မိန့်တော်မူလျှင် နန်းတော်သို့ပင့်၍၊ တရားတော်ကို နာရာ မင်းကြီးသည် သဒ္ဒါဂမ်။ မိထွေးတော်သည်၊ သော တာပန် တည်လေ၏။

ဘုရားသခင်သည်။ ရွှေနန်းဦးကင် ရာဇ ပလ္လင်ထက် ဝယ် ဆွမ်းဘုဉ်းပေးပြီးသည် အဆုံး၌။ မောင်းမ မိသံတို့သည် ရှိခိုးပူဇော်ကြကုန်၏။ ယသော်ဓရာ ဗိမ္ဗာဒေဝီသည် ပူဇော် ခြင်းငှါ မထွက်လာ၍ သခင်မထွက်ကြွတော် မူပြီးလျှင်။ သုံးလူ့သခင်ကို ဦးတင်ပူဇော် ဖူးမျှော်ပါလော့ဟု လျှောက်



ကြွသော် အကယ်၍၊ ကျွန်ုပ်ကို ထောက်မျှော် သနားတော်မူပါလျှင် ကိုယ်တော် ကြွလာ ပါလိမ့်မည်ဟု ဆို၍ နေ၏။ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထား ကြသော် နှုံပါးသော အင်္ဂါ၊ သာဝကကိုခေါ်တော်မူလျက်၊ ယသသော်ခရောမင်းသို့၏ တိုက်ခွင်သို့ ဝင်တော်မူ၍၊ ရတနာ သလွန်ထက်၌ စံတော်မူ၏။ ထိုအခါ ယသော်ခရော မင်းသို့းသည် အာနန်းတကြီး ခုံမင်စွာသာ၍ ခြေဖမြက် တော်ကို လက်ဖြင့်ပိုက်လျက်၊ ဖခိုးတော်၌ မျက်နှာဦးခေါင်းကိုထား၍ ဖဝါးတော်မြက်ကို၊ နမ်းခါ၊ နမ်းခါဖြင့် ခြင်းရာစကားဘယ်သည်များမှ မကြားနိုင်စွာ ဖန်ခါမျက်ရည် မဆည်တန်နိုင်၊ ဖြိုင်ဖြိုင်ဆီးလျက်၊ သက်ကြီးရှိုက်ငင် ဘဝင်ပြောင်းပြန် လန်လှမတတ် ဆံနှင့်ပွတ်သတ် ပါးနှင့်အပ်၍ အထပ်ထပ် ရှိုးလေသတည်း။

ထိုအခါ ခမည်းတော်မင်းကြီးက အကျွန်ုပ် သို့းသည်၊ သားကြီး ဘုရားကိုအလွန်စုံမက်နှစ် သက်လေးမြတ်ပေသည်ဟု မြွေးမတော် ယသော်ခရော၏ ဂုဏ် ကျေးဇူးကို ချီးကျူးလျှောက်သားရာ။ မြတ်စွာဘုရားက တကာသော် မင်းကြီးယခု စောင့်ရှောက် ထိမ်းသိမ်း၍ ဖြောင့်မတ် တည်ကြည်သည့်ဘား အံ့ဘွယ်မရှိသေး၊ ရှေးသော အခါ၊ စန္ဒကိန္နရီဖြစ်စဉ်က ဆွေ၊ ညာ၊ မိဘစောင့်ရှောက်သူမရှိဘဲမိမိကိုယ်ကိုမိမိစောင့်ရှောက်သဖြင့် ရှည်မြင့်စွာ စောင့်ရှောက် ဘူးပြီဟု စန္ဒကိန္နရီဇာတ်ကို ဟောတော်မူ၍ ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။



မြတ်စွာဘုရားသည် ယသော်ဓရာဒေဝီ၏ ဖူးမျှော်ခြင်းကို ခံတော်မူပုံ။

သုဒ္ဓေါဒန မင်းတရားလည်း ငါ့သားတော်အကြီးသည် ရွှေသီး၊ ရွှေနန်းကို စိုးစံခြင်းတည်းဟူသောလူမင်းစည်းစိမ်ကို ငြီးငွေ့သည်မှန်ပြီ။ နောင်သောအခါ ငါ့ရိပ်ရာကိုအုပ်ချုပ်၍ မင်းလုပ်ခိမ့်သောငှါ သားတော် မင်းနန္ဒကို နှမတော် ဇနပဒ ကလျာဏီနှင့် စုံဖက်၍ အိမ်ရှေ့ နှင်းမည်ဟု ကြံပြီးလျှင် ဘုရားသခင်ရောက်၍ သုံးရက် မြောက်သောနေ့၌ အိမ်တက် မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ ဥဿျှောင်ထုံး မင်္ဂလာ သင်္ကန်းစ် ဆောင်း မင်္ဂလာ၊ အိမ်ရှေ့ ထီးဆောင်း မင်္ဂလာ၊ ဤငါးဖြာသော မင်္ဂလာ သဘင်ကို ကျင်းပတော်မူ၏။ ထိုအခါ၊ မြတ်စွာဘုရားသည် ဆွမ်းခံ ဝင်တော်မူ၍ မင်္ဂလာ မဏ္ဍပ်တော်၌ ထူးမြတ်သော မင်္ဂလာတရားတော်ကို ဟောကြား ပြီးသော်၊ ညီတော် နန္ဒမင်းသားအား သပိတ်ကို ကမ်း၍၊ ထွက်တော်မူ၏၊ နန္ဒမင်းသားသည် ဘုရား၌ ရိုသေခြင်းဖြစ် သဖြင့် သပိတ်တော်ကို သူတပါးအားမပေးဝံ့၊ ပနံ့ထက်၌ ထမ်းကာသာ နောက်တော်က တစိုက်စိုက် လိုက်ရလေ၏။ ဇနပဒကလျာဏီ မင်းသမီးသည် လျှင်စွာ ထမြှော်၍၊ ရင်အုံ ဆွတ်မောလှ၍၊ စီးကျမျက်ရည် ဖြည်အပ်သော ဆံတို့ဖြင့် ငယ်သံ၊ ငယ်မူကို ဖြစ်စေလျက်၊ အရှင့်သား ရှည် လျားစွာ မနေပါလင့်၊ မြန်စွာပြန်ခဲ့လော့ဟု ဈော်ာက် လိုက်၏။ ထို စကားသည်၊ နန္ဒမင်းသား၏ သည်းချာ ဝမ်းပြင်၌၊ တံကျင် လျှိုသကဲ့သို့ရှိ၏။ မြတ်စွာ ဘုရားသည် ကျောင်း တော်သို့ ရောက်လျှင်၊ ညီတော် မင်းနန္ဒ ရဟန်းပြုနိုင်ပါမည် လောဟု မေး၏။ နန္ဒ မင်းသားလည်း ဘုရားရှင်၌ရိုသေ ခြင်းကြောင့်၊



မြတ်စွာဘုရားသည် ညီတော်မင်းနန္ဒာအား သပိတ်ကမ်းစေ၍ခေါ်တော်မူပုံ။

မပြုလိုပါ မဆိုဝံ့ရကား၊ ပြုပါမည်ဟုလျှောက်၏။ ဘုရားသခင်လည်း ရှင်သာရိပုတ္တရာကိုခေါ်တော်မူ၍၊ ညီတော်ကို ရဟန်းပြုစေ၏။ မင်းသားလည်း ထိုင်, တိုင်း၊ နေ, တိုင်းပင် နှမတော် မှာလိုက်သော အသံကိုကြား၍၊ စား ၊ မဖြောင့်၊ စက်မပျော်ဖြစ်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေသောအခါ။ ငါသည် လူ ထွက်၍ ထီးစက် နန်းရန်ကို ခံစံတော့မည်ဟု ကြံသည်ကို သိတော် မူသော ကိုယ်တော် မြတ်လည်းညီတော်မင်းနန်ကို ခေါ်၍ မြို့ငစခမ်းသို့ ကြွတော်မူ၏။ တောခရီး၌ မီးလောင်ပြင်စုံ တခုသော သစ်ငုတ်တိုဝယ် ဒိုမင်းဆိုးရွား မေးပါး ရှုပ်တွန့် နှာလွန့် ညိုးညိုး အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းဖြင့်အတိုင်းမသိ စက်ဆုတ် ဘွယ်သော မြောက်မ တကောင်ကို မြင်လျှင်၊ လက်ညှိုးညွှန်တော်မူပြီးသော် ထိုမြောက်မနှင့် ငါ့ညီနှမ။ ဇနပဒကလျာ ဤနှစ်ဖြာသည် သွင်ပြင်မူရာ။ ဘယ်သူကသာသနည်းဟု မေးတော်မူ၏။ ညီတော်လည်း အလွန်ပင်ဝမ်းနည်းရကား။ သည်းစွာ ငိုကြွေး၍ပြည့်တမ်းသော်၊ ကိုယ်တော် မြတ်က ငါ့ညီ သဘောကိုသိလို၍၊ ငါကျည်ဆယ်တော်မူသည်။ စိတ်မငယ်နှင့်ဟု မိန့်တော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့ တက်ကြွတော်မူ၏။

တာဝတိံသာ နတ်လမ်းမသို့ ရောက်သော အခါ။ ဝေဇယန္တာ နန်းရင်ပြင်၌၊ အရှင့်သိကြားမင်းအား ခစားအံ့သောငှါ။ တင့်တယ်စွာ တန်ဆာဆင်လျက်။ လာကုန်သော ခိုခြေအသွင်။ နီလွင်တောက်ပ။ အလွန် လှသော အဆင်း



ထုံမြောက်မနှင့် ငါ့ညီနှမ၊ ဇနပဒကလျာ၊ ဤနှစ်ဖြာသွင်မှ, ဘယ်သူကသာသနည်းဟုမေးပုံ

ရောင် ရှိကုန်သော ငါးရာ မျှသော နတ်သမီးတို့ကို၊ ခရီး ရင်ဆိုင်တွေ့ကြသဖြင့်၊ ညီတော်နန္ဒ ယာချခြင်သောနတ်ကညာ တို့နှင့် သာကီဝင်မင်းစစ်၊ ညီချစ်နှမ၊ ဇနပဒကလျာဏီသည် ဘယ်သူသာ၍ဆင်းလွန်ဝါကြူးအထူးတင့်တယ်ဘိသနည်း ဟု မေးတော်မူပြန်၏။ ဤနတ်သမီးတို့နှင့် စာနာပါမူ၊ ဇနပဒ ကလျာဏီသည် ယာခင်ပြတော်မူခဲ့သော မြောက်အိုမနှင့် တူပါတော့သည်ဘုရားဟု လျှောက်၏။ ဘုရားသခင်လည်း ညီတော်နန္ဒ ငါ့သာသနာ၌ ကောင်းစွာကျင့်ဘိလော့။ နတ်သမီးများ သင့်ထံသို့ ခ, စား လာစေ တတ်သော ပညာကို ငါ- ပေးတော်မူအံ့ဟုဆို၍ နတ်ပြည်မှ ပြန်ကြွတော်မူ၏။ ကျောင်းတော်သို့ ရောက်သော် လက္ခဏာရေး သုံးပါးနှင့် စပ်သော တရားဒေသနာကို ဂါထာဖွဲ့၍ ပေးတော်မူသဖြင့် နေ့, ည, မခြား၊ ထိုင်လျှက်။ ထလျှက်၊ နတ် ကညာတို့ လာ အောင် ရည်မှန်း၍ စီးဖြန်း သရဏ္ဍာယ်၏။ နတ်သမီး ရစိမ့် သောငှါ။ ရဟန်းပြုသည် စသဖြင့်၊ ပြက်ရယ်ပြု၍။ ကျည် ဆယ်ကြသော် ရှက်ရကား။ ကွယ်ဝှက်ရာ၌စီးဖြန်း၏။ စီးဖြန်း ဖန် များသဖြင့် တရား၏အဓိပ္ပါယ်သည် မျက်စိဝယ် မြင် သကဲ့သို့ထင်ရကား။ များမကြာမှီ၊ အရဟတ္တဖိုလ်သို့ရောက် လေ၏။

အခဆိတ်သီးကို ငှက်ပျောသီးမှတ်၍စားလျှင် သေ၏။ ငှက် ပျောသီးကို အခဆိပ်သီးမှတ်၍စားလျှင် မသေနိုင်။

တရားမှန်သောကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်လေ၏။



ညီဘော်နန္ဒ၊ ဤနတ်ကညာများနှင့် ဇနပဒကလျာဏီသည် ဆင်းဝါဘယ်သူသာသနည်းဟုမေးပုံ။

## ယသော်ဓရာသည် လွှမ်းဆွတ် ကြည်ကွဲစွာဖြင့် မောင်တော်ဘုရားအား သတိရတမ်းတခဏ်း။

ဥပေတွာ ပုဏ္ဏာဂံအင်္ကော၊
အာဂတံ မန္ဒ မာရုတော၊
မေ- ဂန္ဓနေ့ဘွာ ပဒေသောသိ၊
တုယှံ မေဿာ ပတာသတိ။

အဟ၊ မောင်တော် ဘုရား၊ ပစ်ခွာ သွားသည့် နောက်၊ သား- တယောက် အလှအား အထောက် ရပြီဟု၊ ဝမ်း အမြောက်ကြီးမြောက်၍ နေရသော ဘုရားနှမတော်သည်။ ပုဏ္ဏားနံ၊ ပဏ္ဏမြား ရုပ်ထုကဲ့သို့အဟုတ်ပင် နှုနယ်လှတယ်လို့ အများကပြောကြတဲ့၊ သားချော၊ သားလှလေးကို၊ အင်္ကော၊ သားတော်ကလေးကို၊ ပိုက်ထွေးဘို့ပင် အသင့်ဖြင့်တဲ့ ရင် ခွင် ပခက်၊ မယ့်ရွေ လက်တော် အပေါ် ထက်၌၊ နိသိဒ၊ ဘာကိုမှ မလွှဲမဖြင်းတော့ပါဘူး။ ရဲတင်း ကြည်သာ။ ထိုင် လှဲပါတော့မောင်။ ထပေတွာ၊ သားလှမျက်နှာ မက်စရာဟု ဝန့်စွာရှုစား ပွေ့လိုက်၍ထားအပ်သော၊ မန္ဒမာရုတော။ အေး အေးညှင်းညှင်း၊ ဘေးကင်းရန်ကြွေ၊ မြောက်က လာသော လေပြေကလေးသည်။ အာဂတော၊ ယနို့ ပေါင်းခြုံ ပန်း ပေါင်းစုံ၍၊ သုတ်ခါ သုတ်ခါ၊ လာသော အခါ၌၊ မေ ဂန္ဓနေ့။ တိ လွှာ၊ တိ ရိပ်၊ တိ လိပ်တွေခြုံ၊ တိ မှုံတွေသန်း၊ တိ ပန်းတွေဝေ၊ တိ မင်းလှင် အခိုးဆို့ဘဖြင့်၊ တမိုးလုံး ညို့၍ နေထသော၊ ဩနေစာပိ။ မိုးရိပ် တွေကလဲ၊ မြူးလို့

ပါဘုရား။ နေဦးကလဲ မလှဲ၊ တဘဲ့မှိုင်းညို၊ ချက်ခြင်း ပင်၊ ပြိုတော့မလိုနဲ့ ဘယ်နယ် ဘယ်ကမ်း။ မျှော်မှန်းမမြင် မိုးစင်း ကြီးတွေ ဆင်သ,တဲ့ နေ့အခါကြီး၌ အသုပတာ၊ ဖြေပါ သော်လဲမရ၊ တားပါသော်လဲ မနိုင်။ တဖြိုင်ဖြိုင် တဒီးဒီး ကျမျက်ရည် ယိုစီးသည်ဖြစ်၍၊ ဘတ္တုံ၊ ငယ်က ကြင်ဘက် ပလ္လင်ထက်က ရွှင်လျက်စောင့်စား၊မောင်ဘုရားကို။ သတိ၊ အကြောင်းကြောင်းတွေ တွေးတွေးပြီး။ မချိလှတဲ့ အခါမှာ အဟောင်းကြီးမို့လဲ သတိရပါသဖြင့်၊ မချိ,မလှ မကြေချမ်း နိုင်သည်ဖြစ်၍ တပည့်တော် မ,မှာ ဘုရား။ ဟို ... ရဝေနန်း သုဘဆောင် လယ်က၊ နောင်တကယ် အပူမပွားရအောင် ရှုမြင်တော်မူလှဲ့ပါးဘုရား။

## ရာဟုလာ အမွေတောင်းခန်း။

ဘူသနံ ရတနရံသီဟိ၊
ဘာသုရံ ရာဟုလံသုတံ၊
အာမန္တေတွာ ပဒဿေသိ၊
တုယှံ မေသော ပိတာဟိတံ။

ရတနရံသီဟိ၊ စိန်ကြောင် မြသား၊ ပတ္တမြားပုလဲ။ ရိုးရဲ ထိမ်ပြောင်၊ ရတနာရောင်တို့ဖြင့်၊ ဘူသနံ၊ အဆန်းတကြွယ် ချယ်လှယ်ပြုပြင် တန်ဆာဆင်၍ ထားအပ်သော၊ ဘာသုရံ။ ကိုယ်သွေးကိုယ်ရောင် ထိမ်ပြောင် တောက်လင်း၍ နေသော၊ ရာဟုလံ၊ ရာဟုလာအမည်ရှိသော သုတံ၊ ရင်သွေး ဥက္ကန်၊


သားတော် မြတ်ကို အာမန္တေတွာ၊ သားတော် သင်လျော မယ်မယ့် ထံသို့ အမြန်လာပါ ဟု ဆောလျှင်စွာ ခေါ်တော်မူပြီးသော်။ တာတ၊ မယ်မယ့် သက်စု သားရေဟု။ ဧသော ဟောဟိုက ကြွလာတော်မူ၊ ထွန်းဘုန်းလူသည်ကား၊ ဘုယ့် မယ်မယ့် သက်ထား သင် ချစ်သား၏ ပိတာ၊ သေချာစွာရှု ပေတော့ ရာဟုလဲ့ ဖခင် ကျေးဇူးရှင် အစစ်ကြီးပါပေတည်း။ ဣတိ။ ဤသို့သောစကားဖြင့် ညွှန်ကြား မိန့်ဆိုတော်မူလျက် တံ၊ ထိုဘွမ်းခံ လမ်း၌ ကြွမြန်း တုံငြား မြတ် ဘုရားကို၊ ပဒေသာတိ။ လက်ညိုးပန်းညွှန့် ကြိမ်ကြိမ် လွှန့်လျက်။ ကွန့် ကာ။ ကွန့်ကာ ညွှန်ပြတော်မူရှာလေသတည်း။

ထိုနောက်မှ ခုနှစ်ရက် မြောက်သော အခါ။ ရာဟုလာ မယ်တော် ယသော်ဓရာမိဖုရားသည်။ သားတော်ကို တန်ဆာဆင်ပြီးသော် ချစ်သား၊ ရာဟုလ္လာ ခုနှစ်သောင်း ခြံရံလျက် စမွယ်တော်မူသော ဤပုဂ္ဂိုလ် မြတ်ကား အခြား မဟုတ်။ သားတော်မောင် ဖခင် ကျေးဇူးရှင်ဖြစ်သည်။ မွေးသမီ ခင် နှင့် ရွှေနန်းအပြင်ဝယ် စံတော် မူသော ကာလက၊ တာယူ ဇနာ သုံးဂါဝုတ်မျှကျယ်သော ရွှေအိုးကြီး လေးလုံး သည် ရှိဘုန်၏ ထိုရွှေအိုးတို့သည်သားတော်ဖခင်တောဝင်သည့်နေ့ မှစ၍၊ မမြင်ရကုန်။ ဘယ်အရပ်။ ဘယ်အကွက်။ ဘယ်သူ့ လက်၌၊ လျှို့ဝှက်ခဲ့သည်ဟုမသိရပါ။ငါ့သားမှာမူ၊သိီးဖြူအုပ် ၍ မင်းလုပ်ရမည့်သူ ဖြစ်ချေသည်။ မောင် ဘုရားထံသွား၍၊

အနွေတောင်းချေလော့ဟု လွှတ်လိုက်၏။ ရာဟုလာ မင်းသားလည်း ဘုရားဆွမ်းဘုဉ်းပေးတော်မူရာအနီးသို့ ကပ်၍ ဘခင်၏ ချစ်ခြင်းဖြင့် ရဲတင်း ရွှင်လန်းစွာ မိမိနှင့် လျော်ရာ စကားကိုဆိုလျက်ရပ်၏ ဘုရားသခင် ကြွတော်မူလေသော် နောက်တော်က ကပ်၍သင်္ကန်းစကို ငင်လျက် ဘခင် ရဟန်းမြတ်၊အကျွန်ုပ်ကိုအမွေသနားတော်မူပါ။ အဖဥစ္စာဟူကားသားရမြဲဖြစ်ပါသည်ဟု တောင်းခါ၊ တောင်းခါ လိုက်၏။ ကိုယ်တော် မြတ်လည်း သားတော်ကို ပြန်လော့ ဟုလည်း အမိန့်တော်မရှိ။ ကျောင်းတော်သို့ရောက်အောင် လိုက်လေ၏။ ထိုအခါ မြတ်စွာဘုရားလည်း၊ ငါ့သားတော် ရာဟုလာသည်ဥစ္စာအမွေကိုအလိုရှိ၏။ ထိုဥစ္စာကား ဝဋ်တရား၌ ရှေ့သွားစွာကျင်လည်ရကြောင်း မကောင်းသောအဆောက်အဦးသာ ဖြစ်သည်။ မောင့်ဘမြတ်စွာ ငါဘုရားသည်ကြိုးစားကုပ်ကပ်၍ရှာရသဖြင့် မဟာဗောဓိပလ္လင်ရွှေဘုံ၌၊ အလုံးစုံရအပ်သော လောကုတ္တရာမဂ္ဂအမွေကိုငါပေးတော်မူမည် သာရိပုတ္တရာ၊ ရာဟုလာကို ရှင်ပြုဘိလော့ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်မောဂ္ဂလာန်သည် ဆံရိပ်၍ သင်္ကန်းဝတ်ပေး၏။ အရှင်သာရိပုတ္တရာသည် သရဏဂုံ ပေး၏။အရှင် မဟာကဿပသည် ဩဝါဒတရား ပေး၏။

ထိုသို့ သား-တော်။မြေး-တော်တို့ကို၊ ရဟန်းပြုလေလျှင် ဘခင် သုဒ္ဓေါဒန မင်းတရားသည်။ နှလုံးမသာ ခြင်းဖြစ်၍ ဘုရားသခင်ထံသို့ လာပြီးသော်၊ သားတော်ဘုရားကို ငယ် စဉ်ကပင်ရွှေနန်းစီးစိမ် ချမ်းသာတို့ဖြင့် မြှောက်စား ထားပါ သော်လည်း အကျွန်ုပ်အား မငဲ့ကွက်။ တောထွက်၍ ရဟန်း ပြုခြင်းကြောင့် အကျွန်ုပ်၌၊ ကြီးမားသော ဒုက္ခဝန်ကို ရရှိ ပါပြီ။ သည်နှင့်မနေ နန်းလျှာ ထားသည့် သား-မင်းနန်ကို တဖန်ယူ၍ ရဟန်း ပြုပြန် သောကြောင့်လည်း ကြီးစွာ စိတ်ဒုက္ခ ဖြစ်ရပါသည်။ သားကြီး၊သားငယ်ပင် ရဟန်းဖြစ် စေကာမူ၊ မြေးတော်ရာဟုလာ နန်းမှာ ကျန်ရစ်၍ ဧကရာဇ် မင်းကောင်း ဘေးလောင်းတော်တို့၏ အနွယ်မပြတ်။ ထီး နန်းကနက်ကို စိုးဆက် စံမြန်းကာ၊ စကြာမင်း အသရေကို ရှုမြင်ရပါမူ စိတ်က ပြေနိုင်ပါ၏။ သို့ပါလျက် မြေးတော် ရာဟုလာကိုလည်း ယခုရဟန်းပြုပြန်၏။ ခမည်း တော်မှာ အရိပ်အရာ ခံမည့်သူလည်း မရှိပြီ။ရာဇပဝေဏီ၊အစီအလျဉ်း ယုတ်၍ လူသစ်ငုတ်ကဲ့သို့ ဖြစ်ချေပြီ။ ယနေ့မှစ၍၊ မိဘတို့ အနှုးအညွတ် ခွင့်မလွှတ်သော သားသို့းတို့ကို အရှင်ဘုရား ယူ၍ ရဟန်းမပြုပါနှင့်ဟု လျှောက်၏။ ဘုရား သခင်လည်း ဝန်ခံတော် မူပြီးလျှင် ပဗ္ဗဇိတသုတ် ဒေသနာကို ဟောတော် မူ၏။ ထို့နောက် မဟာဓမ္မပါလဇာတ်ကို ဟောတော် မူ၏။ တရားအဆုံး၌ ခမည်းတော်မင်းကြီးသည် အနာဂါမ်တည် လေ၏။

☆ ☆ ☆



ရာဟုလာမင်းသား၊ သင်္ကန်းစကို ငင်၍လျက် အမွေသနားပါဟုတောင်းခါလိုက်ပုံ။

မြတ်စွာဘုရားသည် ဗာရာဏသီပြည် မိဂဒါဝုန်တော နန္ဒိယကျောင်း၌၊ ပဌမဝါ ဆိုတော်မူ၍ ဒုတိယ၊ တတိယ၊ စတုတ္ထ ဝါများတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ဝါဆိုတော်မူ၏၊ ထိုနောက် ဝေသာလီပြည် မဟာဝုန်တောဝယ် စုလစ်မွန်ချွန်တတ်သော ဇရပ်ကျောင်း၌၊ပဥ္စမဝါဆိုတော်မူ၏၊ ထိုနောက် မကုလ တောင်ချယားတော၌ ဆဋ္ဌမဝါ ဆိုတော်မူ၏၊ ထိုနောက် တာဝတိံသာနတ်ပြည် ဝယ်၊ ပင်လယ် ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ ထက်၌ သတ္တမဝါ ဆိုတော်မူ၏၊ ထိုနောက် အဂ္ဂတိုင်း၊ သုသုမာရဂိရိကို အမှီပြု၍၊ အဋ္ဌမဝါဆိုတော်၏၊ ထိုနောက် ကောသမ္ဗီပြည် ဃောသိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရိကာရုံ ကျောင်းသုံးရပ်၌ နဝမဝါ ဆိုတော်မူ၏၊ ထိုနောက် ပါလိ လေယျကတော၌ ပလလည်းဆင်မင်း၏ အလုပ်အကျွေးကို ခံ၍ အင်ကြင်းပင်ရိပ်၌၊ ဒသမဝါ ဆိုတော်မူ၏၊ ထိုနောင် နာဠ္ဍရွာအနီးနာဠိကာရုံကျောင်းကြီး၌ ဧကဒသမဝါဆိုတော် မူ၏၊ ထိုနောင် ဝေရဥ္စတိုင်း အနီး နာဠေရု ဘီလူး စောင့် ရှောက်အပ်သော တမာပင်ရင်း၌ ဒွါဒသမဝါဆိုတော်မူ၏၊ ထိုနောင် စာလိယ တောင်၌ တေရသမဝါ ဆိုတော်မူ၏၊ ထိုနောင် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ပင့်သဖြင့်၊ ဇေတဝန် ကျောင်းတော်၌ စုဒ္ဒသမဝါဆိုတော်မူ၏၊ ထိုနောင် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၊ ပန္နရသမဝါဆို တော်မူ၏၊ ထိုနောင် အာဠဝီပြည်အနီး မဟာဝုန်ကျောင်း

ကြီး၌ သောဠသမဝါဆိုတော်မူ၏။ ထိုနောင်ရာဇဂြိုဟ်ပြည့် ဝေဠုဝန် ကျောင်း၌၊ သတ္တရမဝါ ဆိုတော်မူ၏။ ထိုနောင် စာလိယာ တောင်၌ အာရသမဝါ၊ ကျွန ဝိသတိမဝါ ဆို တော်မူ၏။ ထိုနောင် ရာဇဂြိုဟ်ပြည်၌ ဝိသတိမဝါ ဆို တော်မူ၏။ ထိုနောင် သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော် ၌ မဲကဝိသတိမဝါမှစ၍ တဆယ့်ကိုးဝါတိုင်တိုင် နေတော် မူ၏။ ထိုနောင် ဝိသာခါ ဒါယိကာမ ဆောက်လုပ် လှူ ဒါန်းသော ပုပ္ပါရုံ ကျောင်းတော်၌ စတ္တာလီသ ဝါမှ စ၍ ခြောက်ဝါ တိုင်တိုင် ဝါဆိုတော်မူ၏။ အဆုံး စွန်သော ကာလ၌ကား ဝေဠုဝရွာ၌ ဝါကပ်တော်မူ၏။

....၀....

## ဝါဆို စဉ် ရှိ ခိုး ။

သုံးလူ့သခင်၊ ငါးမာရ်သင်၍ ပလ္လင်ပတ်ရံ၊ သတ္တ ဠဲခါန်ဝယ်၊ သတ္တာဟန်ဘွဲ့ စမ့်ါယ်ခဲ့ပြီး၊တဆယ့်ရှစ်ယူဇနာ ထိုမှကွာသည်၊ဗာရာ နဂရ မိဂဒဝ်၌၊နန္ဒိယဝိဟာ ပထမဝါတည့် ဒွါ၊ တိ၊ ဇယ၊ ရာဇဂဟံ ဝေဠုဝန်ပျော် ငါးသော်ဝေသာလီ လိစ္ဆဝိဝိဟာ ဆဝါမတုလ၊ သတ္တမ ဝတိံသာ၊ အဌာဘဂ္ဂ နဝမ- ကောသမ္ဗီ၊ ဂေါသီရွှေဘုံ၊ ရဂုံပလလေယျ၊ ဒသမတည်း နာဠပုဏ္ဏားရွာ ဧကဒသည်၊ ဝေရဥ် ဗာရည် တောင်မြတ်စာလိယ တေရသတည့် စုဒ္ဒသမဝါ၊ သာဝတ် တောင်စွန် ဇေတဝန်စံမှီ။ကပ္ပိဝန္ဒရည်၊ ကျောင်းမြတ်နိဂြောဓ၊ သော

ဋ္ဌဿမိ အာဋ္ဌာဝိတည့်၊ ဂိရိဗ္ဗဇ သက္ကရသာ ဆဲ့ရှစ် ဝါနှင့် နဝါဒသ စာလိယဆိုရာဇဂြိုဟ်ဝိသ ဤထိုမျှကား ပဌမဗောဓိ အာနိယတ်ဝါ နှောင်လာတွက်ဘွဲ့ နှစ်ဆယ့်လေးတန် ဇေတဝန်ပုဗ္ဗာ လှည့်လည်ကာဖြင့်၊ ခေမာနီးသော်။ရွာကြီးဝေဠုဝ ဝါတော်မျှ၍ ပဉ္စဝဂ္ဂါလိ အသိကြာယု တိုင်းသမှုဖြင့် ဤလူ့ သက္ကရာဇ် အင္ဂ၊ ဇော၊ ဇက်ဋ္ဌ၊ နှစ်သစ်ကဆုန် ပုဏ္ဏမီစေ့ အင်္ဂါနေ့တွင် နိဗ္ဗာန်ဝင်သား ရှင်ဘုရားကို ညွတ်တွားဓန္ဒာ ပူဇော်ပါ၏။

မြတ်စွာဘုရားသခင်သည်၊ ရာဇဂြိုဟ်၌ စကျဥ္ဇဝါ ပြည့်တော်မူလျှင်။ ဝေသာလီပြည်သို့ ဒေသစာရီ ကြွချီလေသော် မြို့အနောက်၊ စုလစ်မွန်ချွန် တတ်သော ဇရပ်သို့ ရောက်၍ သိတင်းသုံး နေတော်မူ၏။ တလကျော် ရှိလျှင်ပင်၊ ဘခင် သုဒ္ဓေါဒနမင်းတရား၌ ကြီးမားသည်းထန်စွာ ရောဂါကပ်လာ၍သားတော်ဘုရားကိုသွားပင့်ချေဟု အမတ်တယောက်ကို၊စေလိုက်သဖြင့် ဘခင်မင်းကြီးအား၊ ချီးမြှောက်လိုသော စိတ်တော်ရှိ၍ သင်္ဃာတော် ငါးရာနှင့် တကွ၊ ကိုယ်တော်မြတ်သည် ကပိလဝတ်ပြည် နိဂြောဓါရုံ ကျောင်းသို့ရောက်တော်မူ၍ သုံးရက်မြောက်သောနေ့၌ပင် ဘခင် သုဒ္ဓေါဒနမင်းကြီးသည်၊ တောဘူမက ခမ္ဗကို သင်္ခါရတင်လျက် ဆင်ခြင်သုံးသပ်သဖြင့်။ ဖြန့်အပ်သော ထီးဖြူ အောက်ဝယ် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန် စံယူလေ၏။ ဘုရားသခင်လည်း ဘခင် မင်းတရားကြီး၏ အလောင်းကို




မြတ်စွာဘုရားသည် ဘခင် သုဒ္ဓေါဒနမင်းကြီး၏ အလောင်းကို သဂြိုဟ်တော်မူပုံ။

ကောင်းမွန်တင့်တယ်စွာ တန်ဆာ ဆင်ယင်လျက် ရွှေနန်း ဥကင် အချက်ဝယ် ကြုံစကြာဝတေး မင်း၏ အလောင်းကို၊ သဘိုဟ်သောနည်းဖြင့် သဘိုဟ်တော်မူ၏။

မြတ်စွာ ဘုရားသည် ခမည်းတော်၏ ဈာပန ကိစ္စကို ပြီးဆုံးစေ၍၊ နိဂြောဓ ါရုံကျောင်းဝယ် စံမွေ ါယ်တော်မူသော အခါ မဟာပဇာပတိ ဂေါတမီမိဖုရားသည် ဘုရားထံသို့ ချည်းကပ်ပြီးလျှင် မယ်တော်မှစ၍ မာတုဂါမတို့ကို၊ ရဟန်း ပြုပ ါဟုလျှောက်၏ ဘုရားသခင် လည်း ငါဘုရား သာ-သနာ၌ မာတုဂ ါမ တို့ကို ရဟန်းပြုသဖြင့် မစင်ကြယ်ရာ ရဟန်းအဖြစ်ကို မနှစ်သက်လင့်ဟု မိန့်တော် မူသဖြင့်၊ မယ် တော် ဂေါတမီလည်း ဤသို့စကားဖြင့် သုံးကြိမ်တိုင်တိုင် လျှောက်ကြားပ ါသော်လည်း မြတ်စွာ ဘုရားသည်၊ ခွင့် သနားတော် မမူသဖြင့်၊ တသ, ငိုယိုကာ နန်းတော်သို့ ပြန်လေ၏။

ဘုရားသခင်သည် မဟာဝုန်တော ကူဋာဂ ါရဇရပ်တွင် သီတင်းသုံး နေတော်မူစဉ် မိထွေးတော် ဂေါ တမီသည် ဆံကို ဖြတ်စေပြီးသော် ဖန်ရည်စွန်းသော အဝတ် တို့ကို ဆီးလျက် သာကီဝင် မင်းသွီးအပေါင်းနှင့် တကွ၊ ဘုရားရှိ ရာသို့လိုက်၍ကျောင်းတံခ ါးဝယ် ပြင်းပြစွာငိုယိုလျက်နေ၏။ ထိုဒိုသံကို အရှင်အာနန္ဒာ ကြားသဖြင့် ဘုရား သခင်အား သုံး ကြိမ်တိုင်တိုင် လျှောက်ထားပေ၏။ ဘုရားသခင်လည်း



ခွင့်ပြုတော်မမူသော မယ်တော် ဂေါတမီသည်။ ကိုယ်တော် မြတ်အား ဝမ်းဖြင့် လွယ်သော မယ်တော် ရင်းထက် တုံး တက်မြင့်ကဲ၍ ဆင်းရဲခံရ၊ ယုယမွေးကျွေးသူ ဖြစ်ပါသည်၊ ကျေးဇူးရှင်ကို သခင် ဘုရား ခွင့်မသနားက နောက်လာ နောက်သားတို့သည်၊အမိ ဂုဏ်ကျေးဇူးကိုမနှိုင်းဆဘဲ ရှိပေ လိမ့်မည်ဟု ကျေးဇူးဂုဏ်ကို ချီးပ၍ လျှောက်ထားလေသော် ခွင့်ပြုတော်မူ၏။ မိထွေးတော် ဂေါတမီ မိဖုရားနှင့် ငါးရာ သော သာကီဝင် မင်းသမီးအပေါင်းတို့သည် ရဟန်း အဖြစ် ကို ခံယူကြလေကုန်၏။

မယ်တော် ဂေါတမီ မိဖုရား ယောက်မတော် ဇနပဒ ကလျာဏီတို့သည် ဘိက္ခုနီမ ပြုကြလေသော် ဘဒ္ဒကစ္စာနာ ရာဟုလာ မယ်တော်သည် ဤသို့ကြံ၏။ ငါတို့ဖခင် သုဒ္ဓေါ ဒန စောမြဖ်လှလည်း ဘဝကြေန် ငြိမ်းလေပြီ၊ နန်းရိုး ဥပရာဇ်ဖြစ်သော နန္ဒမင်းသားလည်း, တရားဘက်ပါချေပြီ။ ထိုနောက်၊ နန်းလျာ ရာဟုလာကိုလည်း ရှင်ချစ်ဘုရား ယူ လေပြီ။ ဤဘွဲ့သို့သာ ရဟန်း ပြုကြပါလျှင်၊ ကင်္လဝတ် ပြည်သည် သိမ်းနန်းဆက်ခံသူ မင်းဆုံး၍၊ သည်ဦးရာသည် ငါ၏ရင်နှစ် ရာဟုလာကို ဘုရားထံမှတောင်း၍ ဘိတ်သိတ် ခံစေအံ့ဟု ဘုရားသခင်ထံသို့ လာခဲ့၏ ဝေဠုဝန် ကျောင်းသို့ ရောက်သော အခါ၊ မြတ်စွာ ဘုရားအား ကိုယ်တော်၏ အကျိုးစီးပွားသာလျှင် ကျင့်တော် မူပါလင့်၊ သတ္တဝါတို့၏




ယသော်ဓရာဒေဝီသည်၊ရင်သွေးရာဟုလာကိုဘုရားထံ၌ တောင်းပုံ။

F 15.

အစီးအပွား၊ ဆွေတော်မျိုးတော်တို့၏ အစီးအပွားကိုလည်း ကျင့်တော်မူပါ။ ယခု ကပိလဝတ်ပြည်သည် ထီးဆောင်း နန်းနေသဉ်းချေပြီ၊ ဘုရားတပည့်တော်မ၏ သား၊ ရာဟုလာ ကို၊ သာသနာတော်မှ ထွက်စေ၍၊ ထီးနန်းဆက်ခံစေမှ၊ ဆွေ တော်ရှစ်သောင်းနှင့် ပြည်သူအပေါင်းတို့ ကိုးစားရာ ရှိပါ မည် သို့ဖြစ်၍ ရာဟုလာကို ပေးတော်မူပါဟု ယသော် ဓရာဒေဝီလျှောက်သော်၊ မြတ်စွာဘုရားသည်၊ ယသော်ဓရာ ဒေဝီအား၊ တရားဟောတော်မူ၍၊ ရဟန်းပြုစေ၏။ ဘဒ္ဒ ကဥ္စနာမိဖုရားလည်း သဒ္ဒါလေးပါးကို မြင်၍၊ အခြံအရံ ဖြစ်သောမောင်းမတို့နှင့်တကွ၊ ရဟန်းပြုကြကုန်၏။ မကြာ မီပင် တရားကိုလွန်စွာအားထုတ်သဖြင့်၊ ရဟန္တာဖြစ်လေ၏၊

သက္ကရာဇ် ၁၁၀ ပြည့် ဝါဆိုလ ရောက်သော် မြတ်စွာ ဘုရားသည်၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌၊ သီတင်းသုံး နေတော်မူသော အခါဝယ်၊ ရာဇဂြိုဟ်ပြည်မှ လိုက်လာကြကုန်သော၊ တိတ္ထိတို့သည်၊ အသပြာတသိန်းမျှ ထိုက်သော မဏ္ဍာပ်ကိုဆောက်စေပြီး လျှင်၊ ငါးတန်ပြာဋိ ဟာကို ပြအံ့ဟုသွင့်ကြကုန်၏။ ပသေနဒီ ကောသလမင်းကြီး သည်၊ ဘုရားထံသို့ကပ်၍၊ အရှင်ဘုရား အလို့ငှါ မဏ္ဍာပ် ဆောက်လုပ်ပါမည်၊ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှါ တန်ခိုး ပြာဋိဟာ ပြတော်မူပါဟုလျှောက်သော် ဘုရားသခင်လည်း မဆောက်လုင့်၊ သိကြားမင်းဆောက်လတ္တံ့၊ ဝါဆိုလပြည့်

နေ့တွင်၊ ကဏ္ဍာ အမည်ရှိသော သရက်ပင်ရင်း၌ ပြတော်မူအံ့ဟု မိန့်တော်မူ၏။ ထိုအခါ တိတ္ထိတို့သည်။ တယူဇနာ အတွင်းရှိရှိသမျှ သရက်ပင်တို့ကို ခုတ်ထွင် ဖျက်ဆီးစေ၏။ ဝါဆိုလပြည့်နေ့ ရောက် လတ်သော်၊ ဘုရားသခင် သည်၊ သာဝတ္ထိပြည်အတွင်းသို့ ဆွမ်းခံ ဝင်တော်မူလာစဉ် ကောသလမင်းကြီး၏ ဥယျာဉ်စောင့် ကဏ္ဍာမည်သော သူသည်၊ သရက်ဖြူသီးတလုံးကို မြတ်စွာဘုရား လက်တော်သို့၊ ကပ်လျှင်၊ အရှင်အာနန္ဒာလည်း ယခင်သရက်သီးကို သပိတ်ဖြင့် ခံတော်မူ၏၊ ထိုဥယျာဉ်အနီး၌ပင် ရပ်တော်မူသော ညီတော် အာနန္ဒာလည်း ပခုံးထက်၌ ပါလာသော သင်္ကန်းတော်ကို ခင်းပေး၏။ မြတ်စွာဘုရားသည် ထိုင်တော်မူပြီးလျှင်။ သရက်သီးကို ဘုဉ်းပေးတော် မူ၏။ သရက်စေ့ကို ဥယျာဉ်စောင့်အား ဤနေရာ၌စိုက်လော့ဟုအပ်တော်မူ၏။ ဥယျာဉ် စောင့်လည်း မိန့်တော်မူသည့်အတိုင်း စိုက်သော်၊ ကိုယ်တော်မြတ်လည်း စိုက်ရာမြေထက်၌၊ လက်ဆေးတော်မူ၍၊ လက်ဆေးရေ၊ မြေသို့ကျလျှင်ပင်၊ မီးခိုးကဲ့သို့ ဖြိုးဖြိုးလုံးလုံး အညှောင့်အကိုင်း၊ အခက်တို့သည် အဖြာဖြာ ထွက်၍၊ တခဏခြင်း တွင်ပင် အမြင့်အားဖြင့် သံတောင် ငါးဆယ်။ အကျယ်အပြန့် အားဖြင့်၊ သံတောင် တရာရှိသော ငါးဖြာသော ခက်မ၊ တရာငါးဆယ်သော ခက်သေး၊ မွေးလှ စွာသော အရွက်၊ အပွင့်၊ အသီးနှင့်ပြည့်စုံသော သရက်ပင် ကြီးသည် ဖြစ်၏။ ဥယျာဉ်စောင့် မြင်လျှင်၊ သာရှင် ဝမ်းမြောက်စွာ



ရေအစုံ၊ မီးအစုံသော တန်ခိုးပြာဋိဟာပြတော်မူပုံ။

ကချန် မြူးတူးလျက်၊ သာဝတ္ထိပြည်တွင်၊ အိမ်စဉ် အတိုင်း ကြွေးကြော်၍၊ ကောသလ မင်းကြီးအားလည်း လျှောက် လေ၏။ မင်းကြီးနှင့်တကွ။ မင်းညီ၊ မင်းသား၊ မိဖုရား၊ မှူး မတ် သေနာပတိတို့သည်၊ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခြင်းကို၊ ဖူးမျှော်ရန် လာကြကုန်၏။ သိကြားမင်း သည်။ လေနတ်သားကိုခေါ်၍၊ မလျှော် သာ အကြံရှိသော

တိတ္တိတ္တိရိမဏ္ဍာပ်ကို လေမရှိတိုင်းဖြင့်ခတ်၍၊ ဖျက်ဆီးစေ၏။ မိုးယန်းနတ်သား ကိုလည်း တိတ္တိတ္တိ အပေါ်တွင် တည်းခိုရာ မရအောင် ရှုသွန်းစေ၏။ ပုရောဟိတသာပ တိတ္တိကြီးလည်း လည်တွင်ကြိုးနှင့် အိုးရစ် ဆွဲပြီးသော်။ မြစ်ရေ ဝဲကြီး၌၊ ဆင်း၍ သေလေ၏။

ဘုရားကိုယ်တော်မြတ်လည်း သုံးဆယ့် ခြောက်ယူဇနာ ရှိသော မြေအရပ်၌၊ ခြေရာစပ်မှု ပရိသတ်တို့ စည်းဝေး ရောက်လာကြသည်ကို မြင်လျှင်၊ ယူဇနာဝက် ပမာဏ မြင့်သောကောင်းကင်ပြင်၌၊ အရှေ့စကြာဝဠာမှ၊အနောက် စကြာဝဠာ ခိုက်အောင်၊ ရတနာစင်္ကြံကို ဖန်ဆင်းတော် မူ၍။ ထိုနေ့ မွန်းယိမ်းသော အခါဝယ်၊ ဂန္ဓကုဋိ တိုက် တော်မှထွက်၍၊ ရတနာစင်္ကြံဦး၌ ရပ်တော်မူ၏။ လောက ပါလ် တသိန်း၊ ထစ်ချိန်းပဲ့တင်၊ သံရှည် ကျည်ဟီး၊ မြေ ကြီးခုံလှုပ်၊ အစုံကြိုက်သော ယမိုက်တော်သံကို ဖြစ်စေ လျှက်။ ကိုယ်တော်မှလည်း ရေအစုံမီးအစုံနှင့် တကွ။ ညို သော ရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်။ ဖြူသော ရောင်ခြည်တော်။ မောင်းသော ရောင်ခြည်တော်။ ဖြိုးဖြိုးပြက်၊ ရိုးရိုးရက် တခဲ နက်သော ရောင်ခြည်တော် တို့သည်။ ပျံကာ နှံကာ၊ ဘဝဂ်တိုင်အောင် တပြောင်ပြောင် တက်လေ၏၊ အောက်အဘို့ ဖြစ်သော ကိုယ်တော်မှ ရေ အယဉ်သည် သွင်သွင် တီးတီး ယိုစီး ထွက်ဖြာလျှက်။ စကြာဝဠာ နရန်း။ ရစ်သန်း ဖြိုးနက်။

မိုယ်းကြိုးစက်ဘဲ့သို့ အောက်ထက် အုပ်လွှမ်း။ တင်းကြမ်း နှစ်မြူပ်၊ သဲသဲဂုတ်မျှသော ရေအယဉ်သည် ဖြစ်၏။ ထို နောက်တဖန်၊ အောက်ကိုယ်တော် မီးအလျှံ တောက်ပြန် လတ်သော်၊ အထက် ကိုယ်တော်မှ၊ ရေအယဉ်သည် ဖြစ်၏။ ရှေ့မီးလျှံ။ နောက် ရေအယာဉ် ပြောင်းကာ၊ ပြန်ကာ အထူးထူးဖြစ်လေ၏၊

ထိုအခါ မြတ်စွာဘုရားလည်း၊ ကိုယ်တော်ပွား၊ နိမ္မိတ ဗုဒ္ဓတဆူကို၊အသွင်တော်တူဖန်ဆင်းတော်မူ၍၊ ကိုယ်တော် စကြံကြွတော် မူလတ်သော် နိမ္မိတဘုရားသည် လျောင်း ၏၊ ကိုယ်တော်လျောင်းသော်၊ နိမ္မိတဘုရား ရပ်တော်မူ၏။ နိမ္မိတဘုရားသည် ထူးပြား နက်နဲသော ပြဿနာကို မေး တော်မူ၍၊ ကိုယ်တော် ဖြေတော်မူ၏။ အကြား အကြား၌ တရားဟောတော်မူ၏၊ ဤသို့ တန်းခိုးပြာဋိဟာကို ပြုတော် မူပြီးသော်၊ မယ်တော်နတ်သားအား တရားဟောတော်မူ ကြသော ရှေးဘုရားတို့ ဓမ္မတာကို မြင်တော် မူသဖြင့်၊ ထိုဝါဆိုလပြည့်နေ့ညချမ်းဝယ်၊ တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၏။

ဘုရားသခင်လည်း၊တန်းခိုးပြာဋိဟာကိုပြုတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့တက်ခြင်းငှါ၊လက်ျာခြေတော်ကို ချီတော်မူလျှင်၊ ယုဂန္ဓိုရ် တောင်ထိပ်သည်။ ဦးညွတ် ညွတ်ပြားလျက်၊ ဘဝါးတော် အောက်တွင် ခံလာ၏၊ ထို တောင်ထိပ်ထက်၌၊ လက်ျာခြေတော်ကို ချပြီး၍၊ လက်ဝဲမှ

တဖန် ချပြန်လျှင်၊ မြင်းမိုရ် တောင်မင်းသည်၊ ချေတော် အောက်သို့ ညွတ်ခံလာ၏။ သိကြား မင်းလည်း နတ်မူးမတ်တို့နှင့်တကွ၊ ခရီးဦးကြိုဆိုလာ၏။ မြတ်စွာဘုရားသခင်သည် ပင်လယ်ကသစ်ပင်ရင်း၌ တည်သော၊ ပဏ္ဍုကမ္ဗလာ။ မြ-ကျောက်ဖြာ၌ စံပါယ်တော်မူ၏။ အထက် ဝန်းကျင်သော အရပ်မှ၊ နတ်ဗြဟ္မာ အပေါင်းတို့၊ ဝန်းရံကာရောက်လာကြ၏။ ထိုပရိသတ်တို့၏ အလယ်၌ နေ၏။ မယ်တော် ဖြစ်ဘူးသော၊ သံတုသိတာနတ်သားသည် ဘုရားသခင်၏ လက်ျာနံပါး၌ နေတော်မူ၏၊ နတ်တို့ကား၊ ကြီးမားသော ဥာဏ်အမြင်ရှိ၏။ သိမ်မွေ့နက်နဲ မြင်နိုင်ခဲသော ပရမတ္ထ တရားနှင့်သာ လျော်၏ဟု မြတ်စွာဘုရားသခင် ဆင်ခြင်တော်မူ၍၊ ကုသလာဓမ္မာ၊အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာ အစရှိသော၊ အဘိဓမ္မာ ဒေသနာတော် မြတ်ကို၊ ဟောတော်မူ သထည်းဖမ္ဗူဒိပ်ကျွန်းလူ့ပြည်၌ နေဝန်းတက်ချိန်သင့်လတ်သော်၊ ကိုယ်တော် မြတ်သည် သွင်ပြင်ဟန်ဖန်၊ အသံရုပကာ ရည်တူမျှသော နိမ္မိတဘုရားကို ဖန်ဆင်း၍၊ တရားကို ဟောကြားစေသတည်းဟု၊ ဝိဋ္ဌာန်တော် မူလျှက်၊ ထားခဲ့ ပြီးလျှင် ကိုယ်တော်အစစ်မူကား။ ဟိမဝန္တာတော ဆေးတန်းမြင်းသီလာကျောက်မြေ၌ ရပ်တော်မူလျှက်၊ အနော်တတ်အိုင်သို့ သက်လျှက်။ နတ်နဂါးတို့ လှူလာအပ်သော၊ နာဂလတာ ကွမ်းရိုးဒန်ပူတို့ဖြင့်ခံတွင်းတော်မျက်နှာတော်ကိုသန့်ရှင်းစေတော် မူပြီးသော်၊ ဥတ္တရကုရု မြောက် ကျွန်းသို့ ဆွမ်းခံ

ကြွတော်မူ၏။ ထိုကျွန်းသူ ကျွန်းသား တို့လည်း ဘုရားဟူ၍၊ အမှတ်မရှိ၊ မိမိတို့ ကိုးကွယ်သော နတ်မင်းဟု၊ မှတ်ထင်လျက်၊ နတ်သုဒ္ဓါ ကဲ့သို့သော ဆွမ်းကို လှူကုန်၏။ ကိုယ်တော်မြတ်လည်း။ အနောတတ်အိုင်အနီး၌၊ ဆွမ်း ဘုဉ်းပေးပြီးသော်၊ စန္ဒကူးတောသို့ဝင်၍၊ နေ့သန့်တော်မူ၏။ ထိုအခါ ဓမ္မသေနာပတိဖြစ် သော ရှင်သာရိပုတ္တရာ ကြွလာပြီးသော် ခြေတော်ကို ဆုတ်နယ်ခြင်း။ သုံးရေ၊ သောက်ရေ၊ တည်ခြင်း။ ယပ်လေခတ်ခြင်း စသော၊ ဝတ်ကြီးဝတ်ငယ်ကို ပြုလာ၏။ မြတ်စွာဘုရားလည်း ဤမျှ လောက်သော တရားကို၊ နတ်တို့အား ဟောကြား ခဲ့သတည်းဟု အကျဉ်းအားဖြင့် မိန့်ကြား နည်းပေး တော်မူ၏။ ဘုရားသခင် ညချမ်းအခါ၊ တာဝတိံသာနတ်ပြည်သို့တက်လျှင်၊ ရှင်သာရိပုတ္တရာသည် လူ့ပြည်သို့ လာလျက်။ မြတ်စွာ ဘုရားထံမှ သင်ခဲ့သော အဘိဓမ္မာကို၊ မိမိတပည့် ရဟန်းငါးရာ တို့အား၊ သင်ကြား၏။ ဤနည်းအားဖြင့်၊ မြတ်စွာဘုရားသည်၊ ဝါတွင်း သုံးလပတ်သုံး၊ အဘိဓမ္မာ ဒေသနာတော်ကို။ ဟောတော်မူသော်၊ အဆုံး၌ ကုဋေရှစ်သန်းသော နတ် ဗြဟ္မာ တို့သည် သစ္စာလေးပါး တရားကို မြင်ကုန်၏။ မယ်တော် နတ်သားလည်း သောတာပန် တည်လေ၏။ သီတင်းကျွတ်လပြည့်နေ့ ရောက်လတ်သော်၊ မြတ်စွာဘုရားသည်၊ နတ်ဗြဟ္မာအပေါင်း ခြံရံလျက်၊ နတ်ပြည်မှ၊ သင်္ကာသ နဂိုရ်ပြည်သို့ ပတ္တမြား စောင်းတန်းဖြင့်၊ သက်ဆင်းတော် မူလေ၏။

မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ကိန်းအောင်း စံပါယ်တော်မူစဉ်၊ ရဟန္တာငါးရာနှင့်တကွ အာကာသခရီးဖြင့်၊ နန္ဒောပနန္ဒ နဂါးမင်း၏ ဗိမာန်ပေါ်သို့ ကျော်၍ ကြွတော်မူ၏။ ထိုအခြင်းအရာကို နဂါးမင်း မြင်လျှင်၊ မျက်မာန်ပေါက်၍၊ ဤဦးပြည်းရဟန်းသည် ကြီးသူမြတ်သူဟူ၍ မချင့်တွက်၊ ငါ့ ဦးခေါင်း ထက်သို့ ကျော်၍၊ ဘဝါးချေမှုန့်ကို ကျဲဖြူးကာ လူးလာခတ် ကူးသန်း ပေသည်၊ ဤသို့ အသွားအလာကို ငါခွင့်မပေးအံ့၊ အကယ်၍ မရှောင် ကွင်းမူ၊ ငါ၏ခံတွင်း၌ သေစေအံ့ဟုကြံ၍၊ ကြီးစွာသော ကိုယ်ကို ဖန်ဆင်း၍၊ ယူဇနာ ရှစ်သောင်း လေးထောင် လုံးအရပ် ဆောင်သော၊ မြင်းမိုရ် တောင်မင်းကို၊ အရင်းမှ အဖြားတိုင်အောင်၊ ကိုယ် အခွေဖြင့်၊ ခုနှစ်ဆင့် ပတ်ရက်လျက်၊ တောင်ထိပ်ထက်၌ တည်သော တာဝတိံသာ ပြည်အလုံးကို၊ ပါးပျဉ်းဖြင့် အုပ်ဖုံးကာနေ၏။ ရဟန်းတို့သည်၊ ယုဂန္ဓိုရ် တောင်စွန်းနှင့် မျှသော၊ မိုဃ်းလတ်သို့ ရောက်သော်၊ ဘုရားသခင်အား ဘုန်းတော် ကြီးမြတ်သော မြတ်စွာဘုရား၊ တပါးအခါ ဤဌာနသို့ ရောက်လျှင်၊ မြင်းမိုရ်တောင်ကိုရင်း၊ တာဝတိံသာ နတ်ပြည်ကိုရင်း၊ ဝေဇယန္တာပြာသာဒ်ကိုရင်း၊ တန်ခွန်တိုင်ကိုရင်း၊ မြင်ရပါသည်၊ ယခုအခါ၊ ဘယ်နေရာကိုမျှမမြင်ရပါ၊ "မိန်းမြညို့မှောင်လျက်သာထင်ပါသည်၊ အဘယ်အကြောင်း ဖြစ်ပါသနည်းဟု နားတော် လျှောက်တင်သော်၊ ဘုရားသခင်က၊ နန္ဒောပနန္ဒ

နဂါးသည်၊ သင်တို့အား၊ အမျက်ရှိသောကြောင့်၊ နတ်ပြည်အသုံးကို၊ ဖုံးလွှမ်းထားသတည်းဟု မိန့်တော် မူလျှင် အရှင် မောဂ္ဂလာန်က၊ ဤနန္ဒောပနန္ဒ နဂါးကို၊ ဘုရား သားတော် ဆုံးမပါမည်ဟု လျှောက်၏။ ဘုရား သခင်လည်း၊ ခွင့်ပြုတော် မူ၍၊ သဃ်္ဃာတော် အစုံနှင့် ယုဂန္ဓိုရ် တောင်ထိပ်ထက်၌တက်၍ ရပ်တန့်တော်မူ၏၊ အရှင် မောဂ္ဂလာန်လည်း၊ နဂါးကြီးသဏ္ဍာန်ကို ဖန်ဆင်းလျက်၊ နဂါးမင်း၏ အထက်၌။ တဆဲ့လေးထပ် ပတ်ရစ် ပြီးသော်၊ နဂါးမင်း ဦးခေါင်းပေါ်၌ မိမိပါးပျဉ်းကိုအုပ်လျက် မလှုပ် မလွန့်နိုင်အောင်၊မြင်းမိုရ်တောင်ဖြင့် ညှပ်၍ကြိတ်၏။ နန္ဒောပနန္ဒလည်း အမျက်ပြင်းစွာထွက်၍ ကိုယ်မှ အခိုးအလျှံ ထွက်၏။ ရှင်မောဂ္ဂလာန်လည်း အခိုးအလျှံ ထွက်သော်၊ နဂါး၏အလျှံသည် အရှင့်အား မနှိပ် စက်နိုင်၊ အရှင်မြတ်၏ အလျှံသာ နဂါး၏အသားအရေကို၊ဘောက်ခွဲ၊ညှင်းဆဲနှိပ်စက်လေ၏။ နန္ဒောပနန္ဒသည်၊ ငါ့အား နှိပ်စက်သည်ကားအဘယ်နည်းဟု။ မေး၏၊ ငါကား ဘုရားသခင်၏ လက်ဝဲတော်ရံ ဖြစ်သော ရှင်မောဂ္ဂလာန် မထေရ်တည်းဟုဆိုသော်၊ ရဟန်းအသွင်ကို ပြဦးမှ ယုံကြည်အံ့ဟုဆိုလျှင်၊ ရဟန်းအသွင်ကို ပြ၏။ နဂါးမင်းကလည်း လူသားဖြစ်လျက်၊ ငါ့အမျက်ကို ခံနိုင်အံ့လော ဟု အံသွားကိုကြိတ်လျက်၊ အဆိပ်နှင့် တကွ၊ နှာခေါင်း လေဖြင့်မှုတ်၏။အရှင်မြတ်ကလည်း မတုန်မလှုပ် ရှိလေလျှင်၊ ခံတွင်းတွင်ကျစေအံ့ဟုကြံ၍ တဖန် ခံတွင်းဖြင့် ဟင်မျို၏။

အရှင်မြတ်လည်း ခံတွင်းမှဝင်၍ လျှာပေါ် ၌ရှိရင်း၊ ဝမ်းတွင်း အရှုအစည်ဖြင့်ရှိရင်း၊ စကြိုးကြွ၏။ နှာခေါင်းပေါက်မှရှိရင်း ထွက်၏။ နဂါးမင်းလည်း ပြင်းစွာဒေါသဖြင့် အစွမ်းရှိသမျှညှင်းဆဲသော်လည်းအရောမထင်၍၊ အရှင်ကား တန်ခိုးကြီး မားလှ၏ဟု၊ နဂါးကြီး၏ သဏ္ဌာန်ကို ပယ်လျက်၊ နဂါးငယ် အသွင်ဖြင့်၊ သိတာ ရေပြင်သို့ သက်၏။ အရှင်မောဂ္ဂလာန်လည်း ဂဠုန်အသွင်ဘန်ဆင်း၍လိုက်၏။ နဂါးက လူသားအဟန် ဘန်ဆင်း၍နေလျှင်၊ အရှင်မြတ်လည်း၊ နတ်ဘီလူးသဏ္ဌာန်ဖြင့် လိုက်စားဟန်ပြု၏။ ထိုအခါမှ နန္ဒောပနန္ဒနဂါးလည်း အလွန်ကြောက်လန့်ရကား၊ လုလင်အဟန် ဘန်ဆင်းပြီးလျှင်၊ အရှင်ဘုရား အကျွန်ုပ်ကား၊ မှားခြင်းကြီး မှားချေပြီ။ အရှင်မြတ်တို့အား လေးမြတ် ရိုကြိုး ကိုးကွယ်ပါတော့မည်ဟုဝန်ခံလျက် ဦးဖြင့် တိုက်လျက်နေ၏။ အရှင် မြတ်ကလည်း၊ အချင်းပနန္ဒ၊ ထ လော့၊ လူသုံးပါး တို့၏ ချမ်းသာကို ဆောင်တော် မူတတ်သောမြတ်စွာဘုရားသည်၊ သင့်အား သနား ဂရုဏာဖြင့်၊ ကြွတော် မူလာ၍၊ ယုဂန္ဓိုရ် တောင်ထိပ်ဝယ်၊ စံပါယ်တော် မူသည်။ သင်-လိုက်ခဲ့လော့ဟု ခေါ်၍၊ ရှေ့တော်သို့ ဆောင်လာ၏။ မြတ်စွာဘုရားလည်း၊ နဂါးနှင့် လျှောက်ပတ်သော တရားနှင့်၊ ဆုံးမတော်မူ၍၊ ဥပသကာအဖြစ် ပြုတော်မူပြီးသော် အနာထပိဏ်သူဌေးအိမ်သို့ ကြွတော်မူ၏။

☆ ☆ ☆

## ဗကပြဟ္မာကို ချွတ်တော်မူခန်း။

ဘုရားသခင်သည် ဇေတဝန် ကျောင်းတော်၌၊ နေတော်မူစဉ်၊ တနေ့သောအခါ၊ အာဘဿရဘုံ၌၊ မိစ္ဆာဒိဋ္ဌိ အယူရှိသော ဗကပြဟ္မာကိုမြင်တော်မူ၏။ ထိုပြဟ္မာကား။ ငါတို့ပြဟ္မာသည်။ မြဲသောနိစ္စသုခ ဝချမ်းသာ ရှိ၏။ အိုခြင်း။ နာခြင်း၊ သေခြင်းဆင်းရဲမရှိ၊ အတိသုခဖြစ်သော နိဗ္ဗာန်ပင်တည်းဟု အယူရှိ၏။ မိမိ အနီးအပါး၌ ခုနှစ်ကျိပ် နှစ်ယောက်သော ပြဟ္မာတို့လည်း ဤသို့ပင် အယူရှိ၏။ ထိုအယူကို ဖျောက်ခြင်းငှါ၊ ဘုရားသခင်သည်၊ ကွေးထားသောလက်ကို ဆန့်သကဲ့သို့ တမဟုတ်ခြင်း၊ ပြဟ္မာ့ပြည်သို့ ကြွရောက်တော်မူသည်ကို၊ ဗကပြဟ္မာမြင်လျှင်၊ အရှင်ဘုရား အကျွန်ုပ်တို့ပြဟ္မာပြည်သို့ လာခြင်းသည် ကောင်းသော လာခြင်း ဖြစ်ပါပေ၏။ အကျွန်ုပ်တို့ ပြဟ္မာ့ပြည်၌ ဖြစ်လျှင်၊ မအို၊ မသေ။ အမြဲနေရသော ရွှေပြည်နိဗ္ဗာန်မှန်တော့သည်ဟု လျှောက်၏။ ထိုစကားကိုကြားလျှင်ဘုရားသခင်ကလည်း။ထက်ဝန်းကျင်မှ လာသော ပြဟ္မာတို့ကို သက်သေထား၍။ တရားပြတော်မူခြင်းငှါ၊ အို ..... ပြဟ္မာအပေါင်းတို့၊ ဤဗက ပြဟ္မာသည် အဝိဇ္ဇာမှောင်တိုက်သို့ ဝင်ဘိ၏။ ပြဟ္မာ့ပြည်ကိုပင်၊ နိဗ္ဗာန် ထင်မှတ်ဘိ၏ တကား။ အနိစ္စကိုပင်နိစ္စ။ အသုခကိုပင်သုခ၊ ထင်မှတ် ပြောဆိုဘိ၏။ ဝဋ်တရား၏ ကင်းရာ နိဗ္ဗာန်သည် ကောန်အမှန်ရှိပါလျက်၊ မသိရှာလေတကားဟု မိန့်တော်မူ၍ ရှေးအတိတ်ကိုဆောင်၍ အနိစ္စတရားကို ဟောတော် မူ၏။

တရားအဆုံး၌ ဇကပြဟ္မာသည်၊ မိန္တဂါဒမှ ကင်းစင်၍၊ သင်္ဂြိုဟ်လေးပါး အမြိုက်တရားကို ရလေ၏။

## အင်္ဂုလိမာလကို ဆုံးမတော်မူခဏ်း။

ကောသလတိုင်း၊ သာဝတ္ထိပြည် ကောသလမင်းကြီး၏ ပုရောဟိတ်အဂ္ဂကပုဏ္ဏားဏ်မယား၊မန္တာနီပုဏ္ဏေးမ၌၊ သား ယောကျ်ားဖွား၏၊ ထိုသားဖွားသည်နှင့် တပြိုင်နက်၊ အလုံး စုံသောလက်နက်တို့ အလျှံအဝါ တောက်ပ၏။ နက္ခတ်ကို ရှုကြည့်သော်စောရနက်နှင့်ယှဉ်သည်ကိုမြင်၏၊ ဤသားသည် သူခိုးကြီးဖြစ်လတ္တံ့ဟု ဗခင် ပုဏ္ဏားသည်သိ၏၊ ပုဗ္ဗနိမိတ်ကို ယူ၍၊ ဟိံသကဟူ၍ အမည်မှည့်၏။ သူငယ် အရွယ်ရောက် သော် အတတ်ပညာကို၊ အဝေးမြို့ရွာ၌ ထား၍ သင်ကြား စေခြင်းသည်၊ ပညာကိုလုံ့လပြု၍သင်ကြားစေခြင်း။ အရပ် ဒေသကို ကျွမ်းခြင်း။ မိတ်,ခင်ပွန်း,တို့နှင့် လိုက်သျှောတတ် ခြင်း။ အကျိုးများကြောင့် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာထံ လွှတ်လိုက်၏။

ဟိံသကလည်း ဆရာ၏ ဝတ်ကြီး၊ ဝတ်ငယ်ကို လွန်စွာ ဆောင်ရွက်၍၊ ပညာကိုသင်၏။ ဆရာကလည်း ဟိံသက

အား ရင်နှစ်သားကဲ့သို့လေးမြတ်သည်ဖြစ်၍၊ အဟာတ်မျိုးကို ကဲလွန်စွာ သင်ကြား၏။ ထိုအခါ၊ ရှေ့ဦးစွာ နေလင့်သော တပည့်တို့သည်၊သုံးသင်းခွဲလျက်၊ ဆရာထံကပ်၍၊ ဟိံသက သည်၊ ဆရာ၏မိန်းမနှင့် ချစ်ကျွမ်း ဝင်၍၊ ဆရာကိုပင် ဖြစ် မှားအံ့ ကြံစည်သည်ဟု ဆိုကြကုန်၏၊ ဒိသာပါမောက္ခ ဆရာသည်း မယုံကြည်ဘဲ၊ ပြင်းစွာ အမျက် ထွက်သည် ဖြစ်၍၊ ထိုနောက် တသင်းသောတပည့်တို့လည်း ထိုနည်း တူပင်ပြောကြ၍။တတိယတသင်းလည်း ထိုနည်းပင်၊ ပြော ကြ၍။ ပြောဖန်များသော်။ ဆရာသည် ဟုတ်နိုးအံ့ ထင်၍၊ သဘ်ခြင်သောစိတ် ဖြစ်ငြီးလျှင်၊ ဟိံသကကို ခေါ်၍၊ သင့် အား၊ အကြွင်းမထားဘဲ အတတ်ကိုသင်အံ့။ ငါ့အား လူ၏ လဘ်ညှိုး တထောင်ဖြင့်၊ ပူဇော်ရမည်ဟု ဆိုသော်ဟိံသက လည်း၊ လက်နက်ငါးပါးကိုပွဲ၍၊ မြို့မှထွက်ခဲ့ပြီးလျှင် တော အုပ်၌နေလျက်၊ခရီးသွား၊ မိန်းမ-ယောကျ်ား တို့အား၊ ဘမ်း ကာသတ်လျက်၊ လက်ညှိုး နှစ်ချောင်းကိုသာ ယူ၍၊ သစ် ခက်၊ သစ်ခွတို့၌ မရေမတွက်ဘဲ စုထား၏။ ကျီးငှက်တို့ စား သဖြင့်၊ ထားတိုင်း ပျောက်ပြက်သည့် ဖြစ်သော်၊ ရသမျှ လက်ညှိုးတို့ကို၊ ကြိုးဖြင့် သီကုံး၍၊ လည်တွင် ဆွဲထား၏။ ထိုအခါမှစ၍၊ အင်္ဂုလိမာလဟူသော အမည်ကို လူတို့ခေါ် ဆိုကြကုန်၏။ တစုံတယောက်သောသူကို မြင်လျှင်၊နံဘေး တင်သားကို လက်ဝါးဖြင့် ပုတ်လျက်၊ တမဟုတ်ခြင်း ပြေးလာ၍၊ ဦးခေါင်းကိုသာဖြတ်လေ၏။ ထို့ကြောင့် တော

ကျေးရွာသူ၊ ရွာသား များတို့သည်၊ သာဝတ္ထိပြည် အနီး ရွှေ့ပြောင်းကြ၍ ဆူးတပ်လုံးစွာဖြင့် ကာရံကာ နေကြရ၏၊ ကောသလမင်းလည်း၊ သတင်းကိုကြားသည်နှင့် ပြည်ငြိမ်စိမ့်သောငှါ။ နက်ဖြန် သူရဲငါးရာနှင့် အင်္ဂုလိမာလကို၊ ဘမ်းယူအံ့အမိန့်တော်မူ၏။ ထိုစကားကို ပုရောဟိတ်ပုဏ္ဏားနှင့် မန္တာနီပုဏ္ဏေးမတို့ ကြားလျှင်၊ နံနက်သော အခါ၊ ပုဏ္ဏေးမသည်။ သား- အင်္ဂုလိမာလရှိရာ တောသို့ ရှေးရှုသွား၍ အင်္ဂုလိ မာလလည်း လက်ညှိုးရေတွက်ရာ၊ တထောင်ပြည့်မည်၊ တယောက်သာ လိုတော့သည်။ ယနေ့ ရှေးဦးစွာ မြင်သောသူကိုသတ်၍ လက်ညှိုးတထောင် ပြည့်စေအံ့ဟု ကြံလျက်၊ မိခင် မန္တာနီပုဏ္ဏေးမ အဝေးက လာသည်ကို မြင်လျှင်၊ ၎င်းမိန်းမ ကိုပင် သတ်အံ့ဟု ကြံလျက် နေလင့်၏။ ဘုရားသခင်လည်း၊ အင်္ဂုလိ မာလသည် သစ္စာ လေးဝကို မြင်လျက်၊ ရဟန်းခွင်သို့ ရောက်လတ္တံ့သည်ကို မြင်တော်မူ၍ မန္တာနီပုဏ္ဏေးမနှင့် အင်္ဂုလိမာလ၏အကြား၌၊ စင်္ကြံသွားတော်မူ၏။ အင်္ဂုလိမာလလည်း ၎င်းရဟန်းပင် သတ်တော့အံ့ဟု တဟုန်တည်းပြေး၍လိုက်သော်လည်း၊ မြတ်စွာဘုရား ဖြေးဖြေးသာ ကြွသည်ကို မမှီနိုင်။ နီးလာလျှင်လည်း ချောင်း မြောင်း ကြိမ်ပိုက်ခြား သကဲ့သို့၊ အပါး မကပ်နိုင်ဖြစ်၍ အလွန်ပင်ပန်း ရကား၊ အင်္ဂုလိ မာလသည် ၎င်းသို့ ကြံ၏။ ရှေးအခါက ငါလိုက်ရမူ မည်သူမျှလည်း ငါ့အား မလွတ်နိုင်ပါ။ ယခုမှာမူ၊ လျှင်စွာ လိုက်ပါ သော်လည်း

ဖြည်းဖြည်းသာ သွားသော ရဟာန်းကို ငါမမှီနိုင်ချေ၊ ယာခု အံ့ဘွယ်သခဲပေတကားဟု၊ ကြံလျက်ရပ်ပြီးလျှင်အရှင်ရဟာန်း ရပ်ဦးလော့ဟုဆို၏။ မြတ်စွာဘုရားကလည်း ငါကားရပ်၏ သင်သာ မရပ်ဟု ဆိုလျှင်၊ အရှင်ရဟာန်း။ သင်သည် မတန့် မနား သွားလျက်ကိုပင် ငါကားရပ်၏၊ ကျွန်ုပ် ရပ်၍နေသည် ကိုပင် သင်ကားမရပ်ဟု အဘယ်ကြောင့် မုသာဝါဒစကား လှည့်စားရသနည်းဟု ဆိုသော်၊ ဘုရားသခင်က၊ အင်္ဂုလိ မာလ ငါသည်သူ၏အသက်ကို သတ်ခြင်းစသောမကောင်း မှုတို့၌ မလိုက်စား၊ အပါယ်လားခြင်းမရှိ၊ ကောင်းသော ဘဝတို့၏ အထွဋ်အထိပ်ဖြစ်သော နိဗ္ဗာန်လမ်းဝ၌သာတည် ရကား ငါကား ရပ်သောသူ မည်၏၊ သင်ကား၊ ဒုစရိုက် များစွာပြုလေ့ရှိသည်ဖြစ်၍ငရဲ၊ပြိတ္တာစသော၊အပါယ်လေး ခွင်သို့ သွားအံ့သူ ဖြစ်ရကား၊ သင်ကား မရပ်ဟု ငါဆို သတည်းဟု မိန့်တော်မူသော်၊ အင်္ဂုလိမာလသည် မြတ်စွာ ဘုရားရှေ့တော်၌ ဝပ်လျက်၊ လက်ညှိုးတို့ကိုရင်း၊လက်နက် တို့ကိုဥင်း စွန့်ပစ်လေ၏။ မြတ်စွာဘုရား တရားဟောတော် မူ၍၊ ဧဟိဘိက္ခု သုံးကြိမ် ခေါ်တော် မူသဖြင့် ရဟန္တာ အဖြစ်သို့ ရောက်လေ၏။

## အာဠဝကဘီလူးကို ချွတ်ခက်း။

ဟိမဝန္တာ၏အနီး အာဠဝိပြည်နှင့် မနီးမဝေး အရပ်၌ ကြီးစွာသော ညောင်ပင်တွင် အာဠဝက ဘီလူးသည်။

စတုမဟာရာဇ် နတ်တို့ထံမှ မွန်းတည့် ကာလ ဤညောင်ပင်ရိပ်နှံ့ သမျှသော အရပ်သို့ ကပ်ရောက်ခိုဝင် လာသော သတ္တဝါတို့ကို စားပိုင်ခသော အခွင့် ရသောကြောင့် ထိုညောင်ပင်အောက်သို့ လာရောက် သမျှသော သတ္တဝါတို့၏ အသားကိုစားလျက် နေစမတ်ပြုသတည်း။ တရံသောအခါ အာဠဝိပြည့်ရှင်မင်းသည်၊ တောကစား ထွက်တော်မူရာ။ ဇော်ဳ သားကောင်ကိုရ၍၊ သန်လျက်ဖြင့် ပိုင်းလျက်၊ သားကောင်ကိုထမ်းလာရာ၊ အပန်းဖြေအံ့သောငှါ၊ အာဠဝကဘီလူး၏ ညောင်ပင်အောက်သို့ ဝင်၍ နားလေ၏။ ဘီလူးလည်း မင်းကြီးကိုမြင်လျှင် ကိုယ်တိုင်ဆင်း၍ စားမည်ပြု၏။ မင်းကြီးသည်၊အလွန်ကြောက်လန့်ရကား၊ ဤသမင်သားကိုစား၍ အကျွန်ုပ်အားလွှတ်ပါဟုတောင်းပန်၏။ ဘီလူးလည်း မင်းကြီးကိုဇင်း။ ဤသားကောင်ကို ဇင်း။ ငါ့ ညောင်ပင်အောက်သို့ရောက်သည်မှစ၍၊ငါစားပိုင်ပြီဟုဆို၏။ မင်းကြီးလည်း၊ ဘီလူးမင်း- သင်သည် တနေ့သာစားရသောအစာထက်၊ နေ့ရက်ရှည်စွာ စားခြင်းကို အလိုမရှိပါလော့။ငါ့ကိုလွှတ်ပါမူ၊ လူတယောက်နှင့် ထမင်း တအိုးကို၊ နေ့တိုင်းသင့်ထံသို့ပို့ အံ့ဟုဆို၏။ထိုအခါ၊ အာဠဝကလည်း သင်ဆိုတိုင်းမှန်စေ၊ သွားလေတော့ဟု ခွင့်ပေး၏။ မင်းလည်း နန်းတော်သို့ရောက်သော်၊မြို့ဝန်ကိုခေါ် ၍အကြောင်းကိုကြား၏ မြို့ဝန်လည်း နှောင်အိမ်သို့ သွားပြီးသော်၊ သတ်ထိုက်သောအပြစ်ရှိသူကိုခေါ် ၍ သင်တို့အသက်ရှည်လိုမူ၊ ထွက်လှည့်

ကြဟု ခေါ်ပြီးလျှင်၊ ရှေးဦးစွာ လာသောသူကို ရေချိုးစေ၊ ထမင်းစားစေ၍၊ ဤထမင်းအိုးကို၊ ညောင်စောင့် နတ်အား ပူဇော်ချေ။ ပြီးလျှင် သင်လိုရာအရပ်သို့ပြန်လေလော့ဟု ဆို၍သွတ်၏။ ထိုယောကျ်ားသည်၊ညောင်ပင်ရင်းသို့ရောက်သော်၊ ပင့်ကူမြှင်ဖြင့်ရစ်သောပိုးကဲ့သို့၊ မလှုပ် မခြောက်နိုင် ထိုအခါ၊ အာဠဝကဘီလူးသည်၊ကြာစွယ်၊ကြာရင်းကဲ့သို့ ရုပ်ရုပ်ဝါး၍ စားလေ၏။ ဤသို့သော နည်းဖြင့်၊ နေ့တိုင်းနေ့တိုင်း စေလွှတ်၍ ဘီလူးစားစေသည်ကို လူ အများသိကုန်လျှင်၊ ကြောက်ရွံ့ကြ၍၊ခိုးမှုက် ဆိုးသွမ်းခြင်းကို မပြုဝံ့ကြကုန်။ ကာလကြာသော်၊ ခိုးသူတို့ နှောင်အိမ်တွင်၊ ကုန်လေ၏။ ထိုအခါ မွေးစကလေး သူငယ်ကို ယူပို့ လေသော်၊ သားငယ်-သမီးငယ်တို့သည်၊ အရပ်တပါးသို့ ပြေးကြကုန်၏။ ဤနည်း အတိုင်း၊ တဆယ့် နှစ်နှစ် တိုင်တိုင်။ လူပေါင်း လေးထောင် သုံးရာ နှစ်ဆယ် ကုန်လေသော်၊ မင်းကြီး၏ ယာမန်နေ့ဘွား၊ မင်းသားသူငယ်သာရှိလေသည်ကိုပို့ရလေ၏။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ကြွတော်မူပြီးသော် ဤအာဠဝကဘီလူး ဗိမာန်တွင်းသို့ဝင်၍၊ ရာဇပလ္လင်ထက်သို့ တက်ပြီးသော် ရောင်ခြည်တော် လွှတ်တော်မူ၏။ အာဠဝကဘီလူးသည် ဒေါသပြင်းစွာနှင့် ကြုံးဝါးဟစ်အော်၍၊ သည်းထန်စွာသော လေမုန်တိုင်းကို လာစေ၏။ မိုယ်းကို ထစ်ကြိုး၊ ပြင်းထန်စွာ ရွာစေပြန်၏။ ထိုနောက် ကျောက်ဆစ်မိုယ်း၊ သင်ခုန်း - လှံတန်၊ သက်လျှက် မိုယ်း၊ မီးကျိ

ရိပ်သ်း ရှုစေသော်လည်း၊ ဘုရားရှင်ထံသို့ ရောက်ကု နိုင်း ပေါက်လောက်မျှ မစွမ်းမထိ၊ ခြေတော် ရင်း၌ ပေါက် ပေါက် ပန်းကောင်း နံ့သာ ပြောင်းတို့ ဖြစ်ဟုန်၏။ ထိုသို့ ဖြစ်သော်၊ ဘိလူးစစ်သည်တော်တို့ကို ခေါ်၍ အထူးထူး သဏ္ဍာန်ကို၊ ဘန်ဆင်းလျက် လက်နက် တို့ကို ကိုင်စေပြီး လျှင်၊ အာဠဝကဘိလူးသည် ကိုယ်တိုင် ဝင်၍၊ မြတ်စွာ ဘုရားကို ဆွဲငင်နှိပ်စက်အံ့ဟုလာ၏။ မိုးရဲရဲအနားသို့ ရင် ကောင် မကပ်နိုင်ဘိ သကဲ့သို့၊ ရှိပြန်ရကား၊ ဘွဲ့ဖြူလက် နက်ကို လွှတ်ပြန်သော်၊ ဘုရားထံသို့ရောက်က၊ ငွဲ့ဖြူ ချေ သုတ်ပုဆိုးဖြစ်၍ တည်လေသည်ကို အာဠဝကဘိလူးမြင် လေသော်၊ အစွယ်ကျွတ်သော ဆင်ကဲ့သို့ မာန် စောင်ကို ချလျက်၊အနားသို့ ကပ်လာပြီးလျှင်၊ ရှင်ဂေါတမ၊ ငါအခွင့် မပြုဘဲ ငါ့ဗိမာန်သို့ ဝင်၍၊ အဘယ်ကြောင့်၊ နေသနည်း လျှင်စွာ ထွက်လော့ဟုဆို၏။ ဘုရားသခင် လည်း ခက်ထန် သောသူကို၊ သာယာသောစကားဖြင့် ဆုံးမမှ၊ နှလုံးနူးညံ့၍ မဂ်ဖိုလ်ရခြင်း၄ါ ထိုက်တော့မည်ဟု ကြံတော် မူပြီးလျှင်၊ အခြင်းအာဠဝက၊ သင်မနေစေလိုလျှင် ယခုပင် ငါထွက် မည်ဆို၍ ထွက်သောအခါ၊ အာဠဝကလည်း ဤသို့ကြံ၏။ ဤရဟန်းကား တခွန်းသော စကားဖြင့် ထွက် ပေသည်။ ငါ မပူးမစမ်းဘဲ၊ အပန်းတကြီး တည၌လုံး စစ်ထိုးခြင်းကို ပြုမိပေသည်၊ အရေး ဘုန်အောင်စမ်းဦး အံ့ဟု ကြံပြီးလျှင် အရှင် ရဟန်း ဝင်လာ ဦးလော့ဟု ဆိုပြန်၏။ ထိုအခါ

မြတ်စွာဘုရားသည် ဝင်တော်မူပြန်၏၊ ထိုသို့ အလိုလိုက်၍ သုံးကြိမ်တိုင်အောင် ထွက်ခြင်း၊ ဝင်ခြင်းကိုပြုတော်မူသတည်း။ ထိုနောက်မှ အာဠဝကလည်း၊ ဤရဟန်းကား။ ငါ့စကားကို။ နားထောင်လွယ်၏၊ တည့်လုံး၊ ထွက်စေ။ ဝင်စေ၍ မောပန်း လေလျှမ့်၊ ချေနှစ်ချောင်းကိုကိုင်လျက် မြစ်တဘက်သို့ ပြစ်ရသော်၊ ငါအောင်ဘိ၏ ဟုကြံ၍။ ရှင်ကြီး ရဟန်း ထွက်ဦးလော့ဟု ဆို၏။ ထိုအခါ မြတ်စွာဘုရားက၊ ငါ မထွက်။ သင် ဘီလူးကား၊ ငါ ဘုရားခြေကို ကိုင်၍၊ မြစ်တဘက်သို့ ပြစ်အံ့သော အကြံကြောင့်၊ ငါ မထွက်လိုဟု မိန့်တော်မူ၏။ ဤရဟန်းကား၊ ငါ၏ စိတ် အကြံကိုပင် သိပေသည်၊ ပြဿနာကို မေး၍ မဖြေနိုင်မူ။ သူ့ အရှက်ကို ခွဲအံ့၊ သမုဒ္ဒရာထည်းသို့သော်၎င်းပြစ်အံ့ဟုကြံ၏။ ထိုအကြံကို မြတ်စွာဘုရားသိတော်မူ၍၊ အခြင်း အာဠဝက၊ ငါဘုရားအား ထိပ်ပါးနှမ်းနှိပ်လျက်၊ စိတ်တော် ကိုလည်း ပြန့်လွင့်အောင်၊ ငါဘုရား ခြေတော်ကိုဆွဲ၍၊ သမုဒ္ဒရာထဲသို့ ပြစ်နိုင်သောသူကား။ သုံးဆဲ့တစ်ဘုံတွင်၊ တစုံ တယောက်မျှ ငါမမြင်၊ သင်မေးလိုရာမေးလော့ဟု မိန့်တော်မူ၏။ ထိုအခါ အာဠဝကသည်၊ ရဟန်းဂေါတမ၊ လောက၌ မြတ်သော ဥတ္တမရတနာသည် အဘယ်နည်း။ အဘယ် အလေ့အကျက်သည် ချမ်းသာကို ဆောင်တတ်သနည်း။ အဘယ် အရသာသည် အကောင်းမြတ်ဆုံး ဖြစ်သနည်း။ အဘယ် အသက်မွေးခြင်းသည် အမြတ်ဆုံး ဖြစ်သနည်းဟု၊ လေးပါးသော

ပြဿနာကို မေး၏။ ထိုအခါ၊ မြတ်စွာ ဘုရားက၊ ဘုရား, တရား, သံဃာ သုံးပါးသော ရတနာသည်၊ အမြတ်ဆုံး ဖြစ်၏။ ရတနာသုံးပါး ကြည်ညိုခြင်း အလေ့ အကျက်သည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို၊ ဆောင်ပေ၏။ မှန်သောစကားသည် အကောင်းမြတ်ဆုံးဖြစ်သော အရသာ မည်၏။ ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံး ဖြစ် ၏ဟု ဖြေတော်မူသော် အာဠဝက သည်၊ အလွန် ဝမ်း မြောက်၍၊ နောက်ထပ်ပြဿနာကို မေးပြန်သော်၊ မြတ်စွာ ဘုရားလည်း အစဉ်အတိုင်းဖြေတော်မူပြီးသည်၏ အဆုံး၌ အာဠဝကဘီလူးသည် သောတာပတ္တိဖိုလ်၌ သည်လေ. ၌

ရှင်ဒေဝဒတ်နှင့် အဇာတသတ်မင်း၊

မြတ်စွာ ဘုရားသခင်သည်၊နှစ်ဝါမြောက်တွင်၊ရာဇဂြိုဟ် ပြည်အနီး၊ စာလိယတောင်၌၊ သီတင်းသုံး နေတော်မူစဉ် ရှင်ဒေဝဒတ်အား၊ ဆည်းကပ်ပူဇော်သူ နည်းပါး လှသဖြင့် ဘုရားနှင့် ဂိုဏ်းခွဲ၍၊ လာဘသက္ကာရ များစွာ ရစေခြင်းငှါ၊ ဗိမ္ဗိသာရ မင်းကြီးသား ဖြစ်သော အဇာတသတ် မင်း သားထံသို့ လာခဲ့၏။ ရာဇဂြိုဟ်ပြည်အနီးသို့ ရောက်သော်

ရှင်ဒေဝဒတ်သည် ချဟန်းအသွင်ကိုပယ်၍ဗျာနိအဘိညာဏ်တို့ဖြင့်၊ သူငယ်၏ သဏ္ဌာန် ဘန်ဆင်း ပြီးလျှင်။ ဦးခေါင်းထက်၌မြွေငါးစင်း၊ လက်ဝဲ၌မြွေတစင်း။ လက်နှစ် ဘက်၌မြွေနှစ်စင်း၊ ခြေနှစ်ဘက်၌ မြွေနှစ်စင်း ဤမြွေ ငါးစင်းကိုအမြီးချင်းယှက်ထိုး၍ ခါးကြိုးကဲ့ သို့ဆင်ပြီးမှ၊ ကောင်းကင်မှ၊ အဇာတသတ် မင်းသား၏ ရင်ပြင် ထက်၌၊ သက်ဆင်း၏၊ မင်းသားသည် အလွန်ကြောက်လန့်ရကား။သည်းစွာဟစ်အော်လေ၏။ ရှင် ဒေဝဒတ်က၊ မကြောက်လင့် ဟုဆို၍ ပကတိသောရဟန်းအသွင်ကိုပြပေ၏။ အဇာတသတ်မင်းသားလည်း ရှင်ဒေဝဒတ်ကား၊ ကြီးသောတန်ခိုး ရှိ၏။ ခမည်းတော် ကိုးကွယ်သော ဘုရားမှာ၊ ဤကဲ့သို့ တန်ခိုးမပြနိုင်ဟုမှတ်၍၊ အလွန် ကြည်ညိုရကား များစွာသောလာဘ် ပူဇော် သက္ကာယပြု၍ ကိုးကွယ်၏၊ ထိုအခါ ဒေဝဒတ်သည်၊ မာန်ရစ်လေရကား၊ ဘုရားသခင်ကို ပယ်ရှား၍ တပည့်သားသင်္ဃာတော်အပေါင်းကို ငါဆောင်အံ့ဟုကြံ၏။ ထိုသို့ ကြံစည်သည်နှင့် တပြိုင်နက် ဗျာန်- အဘိညာဏ် ကွယ်လေ၏။ ထိုနောက် ရှင်ဒေဝဒတ်သည်၊ မိမိ ပရိယာယ်နှင့် တကွ၊ ဘုရားအထံတော်သို့လာ၍ ရှိသေစွာ ရှိခိုးပြီးသော်။ ဘုန်းတော် ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်ကား၊ အသက်ကြီးပါပြီ။ အိုမင်း ခြင်းသို့ ရောက်ပါပြီ။ သာဝကအပေါင်းကိုအကျွန်ုပ်အား၊ လွှဲထား အပ်နှင်းတော်မူပါဟု လျှောက်ထား၏၊ ထိုအခါ မြတ်စွာ ဘုရားက၊ ရှင်

ဒေဝဒတ်အား၊ သူတထူးထွေးပစ်သော တံတွေးပေါက်ကို သောက်မျိုသော သင့်အား၊ အဘယ်သို့ သစ်ဘောကို အပ် နှင်းရအံ့နည်းဟု မိန့်တော် မူသော်၊ ရှင်- ဒေဝဒတ်လည်း ပရိသတ်အလယ်၌၊ ရှက်ဖွယ်သော စကားဖြင့် ရှုတ်ချတော် မူသည်၊ ငါကား၊ ယနေ့မှစ၍၊ ယောက်ဖတော် ဂေါတမ၏ ကောင်းကျိုးကို မကြံပြီဟု ရန်ငြိုးထား လျက် ထွက်ခွာခဲ့ ခဲ့လေ၏။

## ပိမ္ဗိသာရမင်းကြီးကို သား, အဇာတသတ်မင်း သတ်ခန်း။

ထိုနောက် မျှားမကြာမီ ဒေဝဒတ်သည်. အဇာတသတ် မင်းသားအိမ်သို့ သွား၍၊ မင်းသား၏ ခမည်းတော်ပိမ္ဗိသာရ မင်းကြီး၊ကား အရွယ်ပျိုမြစ် လှသေး၏၊ ဘခင်အရွယ် လွန် သောအခါမှ ဖြွနန်းစည်းစိမ် ခံစံရမည်ဆိုမူ။ မင်းသားသည် အိုမင်း ရင့်ရော်သော အခါမှ၊ ခံစံ ရလတ္တံ့၊ သင် သည်၊ မင်းကြီးကို ပယ်ရှား၍၊ မင်းပြု ဘိလော့၊ ဆရာလည်း ယောက်ဖတော် ဂေါတမကို ပယ်ရှား၍ ဘုရားလုပ်အံ့ဟု ဆိုလေ၏။ ထိုစကားကိုကြားလျှင် မင်းသားသည်၊ ဆရာ ဆိုတိုင်း လိုက်နာရသော် ကောင်း လေစွဟု၊ နှလုံး ထား၍

တနေ့သ၌၊ သန်လျက်ကို ပေါင်ကြား၌ ဖွက်ပြီးသော် နန်းတော်သို့ဝင်လေ၏။ တံခါးမှူးတို့မြင်၍ မင်းသားကို၊ ဘမ်းပြီးလျှင်။ စုံလင်စွာ ကြည့်သော် ပေါင်၌ စီး၍ ပါလာသော သန်လျက်ကိုမြင်သဖြင့်။ မင်းထံသို့ ပို့ကြကုန်၏။ ထိုအခါ မင်းကြီးက။ ချစ်သား- အဘယ်ကြောင့်၊ ငါ့ကို သတ်လိုသနည်းဟုမေးသော် ရွှေနန်းစည်းစိမ်ကို လိုသော ကြောင့် သတ်မည်ကြံသည်ဟု လျှောက်သော်၊ ချစ်သား - သင့်အား ကြီးပြင်းအောင်။ မွေးမြူ ခဲ့ခြင်းသည်၊ ရွှေနန်း စည်းစိမ်ကို ပေးလို၍ မွေးသည်မဟုတ်ပါလောဟုဆို၍ မင်း- အဖြစ်ကို သား- အဇာတသတ်မင်းအား အပ်နှင်းပေ၏။

အဇာတသတ် မင်းသားသည် မင်း အဖြစ်ကို ရလျှင်၊ ဆရာဒေဝဒတ်ထံသို့သွား၍ ကျွန်ုပ်ကိစ္စ ပြီးမြောက် ပါပြီ၊ အရှင့်အရေးသာ လိုပါတော့သည်ဟု လျှောက်၏၊ထိုအခါ ဒေဝဒတ်ဆရာသည်၊ ရန်ကို ဆုံးအောင်ပြုပြီးမှ ငြိမ်းချမ်းစွာ ဖြစ်သည်၊ အရှင်မင်းကြီးခမည်းတော်ကို နှောင်အိမ်၌ ထား ပြီးလျှင်။ စားသောက်ခြင်း အဟာကို ဖြတ်၍ သတ်သော် အပြစ်မရှိဟုဆိုပေ၏၊ ထိုအခါ၊ အဇာတသတ်မင်းကြီးသည် အဖခမည်းတော်ကိုအကျဉ်းထားပြီး။ မယ်တော် မိဖုရားမှ တပါး၊ အခြားလူရှင် တိတ်တဆိတ်မဝင်စေလင့်၊ အဟာရကို မကျွေးလင့်ဟု အမိန့် ထုတ်ပြန်၏။ မယ်တော် လည်း အဟာရကို ဆောင်ယူကာ။ ခြေနင်းတွင် ဖွက်၍၊ ကျွေး၏။ ဆယ်ရက်,လကွဲကြာ၍၊ မသေသေးကြောင်း သိလေသော်

မယ်တော်ကို၊ ဝင်ခွင့်မပေးသဖြင့်၊ မယ်တော်သည်။ နှောင် အိမ်သို့သွား၍၊ တံခါးဝ၌ အနေည်းနည်းရှိခိုးလျက်။ လူလေး မျိုးတို့၏ ကောင်းကျိုး ချမ်းသာကို ပြုပေတတ်သော အရှင် ဗိမ္ဗိသာရမင်းမြတ်၊ မိမိကို သတ်လတ္တံ့သော သားကို သိ လျက်မဖျက်ဆီးသောကြောင့်၊ ယခုကဲ့သို့ဆင်းရဲခံရပေသည် အကျွန်ုပ်သည် အရှင်မင်းကြီးအား ပူဇော်ကန်တော့ပါ၏ဟု ဆို၍ ငိုယိုကာ ပြန်ခဲ့၏။ ဘခမည်းတော် မင်းကြီးလည်း အဟာရကိုမဒိဝရသော်လည်း၊ မဂ်ဖိုလ် ချမ်းသာကို ခံစား ကာ။ စင်္ကြံကြွတော်မူ၍မှ၊ ထတော်မူရကား။ အသားအရေ တို့သည်။ ရှေးကထက် တင့်တယ်တော်မူ၏။ ခုနှစ်ရက် ကြာ သော်လည်းမသေသေးကြောင်းသိပြန်သော် အဇာတသတ် မင်းသည်၊ ခမည်းတော် စင်္ကြံ မသွားနိုင်အောင် ထားဖြင့် ဖဝါးကိုမွှမ်းပြီးလျှင်၊ ဆားလူး၍ မီးကင်ပါဟုစေပြန်၏။ ထို အခါ၊ ဗိမ္ဗိသာရမင်းလည်း ပြင်းထန်သော ထိုဝေဒနာဖြင့် လွန်စွာတုန်လှုပ်လျက်၊ စုံတောကျလေသော်၊ စတုမဟာရာဇ် နတ်ပြည်ဝယ် ဇဝနသဘမည်သော နတ်သား ဖြစ်လေ၏

ထိုအခါ။ အဇာတသတ်မင်းကြီး၌၊ သားတော် တပါး ဥဒ္ဒယဘဒ္ဒကို ဘွားမြင်လေ၏။ ထိုအကြောင်းကို၊ မင်းကြီး အား တင်လျှောက်သော်၊ ကြားသောခဏ၌ အဇာတသတ် မင်းသည် သား၌ချစ်ခြင်း အဟုန်ဖြင့်၊ ရိုးတွင်း ခြည်ဆီကို စိမ့်၍၊ နှစ်သိမ့်ဘိ ရကား၊ သတိရသဖြင့်၊ ခမည်းတော် မင်းကြီးလည်း ငါ၌ ချစ်ခြင်းသည်၊ ဤကဲ့သို့ ဖြစ်ကောင်း

ရာ၏။ ချစ်-မချစ်ကို၊ မယ်တော်အားမေးဦးအံ့ဟု မယ်တော်ထံကပ်ပြီးလျှင်၊ မေးလေသော်၊ မယ်တော်က၊ ဟယ် မင်းယုဘ်မင်းမိုက်၊ သင့်ကိုယ်၌ ဖြစ်သော ချစ်ခြင်းမေတ္တာကား အတုမျှသာတကား။ သင့်အဖ၏ ပိယစေတနာမူ။ နှိုင်းယှဉ်စရာမရှိ။ သင်-ငါ့ဝမ်းခေါင်း၌ သန္ဓေအောင်းလျှင်ပင် မင်းကောင်းပိမ္ဗသာရ၏၊ လက်ျာလက်ရုံးသွေးကို၊ ကိုက်ဖေါက်၍သောက်ခြင်ခြင်းသည် ပြင်းပြစွာ ဖြစ်သဖြင့်၊ ရက်ခြင်းပင်သင့်ဘခမည်းတော်၏၊ လက်ရုံးမှ သွေးကို ဖေါက်၍သောက်စေတော်မူ၏၊ ပညာရှိတို့အား ထိုအကြောင်းကိုကြားသော်မိဖုရားဝမ်း၌ ကိန်းသောသူငယ်သည်၊ မင်းကြီးအား မချွတ်သတ်လတ္တံ့ဟု နိမိတ်ဖတ်သောကြောင့်၊ အဖသတ်သားကိုငါကား မမွေးလိုပြီဟု ကိုယ်ဝန်ကိုဖျက်ဆီးငြားသော်လည်းသားမျက်နှာကိုမျှမြင်ပါရစေ။ ငါ့ကိုသတ်လိုလည်းသတ်ပါစေ၊ မဖျက်ပါချေလင့်ဟု၊ အခါခါတောင်းပန်သောကြောင့်လူ့ထံသို့သင်ရောက်ရသည်။ သင်ငယ်စဉ်က၊ လက်မ၌ ရှနာပေါက်၍၊ ဆောက်တည်ရာမရ၊ ပြည်ကိုက်လှသည်ကို၊ သင့်ဖခင် ကြီးသည်၊ ခံတွင်းဖြင့်ငုံ၍ ပြီကိုယူပေသည်။ ဤမျှလောက် ချစ်ခင်မက်မော၍။ ချီးမြှောက်ပေသော၊ မွေးသည့်ဖခင် ကျေးဇူးရှင်ကို နင် သတ်ရက်သည်။ နင့် ထက်ယုတ်သောသူကား၊ ဤလူ့ပြည်၌မရှိပြီ ဟုချိမ်းမောင်း ၏။ အဇာတသတ်မင်းလည်း မယ်တော်ဆိုသောစကားကို ကြားလျှင်ခမည်းတော်အား သနား စုံမက်သော စိတ်ရှိ၍ မိခင် ထံမှ

ထဲ့ပြီးလျှင်၊ ငါ၏ခမည်းတော်ကို၊ နှောင်အိမ်မှထွက်စေဟူ၍ အမိန့်ကိုပြန်၏။ ထိုခဏ၌၊ အာဏာ သားတို့က မင်းကြီးကံ ဘုန်ကြောင်း သဝဏ်လွှာဆက်သလာ၏။ ထိုအခါ ငါကား မပြစ်မှားထိုက်သောသူကို ပြစ်မှား မိချေပြီဟု သံဝေဂပြင်း စွာဖြစ်လျက်၊ သည်းတွင်း လှိုက်ဆူ၊ အိုက်ပူပင်ပန်းခြင်းဖြစ် တော်မူပြီးလျှင်၊ ဖခင်အလောင်းကို၊ ကောင်းမွန်စွာ ပြုပြင် ခင်းကျင်းပြီ.လျှင် ဖုတ်ကြည်း သင်္ဂြိုဟ်လေ၏

## မြတ်စွာဘုရား အာယုသင်္ခါရလွှတ်တော်မူရန် မာရ်နတ် တောင်းပန်ခဏ်း။

မြတ်စွာဘုရားသခင်သည်၊ လေးဆယ်ငါးဝါမျှ လူ-နတ် ဗြဟ္မာတို့အား၊တရားရေအေးတိုက်ကျွေးလာခဲ့ရာဝေသာသီ ပြည်၏ အရှေ့မျက်နှာ၊ စာပလ စေတီ၏ အနီး၊ သာယာ သော အရိပ်ရှိသော သစ်ပင်ရင်း၌ နေတော်မူစဉ်၊ မာရ်နတ် မင်းသည်၊ နတ်ပြည်မှဆင်းလာ၍၊အရှင်အာနန္ဒာ ရေဆောင် ခြင်းငှါ သွားသည့်အခိုက်တွင် မြတ်စွာဘုရားသခင်ထံပါးသို့ ကပ်၍၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုခါ တန်ပါပြီ။ ယခု ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ရှေး အခါက

အရှင်ဘုရားသည်၊ အကျွန်ုပ်အား၊အခြင်းမာရ်နတ်။အကြင်မျှလောက်သောကာလပတ်လုံး၊ ငါ၏ တပည့်သား ရဟန်းသင်္ဃာတို့သည် ထူးမြတ်သော တရား အရာ၌၊ မလိမ္မာကုန်သေး၊ ကိုယ်နှုပ်နှုတ်သုံး၊ သုံးပါးကိုလည်း မဆုံးမနိုင်ကုန်သေး။ သင်ကြားအပ်သော ပရိယတ္တိလည်း မများ ကုန်သေး။ လောကုတ္တရာ တရားအား လျှော်သော အကျင့်ကို မကျင့်နိုင် ကုန်သေး။ သူတပါးအား ဟောပြော ခြင်းငှါ၊ မစွမ်းနိုင်ကုန်သေး။ ထိုမျှ လောက်သော ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန် မစံလိုသေးဟူ၍ မိန့်တော် မူဘူးပါသည်။ ယခုမူကား၊ အရှင့်တပည့်သား ရဟန်းသင်္ဃာတို့သည်။ လိမ္မာခြားနား၊ ကိုယ်နှုပ် နှုတ်သုံးကို ဆုံးမနိုင်ကုန်ပြီ။ အသင်အကြားများ၍ ရဲရင့်တည်ကြည် ပိဋကတ် သုံးပုံကို ဆောင်နိုင်ကုန်ပြီ။ လောကုတ္တရာ တရားအား လျှော်သော အကျင့်ကို ကျင့်နိုင်ကုန်ပြီ သူတပါးအား လည်း သင်ကြား၊ ပြသနိုင်ကုန်ပြီ။ ဤသို့ယခု ပြည့်စုံစွာ ဖြစ်ကြကုန်ရကား၊ ပရိနိဗ္ဗာန်ပြုခါတန်ပါပြီ။ ပရိနိဗ္ဗာန်စံယူတော် မူပါလော့ဟု လျှောက်လေ၏။ ဘုရားသခင်လည်း အစဉ်ပွင့်လေကုန်သော နောင်ဘုရားတို့သည်။ လူတို့သက်တန်းကို ငါးဘို့ပြု၍ လေ့စုမျှသာ တည်တော်မူသည်ကိုမြင်သဖြင့် ဇဒ္ဒဝင်ထုံးတမ်းကို၊ ငါလည်း မလွန် ထိုက်ချေဟု၊ နှလုံးသွင်းတော်မူလျှက်ဟယ်- မာရ်နတ်။ သင် မကြောင့်ကြလင့်၊ မကြာမြင့်မှီပင်၊ ငါပရိနိဗ္ဗာန်စံတော်မူအံ့။ ဤလမှ သုံးလလွန်သော် ငါဘုရား ပရိနိဗ္ဗာန် စံတော်မူအံ့ဟု မိန့်တော်မူလိုက်၏။ ဘုရားရှင်ရှေ့တော်မှ မာရ်နတ်လည်း ကွယ်လေ၏။



အရှင်အာနန္ဒာ မရှိခိုက်၊ မာရ်နတ်မင်းသည်၊ မြတ်စွာဘုရားအား
အာယုသင်္ခါရ လွှတ်တော်မူရန် တောင်းပန်ပုံ။

☆ ☆

ထိုခဏာတွင်ပင်၊ မြတ်စွာဘုရား ကိုယ်တော် မြတ်လည်း အာယုအင်္ဂါရကိုလွှတ်ခြင်းငှါ၊ အာရုံရှိသော သမာပတ်သို့ ဝင်တော်မူ၏။ ထိုသမာပတ်၏ အာနုဘော် ကြောင့်၊ မဟာ ပထဝီမြေကြီးသည်၊ ကြည့်ဟီးတုန်လှုပ်၏၊ ထိုအခါ၊ အရှင် အာနန္ဒာသည်၊ ဤသို့ အကြံဖြစ်၏။ မြေကြီးတုန်လှုပ် ခြင်း။ တော်လဲခြင်းကား၊ အဘယ်အကြောင်းဖြစ်သနည်း ဘုရား ရှင်အား လျှောက်ကြားအံ့ဟု ကိုယ်တော်မြတ် ထံသို့ ကပ် ပြီးသော် ဘုန်းတော် ကြီးလှသော မြတ်စွာ ဘုရား။ ယခု မြေ ပြင်းစွာ လှုပ်ခြင်းကား၊ အဘယ်အကြောင်းကြောင့် ပါ နည်းဟု၊ နားတော်လျှောက်၏။ ချစ်သားအာနန္ဒာ၊ ငါဘုရား သည်။ သဗ္ဗညုတညာဏ်ကို ရဦးအစကပင် မာရ်နတ်အား သည်။ ငါဘုရားထံကပ်၍၊ အရှင်မြတ် ပရိနိဗ္ဗာန် ဝင်တော် မူပါဟု လျှောက်လာဘူး၏။ ထိုအခါ ငါဘုရားကလည်း ဟယ် မာရ်နတ်၊ သတ္တဝါအပေါင်းကို ကောင်းမြတ်သော အမြိုက်ရေဖြင့် တိုက်ကျွေး ကယ်တင်လို၍၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကို ငါပြည့်ခဲ့သည် ယခု ဘုရားဖြစ် မြောက်သော်လည်း။ တစုံတယောက်သော သူကိုမျှ ငါသိ သော ဓမ္မအရသာကို မတိုက်ကျွေးရသေး။ နိဗ္ဗာန်လမ်းမှန် ကောင်းရာကို ငါမပြရသေး။ ထိုမျှလောက် ကာလ ပတ်လုံး ငါဘုရား၊ ပရိနိဗ္ဗာန် စံတော်မမူလိုသေးဟု၊ ငါဆိုလိုက်သ တည်း။ ချစ်သားအာနန္ဒာ၊ ယခုစာပလစေတီအနီး။ ဤသစ်ပင် ကြီးအရင်း၌ နေတော်မူရာတွင်၊ ထိုမာရ်နတ်သည် ငါ့ထံသို့

ကပ်၍ ပရိနိဗ္ဗာန်စံတော် မူပါဟု လျှောက်ပြန်သတည်း။ ယင်းသို့လျှောက်ရကား။ ဟယ်-မာရ်နတ်၊ သင်မစိုးရိမ်လင့်။ ဤလမှ နောက်သုံးလမြောက်သော်။ ငါဘုရားပရိနိဗ္ဗာန် စံတော်မူအံ့ဟု အာယုသင်္ခါရကို လွှတ်တော်မူလိုက်ပြီ။ ဤ အကြောင်းကြောင့်သာ မဟာပထဝီမြေသည် လှုပ်သတည်းဟု မိန့်တော်မူ၏။ ထိုစကားကိုကြားလျှင် အရှင် အာနန္ဒာ လည်း မဟာမေတ္တာရှစ် ဖြစ်တော်မူသော မြတ်စွာဘုရား။ လူနတ်တို့၏ အကျိုးစီးပွားများစိမ့်သောငှါ၊ ပါရမီဖြည့်ခဲ့ပါလျက်။ လျှင်မြန် ပရိနိဗ္ဗာန်ပြုတော်မမူပါလင့်။ အာယုကပ်ပတ်လုံး တည်တော်မူပါဟု လျှောက်လေ၏။ ဘုရား သခင်က၊ ချစ်သား အာနန္ဒာ။ ယခုအခါ သင်တောင်းပန်လာခြင်းသည်၊ အခွင့်မဟုတ်ပြီဟု မိန့်တော်မူ၏။ အရှင် အာနန္ဒာလည်း ထပ်ခါ ထပ်ခါ သုံးကြိမ်မြောက်အောင် တောင်းပန် လေလျှင်။ ချစ်သားအာနန္ဒာ၊ အကြင်သူသည်၊ ဣဒ္ဓိပါဒ်လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး တရားတို့ကို၊ များစွာပွားစေ၍ အာယုကပ်ပတ်လုံး ဖြစ်စေ။ ထိုထက်အလွန် ဖြစ်စေ၊ တည်နေလိုသော် တည်နိုင်ရာ၏။ ထိုအတူ ငါ ဘုရားလည်း အလိုရှိသမျှ နေနိုင်၏ဟူ၍၊ ငါမိန့်တော်မူသည်များကိုသင်ယုံကြည်ပါ၏လောဟု မိန့်တော်မူ၏။ အရှင်ဘုရားယုံကြည်ပါ၏ဟု လျှောက်သော် ချစ်သားအာနန္ဒာ သင်သည် ငါဘုရားဒေသနာကို၊ ပညာဖြင့် နှစ်လိုသူ ဖြစ်လျက်၊ နိမိတ် ဩဘာသစကား ဖွင့်ကြားတော်မူသောအခါက၊ ငါဘုရားအား မတောင်းပန်။ ထိုသို့ သင်မ

တောင်းပန်ခြင်းသည်။ သင်၏တာဝန်၊သင်၏ ချွတ်ယွင်းခြင်း ပင်တည်း၊ အကယ်၍၊ သင်တောင်းပန်မူကား။ ငါဘုရားသည်၊ သင်၏စကားကို နှစ်ကြိမ်မြောက်ပယ်ရာ၏၊ သုံးကြိမ်မြောက်မပယ်ပေရာ၊ လိုက်နာသည်ဖြစ်လတ္တံ့။ယခုတောင်းပန်ခြင်းသည်၊ သင်၏ ချွတ်ယွင်းခြင်း ပင်တည်း။ ချစ်သား အာနန္ဒာ ငါဘုရား ဂိဇ္ဈကုတ်တောင်၌ နေတော်မူစဉ်အခါ နိမိတ်ဩဘာသ စကားကို သင့်အား ငါမိန့်တော် မူဘူး၏။ အာနန္ဒာ၊ ရာဇဂြိုဟ်ပြည်သည် အလွန်မွေ့လျော်ဘွယ်ရှိ၏။ ဤဂိဇ္ဈကုဋ်တောင်သည်လည်း သူတော်ကောင်းတို့ ရှည်မြင့်စွာကျိန်းအောင်းခြင်းငှါလျော်ကပတ်၏၊ စသည်ဖြင့် ငါမိန့်တော်မူဘူးသည် မဟုတ်လော။ ထိုအခါက၊ သင်-တောင်းပန်မူ။ နှစ်ကြိမ်သာ သင့် စကားကို ငါပယ်ရာ၏။ သုံးကြိမ်မြောက်အောင်မပယ်ရာ၊လိုက်နာသည်ဖြစ်လတ္တံ့။ ထိုအခါ မတောင်းပန် ခြင်းသည် သင်၏ ချွတ်ယွင်းခြင်းသာ တည်း။ ချစ်သား အာနန္ဒာ၊ ငါဘုရားသည် အသက်ဟူသော အကြောင်းကြောင့်၊ ဆိုအပ်ပြီးသောစကားကို တဖန် ပြင်ပြန်ခြင်းသည် အကြောင်း မသင့်၊ အခွင့်မဟုတ်ဟု၊ မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာလည်း ပြင်းစွာသော ဓမ္မ၊ သံဝေဂဖြစ်၏။ ထိုနောက်မှ၊အာနန္ဒာမဟာဝန ကုဋာဂါရသို့ကြွတော်မူအံ့ဟု ဆို၍ ကြွတော်မူ၏။ ရောက်လျှင်။ ချစ်သား အာနန္ဒာ ဤဝေသာလီပြည်ကိုမှီ၍ နေကုန်သော ရဟန်းအပေါင်းကို၊ တညီတညွတ်တည်း။ စည်းဝေးစေကုန်လော့ဟု

မိန့်တော် မူ၏။ ဗျာဒိတ်တော် အတိုင်း နိုးဆော်၍၊ ရဟန်း တော်တို့ စည်းဝေးမိသော်၊ ဘုရား သခင်လည်း ချစ်သား ရဟန်းတို့ ငါဘုရားသည် သင်တို့အကျိုး၄ါ၊ သုတ်, အဘိဓမ္မာ ဝိနည်းတည်း ဟူသော၊ သာသနာကို။ ကောင်းစွာ ထားအပ်ကုန်ပြီ ထိုတရားတို့ကို သင်တို့မြဲမြံစွာသင်ကြား၍ အဖန်တလဲလဲ ပွားများကြကုန်လော့။ ဤသို့ ပွားများသော် ငါဘုရား၏သာသနာတော်သည်၊ စည်ပင်ရှည်မြင့်စွာ ထွန်း ပပေရာ၏။ ဤလမှ သုံးလလွန်မြောက်သော်၊ ငါဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့ဟု မိန့်တော်မူ၏။

....း၀း....

## မြတ်စွာဘုရားဝမ်းတော်လားခန်း။

ဘုရားသခင်သည် သင်္ဃာတော် အပေါင်းနှင့် တကွ၊ ဝေသာလီ ပြည်မှ၊ ပါဝါပြည်သို့ ကြွတော်မူ၍၊ ထိုပြည်၌ ရွှေပန်းတိမ်သည်၏ သားဖြစ်သော စုန္ဒသူကြွယ်သည်။ ရှေး ကာလ ဘုရားကြွတော် မူသော အခါကပင်။ သောတာပန် ဖြစ်၍။ မိမိဥယျာဉ်၌ကျောင်းလှူဘူးသတည်း ဘုရားသခင် လည်း၊ စုန္ဒ ဒါယကာ၏ သရက်ဥယျာဉ်သို့ ဝင်၍၊ သီတင်း သုံး နေတော်မူ၏။ စုန္ဒ - ဒါယကာလည်း၊ ဘုရားကြွလာ

ကြောင်းကြားလျှင်၊ ဘုရားထံသို့ချဉ်းကပ်၍၊ လျှောက်ပတ်သောနေရာ၌၊ ရှိခိုးပူဇော်ကာနေ၏။ ကိုယ်တော် မြတ်လည်း လျှောက်ပတ်သောတရားကို ဟောတော်မူ၏။ စုန္ဒ ဒါယကာလည်း တရားနာပြီးသော်၊ ဘုန်းတော် ကြီးသော မြတ်စွာဘုရား၊ နက်ဖြန် သင်္ဃာတော်နှင့်တကွ၊ အကျွန်ုပ်၏ ဆွမ်းကို ခံတော်မူပါဟု လျှောက်ကြားပြီးလျှင် လက်ျာရစ် သုံးပတ် လှည့်၍ ရှိခိုးပြီးမှဒိမိအိမ်သို့ သွားလေ၏။ နံနက်သော အခါ အသွယ်သွယ်သော အမွေး အကြိုင်တို့ဖြင့်၊ ထုံ လှိုင်သော ဆွမ်းကို ချက်လေ၏။ စကြာဝဠာ၌ နေကုန်သောနတ်တို့သည် ထူးမြတ်သော ဩဇာဟူသမျှ ထည့်ကြကုန်၏၊ စုန္ဒ ဒါယကာလည်း မြတ်စွာဘုရားအား၊ ထူးမြတ်သော ဆွမ်းဖြင့်လုပ်ကျွေး၏။ တပည့်သင်္ဃာတော်တို့အား။ တပါးသော ခဲဘွယ်ဘောဇဉ်ဖြင့်သာလုပ်ကျွေးပေ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ၊ စုန္ဒ ဒါယကာကို ခေါ်တော်မူ၍။ အချင်းစုန္ဒ ငါဘုရားအား လုပ်ကျွေးသောဆွမ်းကြွင်းကို မြှုပ်ဘိလော့ ငါဘုရားမှတပါး၊ ဆွမ်းကြွင်းကို စားနိုင်သော၊ လူ- နတ် ဗြဟ္မာ၊ပုဂ္ဂိုလ်သတ္တဝါ တစုံတယောက်သော သူမျှ ငါမမြင်ဟု မိန့်တော်မူ၏။ ဘုရားသခင်လည်း အစဉ်သော ဓမ္မဒေသနာဖြင့်၊ ဆွမ်းအနုမောဒနာပြု၍ ကြွတော်မူ၏။ ဥယျာဉ်သို့ရောက်သောအခါ၊ သည်းထန် ပြင်းပြစွာ ဝမ်းသွေးသွန်သောဝေဒနာ ဖြစ်တော်မူသော်လည်း၊ ဝေဒနာကို ကောင်းစွာသည်းခံတော်မူ၍ ကုသိနာရုံပြည်သို့ ကြွတော်မူ၏၊ ခရီး

တသယုဇနာခန့် ရောက်သော် ပင်ပန်းတော်မူလှ၍၊ သစ်ပင်ရင်း၌ သုတ်သင်၍။ ဒုကုဋ် အခင်းပေါ်တွင် ဝင်နားလည်းလျောင်းတော်မူပြီးလျှင်၊ ချစ်သားအာနန္ဒာ၊ ငါရေမွတ်တော်မူသည်၊ ချမ်းကြည် မြေသောရေကို။ ဆောင်ခဲ့လော့ဟု မိန့်တော်မူ၏။ အရှင် အာနန္ဒာလည်း ဂင်္ဂါမြစ်နားသို့ သွား၍၊ ကြည့်ပြီးသော်၊ ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား။ ယခုအခါ၊ မလ္လာမင်းတို့ လှည်းငါးရာတို့ဖြင့် ကူးသွား၍ မြစ်ရေမကြည်လင်ပါ။ ကကုဓမြစ်သည် ရှေ့အနီးပင် ရှိပါသည်၊ ချမ်းကြည်မြေသော ရေလည်း ရှိပါသည်၊ ထိုမြစ် ရောက်မှ သုံးဆောင်ရမူ။ ပူဆာသောဒုက္ခငြိမ်းပါလိမ့်မည်ဟုလျှောက်သော်သည်း သုံးကြိမ် မြောက်အောင် တိုက်တွန်းတော်မူ၏။ အရှင်အာနန္ဒာလည်း။ အာဏာတော်ကို မဆန်သာ၍ ဂင်္ဂါမြစ်နားသို့ သပိတ်တော်ကိုယူ၍ သွားလေသော်။ နွံနှစ်မွှေသကဲ့သို့ နောက်ကျိလှသော ရေသည်၊ ထိုခဏခြင်း သန့်ရှင်းကြည်လင်စွာစီး၏။ ထိုအခါမှ သပိတ်တော်ဖြင့်။ ရေကိုဆောင်ခဲ့၍ ဘုရားရှင်အားကပ်၏၊ ဘုရားရှင်လည်းမွတ်သိမ့်ခြင်းပြေပြောက်လေ၏။ထိုနောက်မှ ဘုရားထံမှောက် ရောက်လာသော ပက္ကုသ မင်းသားအား တရားဟော တော်မူ၏။ ထိုမင်းသားသည်၊သိင်္ဂီရွှေအဆင်းနှင့်တူသောပုဆိုးနှစ်ထည်ကပ်လှူသဖြင့်၊ ဘုရားရှင်လည်း တထည်ဝတ်၍ တထည်ရုံတော်မူလျှင်။ ဘုရားရှင်၏ အဆင်းတော်သည်။ ဝင်းဝင်းညီးညီးတောက်၍။ယုဂန္ဓိုရ်တောင်ဦးမှကွန့်မြူး ထွက်ပြူသော

သူရိယာစက်ဝန်းကဲ့သို့ ရောင်ခြည်တော်ခြောက်ဆိုင် တပြင်တည်းပွင့်၍၊ တင့်တယ်ခြင်း အထွဋ်သို့ ရောက်တော်မူ၏၊ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား၊ ဘုန်းတော်ကြီးမြတ်သော ကိုယ်တော်ဘုရား။ အရှင်မြတ်၏ ကိုယ်တော်သည်၊ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲ၊ ထူးကဲတင့်တယ်လှ၏တကားဟု နားတော်လျှောက်သော်၊ ဘုရားသခင် ကလည်း ချစ်သား၊ ထွန်းကာစဖြစ်သော တန်ဆောင်ဆီမီးသည်၎င်း။ ငြိမ်းကာနီးသော တန်ဆောင်ဆီမီးသည်၎င်း၊ ကြီးစွာသော အလျှံဖြင့်။ အလွန်ထွန်းပခြင်း ဖြစ်သကဲ့သို့။ ငါဘုရားလည်း ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရ၍ ဘုရားဖြစ်ဦးစ အခါ၌၎င်း ပရိနိဗ္ဗာန် စံယူအံ့သောနေ့၌၎င်း၊ ထူးခြား တင့်တယ်သော အသရေကို ဆောင်လေ သတည်း၊ ယနေ့ ကုန်ခြောက်၍ မိုးသောက်ယံ၌။ ကုသိနာရုံ ပြည်ဝယ်၊ မလ္လာ မင်းတို့၏ အင်ကြင်းပင်စုံကြား၌ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူလတ္တံ့ဟု မိန့်တော်မူပြီးသော်။ ကြွတော်မူလေသဖြင့် ကကုဓာမြစ်သို့ရောက် လတ်သော် ရေကြည်သုံးဆောင် တော်မူသည်။ ရေလည်း သပ္ပါယ်တော်မူ၏။ ထိုမြစ်မှ တက်၍ သရက်ဥယျာဉ်သို့ ဝင်တော်မူ၏။



မြတ်စွာဘုရားဝမ်းတော်လားတော်မူပုံနှင့်။ ရှင်အာနန္ဒာ ရေကြည်တော်ဆောင်ခဲ့ပုံ။

## မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခန်း။

မြတ်စွာ ဘုရားသည် အရှင် အာနန္ဒာအား၊ ချစ်သား ငါသည် စုန္ဒ၏ဆွမ်းကို စားရသောကြောင့် ရောဂါကြီး ပွား၍ နိဗ္ဗာန် လားရချေသည်ဟု သူတထူး ဖြစ်တင်ရာ လေသည်၊ ကောင်းမှုအကျိုးမရှိလေဟု နှလုံးမသာ ဖြစ်လေ ရာသည်၊ ထို့ကြောင့် စုန္ဒဒါယကာအားများစွာသောအကျိုး ရှိလေစွဟု မိန့်ဟာတော်မူသော စကားကို ဘုရားရှင် ရွှေနှုတ် တော်မှ ငါကြားလိုက်ရ၏၊ ဘုရား ဖြစ်အံ့သောနေ့၌ ကပ် လှူရသော သုဇာတာ၏ ဃနာနို့ ဆွမ်းသည်၎င်း၊ ရွှေပြည် နိဗ္ဗာန်စံအံ့သောနေ့၌ ကပ်လှူရသော စုန္ဒဒါယကာ၏ ဆွမ်း သည်၎င်း၊ ဤဆွမ်းနှစ်ပါးသည်၊ အခြားကာ လတို့၌ လှူ ရသောဆွမ်းတို့ထက်၊ ကဲထက်ထူးမြတ်သော အကျိုးရှိ၏ ငါဘုရား၏ အင်အားဗလကို ကူမ ထောက်ပံ့၍ တည်၏ဟု မိန့်တော်မူသည်ကို ငါကြား လိုက်ရ၏ဟု သင် ဟောဘိ လော့ဟု မိန့်တော်မူ၍၊ နေနားကာ ကြွတော်မူသဖြင့်၊ ကုသိ နာရုံပြည်၏အနီး မလ္လာမင်းတို့၏ပျော်ခင်းအလို့ငှါ၊ ကောင်း စွာပြုပြင်၍ ထားအပ်သော၊ အင်ကြင်း ဥယျာဉ်သို့ ဝင် တော်မူ၍ အင်ကြင်းပင် စည်တို့၏ အကြားရှိ၊ မလ္လာမင်း တို့၏ ရတနာညောင်စောင်းကို ယူ၍ အင်ကြင်းပင် အစုံ တို့၏အကြား မြောက်သို့ ဦးခေါင်းထားလျက် ခင်းပေ၍၊

ဘုရား သခင်လည်း ထိုညောင်စောင်း ထက်၌၊ လက်ျာနံတောင်ဖြင့် လျောင်းတော်မူလေသော်၊ ခြေတော်ရင်းမှ၎င်း။ ဦးခေါင်းတော်မှ၎င်း။ တည်သောအင်ကြင်းပင်ပျိုတို့သည် ကိုယ်တော်မြတ်ကို ပူဇော်ခြင်းငှါ အခါမဲ့ဖြစ်လျက် အပွင့်အခိုင်တို့သည် ဆင့်ကာ၊ ဆင့်ကာပွင့်ကုန်၏၊ တသောင်းသော စကြာဝဠာ တိုက်တွင်း၌၊ တောသစ် ပန်းတို့သည် လည်း ငယ်ငယ်ကြီးကြီး၊ အသီးအပွင့်ကို ဆောင်ကြကုန်၏။ စကြာဝဠာအပေါင်း၌ ရှိကုန်သော၊ ဗြဟ္မာ။ သိကြား၊ နတ်၊ အပေါင်း နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ရက္ခ၊ ဂန္ဓဗ္ဗ၊ အသူရာအပေါင်းတို့သည်လည်း ထူးမြတ်သော မန္ဒာ ဝရမည်သော နတ်ပန်း အစရှိသည်တို့ဖြင့်။ ကျဲဖြန့်ပူဇော်လာကုန်၏။ နတ်၌ဖြစ်သော စောင်း၊ ညှင်း ပတ်သာ တူရိယာတို့ဖြင့်လည်း ပူဇော်လာကုန်၏၊ ဝေဟာသံ၌ဖြစ်ကုန်သောဝေဟာသမည်သောနတ်တို့သည်၊ နတ်ဗြဟ္မာပရိတ်သတ်တို့ ပတ်ဝန်းကြင်အားကြီးသောကြောင့်၊ စကြာဝဠာ တိုက်တွင်းသို့ ဝင်ရောက်ခြင်းငှါ၊ အခွင့်မရ။ စကြာဝဠာ အနားအစပ် မှသာ ရပ်မျှော်၍၊ နတ်ပန်းကုန်း တို့ကို၊ အထံ တော်သို့ ရောက်အောင်၊ တယောက်လက်မှ တယောက်။ ကမ်းလှမ်းပူဇော်ရကုန်၏။ သားမြီးတမြှင်မျှ တကျိပ်နှစ်ကျိပ် တန်ခိုးဖြင့် ဘန်ဆင်း၍နေကြကုန်သော နတ်,ဗြဟ္မာတို့သည်။ မြတ်စွာဘုရား မျက်နှာ တော်ကို ဖူးမျှော်ခွင့် မရသောကြောင့် ငိုရှုကြကုန်၏။



မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပုံ၊

ထိုနောက်၊ အရှင်အာနန္ဒာလည်း နားတော်လျှောက်ပြန်၏ အရှင်ဘုရား ကိုယ်တော်မြတ် ပရိနိဗ္ဗာန် လားခဲ့သော်၊ အလောင်းတော်၌ ပြုဘွယ်ကိစ္စ အဘယ်သို့။ ပြုရပါအံ့နည်းဟု လျှောက်သော် အာနန္ဒာ၊ ငါ ဘုရား၏ အလောင်း တော်ကို မီးပူဇော်ခြင်း စသည်ကို သင့်တို့ မကြောင့်ကြလင့်၊ မိမိ၏ စီးပွားဖြစ်သော အရဟတ္တဖိုလ်ကိုရခြင်းငှါသာများစွာလုံ့လပြုကုန်လော့။ ကြည်ညိုကုန်လော့၊ မင်း၊ ပုဏ္ဏား၊ သူဌေး သူကြွယ်၊ ပညာရှိ ဒါယကာတို့သည်၊ စကြာဝတေးမင်း၏ အလောင်းကို။ သင်္ဂြိုဟ်သကဲ့သို့သင်္ဂြိုဟ်လတ္တံ့။ ဓါတ်တော် ကိုလည်း။ ခရီးဆုံရာ၌ ကောင်းစွာ စေတီတည်၍ ပူဇော် ချီးမြှောက် အပ်၏ဟုမိန့်တော်မူ၏။ ထိုအခါ၊ အရှင်အာနန္ဒာ သည် ဤသို့အကြံဖြစ်၏၊ ဘုရားသခင်သည် သဿာတော် တို့အား မှာကြားဆုံးမထိုက်သမျှ တရားစကားကို ငါ့အား အမှူးထား၍ ဟောကြား ဆုံးမတော် မူပြီ။ ဤညဥ့် ဇကန် နိဗ္ဗာန်ယူခြေတော့မည် နက်ဖြန်ကာပင် သွန်သင် ပြသ ဆုံးမ ပေသော အသံတော် ဆိတ်ချေ တော့မည်။ ငါတို့ ဆရာ မြတ်စွာဘုရားနှင့် ကွဲရချေတော့မည်ဟု အောက်မေ့ လျက် ဆွေးမြေ့သောနှလုံးဖြင့် ယူကြုံးမရ ဖြစ်ရကား၊ ဘုရားရှင် အနီးမှပဲ၍ မင်းကွန်းဇရပ်၏ တံခါးတိုင်ကို ကိုင်လျက် ငို ကြွေး၏။ ငါသည် သောတာပန်ဖြစ်၍ အထက်မဂ်, အလို့ ငှါ၊ ပြုရာကိစ္စရှိချေသေး၏။ မိုက်မြေးထုထဲသော ငါ့ကို အဖန်တလဲလဲ၊ ဆုံးမပဲ့ပြင် သွန်သင်ပေသော၊ နေ့ခင်တော်

ဘုရား ငါ့ကို ထား၍ ယနေ့ကား ပရိနိဗ္ဗာန် ယူချေတော့မည်။ နက်ဖြန်မှစ၍ အဘယ်သူအား မျက်သစ်ဒါန်ပူ၊ ကပ်လှူရအံ့နည်း။ အဘယ်သူ၏ ချေကို ဆေးပါ ရအံ့နည်း။ အဘယ်သူ၏ နေရာကို ငါသုတ်သင် ခင်းကျင်း ရအံ့နည်း အဘယ်သူ၏ သင်္ကန်း,သပိတ်, ပရိက္ခရာကို ငါဝတ်ပြု ရပါအံ့နည်း စသည်ဖြင့်၊ တသ,မည်တန်းခါ၊ လွန်စွာ ငို၍နေ၏၊ ထိုအခါ၊ မြတ်စွာ ဘုရားသည်၊ ညီတော် အာနန္ဒာကို ခေါ်တော်မူ၍၊ သဗ္ဗညုတအဖြစ်သို့ ရောက်သော ငါဘုရားအား၊ ခပ်သိမ်း လုပ်ကျွေးရသော ချစ်သား၌ အဘယ်မှာ ရဟန္တာမဖြစ်ဘဲရှိအံ့နည်းဟု ဈေးအပြစ်ကိုပေါ်၍ ဓာတ်ဘော်ကိုဟောတော်မူ၏။ ထိုနောက် အရှင်အာနန္ဒာကို၊ ကုသိနာရုံပြည်သို့ သွား၍ မလ္လာမင်း တို့အား အကြောင်းကြားချေဟု စေတော်မူသဖြင့်၊ မလ္လာမင်းတို့လည်း သား, မယား ဆွေမျိုးတို့နှင့်တကွ၊ သမုဒ္ဒရာ ရိုး၍၊ လှိုင်းတံပိုး အသံကဲ့သို့ သောင်းသောင်းညံ့ငိုကြွေးကြလျှက်၊ ရောက်လာကြကုန်၏။ မလ္လာမင်းတို့၏ ရှစ်ခိုးခြင်း ကိစ္စဖြင့် ပထမယံကို လွန်စေ၏။ ထိုနောက်၊ သုဘဒ္ဒပရိဗိုဇ်ရောက်လာသဖြင့်၊ ဖူးမြှော်ခွင့် ရ၍ တရားရစေပြီးသော်၊ အရှင်အာနန္ဒာကိုခေါ်၍ ချစ်သားငါ၏ သာဝက ဖြစ်သော သံဃာတော်များ တို့သည် ငါဘုရား လွန်ပြီထင်မှတ်လိမ့်မည်၊ ယင်းသို့ကား မမှတ်အပ်၊ အကြွင်သုတ်,ဝိနည်း, အဘိဓမ္မာတရားသည်၊ ငါဘုရား လွန်သဖြင့် သင်တို့၏ဆရာ၊ဖြစ်ရစ်လတ္တံ့။ ထို့ကြောင့် ငါဘုရား ရှိသည်သာဟု ကောင်းစွာမှတ်အပ်၏။ ထိုနောက် ရဟန်းများကို ခေါ်တော်မူ၍၊ ချစ်သားတို့၊ ဘုရား၊ တရား၊ သံဃာ၌ရှင်း

မဂ်, ဖိုလ်, တရား၌ရှင်း၊ ယုံမှားထွေးတောခြင်း၊ ရှိသည့် ဖြစ်အံ့၊ ငါ့ဘုရားကို၊ ယခုမေးလျှောက်လိုက်ကြကုန်၊ နောင်သောအခါ၊ မမေးလျှောက်လိုက်ရဟု နောင်တ ပူပန်ခြင်း မဖြစ်ကြစေလင့်ဟု မိန့်တော်မူ၏၊ ရဟန်းတို့လည်း ဆိတ်ဆိတ်သာနေကုန်၏၊ ဘုရားသခင်လည်းသုံးကြိမ်တိုင်အောင် မိန့်တော်မူသည် ဆိုမိန့်သော်လည်း တစုံတယောက်မျှ မလျှောက်ထားကြ၊ ဆိတ်ဆိတ် သာနေကြကုန်လျှင် အရှင်အာနန္ဒာက ဤသို့လျှောက်၏၊ ဘုန်းတော် ကြီးသော မြတ်စွာဘုရား၊ ဤအစည်းအဝေး၌ တစုံတယောက် သော ရဟန်းသည်၊ သာသနာ၌ ယုံမှားမရှိကြပါပြီဟု လျှောက်သော်၊ မြတ်စွာဘုရားသည်၊ ချစ်သားတို့၊ ကံ, စိတ်, ဥတု အဟာရတည်းဟူသော၊ အကြောင်း လေးပါးတို့ ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည်၊ ဝယဓမ္မာ ပျက်တတ်သောသဘောရှိကုန်၏၊သင်ချစ်သားတို့သည်၊ မမေ့မလျော့ မပေါ့မလစ်သဖြင့် ပြည့်စုံစေကုန်လော့ဟု ပစ္ဆိမ စကားကို ဟောမြွက်တော်မူပြီးလျှင်၊ ပထမဈာန်ကို ဝင်စားတော်မူ၍၊ ထိုနောက် ဒုတိယဈာန်၊ ထိုနောက် တတိယဈာန်၊ ထိုနောက် စတုတ္ထဈာန် ဝင်စား၏၊ စတုတ္ထဈာန်မှထ၍၊ အာကာသာနဉ္စာ ယတနဈာန်၊ ထိုနောက်မှ၊ ဝိညာဏဉ္စာယတနဈာန်၊ ထိုနောက် အာကိဉ္စညာ ယတနဈာန်၊ ထိုနောက်၊ နေဝသညာ နာသညာ ယတန ဈာန်ကို ဝင်စားတော် မူ၏၊ ထိုနောက်မှ ဝေဒနာသညာတို့ချုပ်ငြိမ်းသော နိရောဓသမာပတ်ကိုဝင်စားတော်မူ၏၊ ထိုသို့ တဖန်ပြန်၍ ဈာန်အင်္ဂါကို ဆင်ခြင် ပြီးသော်၊ စတုတ္ထ ဈာန်အင်္ဂါကို ဆင်ခြင် သော

ပစ္စဝေက္ခဏာပိဋိ၏အဆုံး၌။ အလုံးစုံသော သင်္ခါရ တရားတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာနသဘောကို အာရုံပြုသော မဟာဝိပါက် ပဌမ သသင်္ခါရိက အဗျာကတဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန် စံတော်မူလေ၏။

ဤသို့ ဘုရားသခင်သည် လူထွက် မှတ်ဆစ်၊ သက္ကရာဇ် ၁၄၈ ခု၊ ရတုဂိမ္ဟ၊ ကဆုန်လပြေ့ အင်္ဂါနေ့ညဉ့် အာရုဏ် တက်နီး၊လင်းအားကြီးအယံ၌၊ ပရိနိဗ္ဗာန် စံယူတော်မူသည်နှင့်တပြိုင်နက်။ ကြောက်မက် ထိပ်လန့်ဘွယ် ကြက်သီးမွေးညှင်းကိုဖြစ်စေလျက်။ နှစ်သိန်း လေးသောင်း အထုရှိသော ဤမြေကြီးသည်၊ အိုးထိမ်းစက်ကဲ့သို့။ သွက်သွက်ခါမျှ တုန်လှုပ်၏။ ကောင်းကင်အလုံး ထစ်ချုန်း ရိုက်ဟီးလျက် တော်ပဲ့တင်သည်၏ အံ့ဘွယ် သရဲ။ မဖြစ်ဘူးမြဲ၊ လွန်ကဲသော အတိတ်နိမိတ်တို့သည် ဖြစ်ကုန်၏။

တရားနတ်စည် ဆော်ရွမ်းလည့်က သုံးမည့် ဘုံသိုက် တဆောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ နတ်- လူ- ဗြဟ္မာ သတ္တဝါကို။ ခေမာသောင်သို့ သောင် ကူတို့ဖြင့် ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး။ သက်ကားရှစ်ဆယ် စုံပြည့်ကြွယ်က ရာ့လေးဆယ့်ရှစ် သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း စံနိုင်းမယုတ်။ ဇာသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန် လပြေ့ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊စံတော်မူသည်ဌာန်းဆူသောင်းလုံး ကျော်တယ်ကို။

## မြတ်စွာဘုရား အလောင်းတော်ကိုသင်္ဂြိုဟ်ခန်း။


ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်သည် ရှိသော် သဟံပတိ ဗြဟ္မာသည်။ စကြဝဠာအလုံးကို ကြားစေလျက်။ အရှင်တို့ သဗ္ဗလောက၌ အကြီးဝင်သော လူ- နတ်- တို့၏ဆရာ ဖြစ်တော်မူသော၊ အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးသို့ ရောက်တော်မူပြီးသော အလုံးစုံသော တရားအပေါင်းကို အလိုလိုသာလျှင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော် မူချေသော၏။ ဘုန်းကံနည်းပါးသူဘပါးမူကား။ သေခြင်းမှ အဘယ်မှာ လွတ်ပါခြေအံ့နည်းဟု ကွေးကြော်၏။ သိကြားမင်းသည်လည်း အရှင်တို့ သင်္ခါရတရားတို့သည်။ အမြဲမရှိကုန်စွ တကား။ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏။ ဖြစ်ကုန်ပြီး၍ ချုပ်တတ်ကုန်၏။ ထိုဖြစ်တတ်ပျက်တတ်သော သဘောတရားတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင် ချမ်းသာ၏ဟု၍ ဂါထာဖြင့်ရွတ်၏။ အထံတော်၌ရှိကုန်သော ပုထုဇဉ်။ သောတာပန်။ သကဒါဂါမိ ရဟန်းတို့သည်။ သက်ကြီးရှိုက်ငင် ပင်ပန်းလျက်။ ဦးခေါင်းလက်တင် လူးလဲ မည်တန်းကာ ပြင်းစွာ ငိုကြွေးကုန်၏။ အနာဂါမိရဟန်းတို့သည်သာလျှင်သင်္ခါရဓမ္မကို နှလုံးသွင်း၍ သည်းခံနိုင်ကြကုန်၏။

ထိုအခါ အရှင် အနုရုဒ္ဓါသည်။ သံဃာတော် တို့အား သံဝေဂတရားပြ၍ သက်သာရာရစေ၏။ အရှင်အာနန္ဒာကို ကုသိနာရုံပြည်တွင်းသို့ သွား၍၊ မလ္လာ မင်းတို့အား ဘုရား ပရိနိဗ္ဗာန် ယူကြောင်း။ ဆောင်ရွက်ဘွယ် ကိစ္စကို လာ၍

ဆောင်ရွက် ကြအံ့သော အကြောင်းကို ကြားချေဟု စေတော်မူ၏။ မလ္လာမင်းတို့ကြားသော်၊ ရုန်းရင်းထက်မျှ ငိုကြွေးကြကုန်၏။ ပြည်သူပြည်သား အပေါင်းနှင့်တကွ၊ ကောင်းမြတ်ချာရာ နံ့သာဆိုင်း၊ ပန်းဆိုင်း စသော ပူဇော်ဘွယ်များကို ဆောင်၍ လာကြပြီးသော်၊ ဘုရားရှင် အလောင်းတော်ကို အကျော်စမွာ စသော ပန်းနံ့သာ တို့ဖြင့်၊ မွှမ်းလျှော်၊ အသစ် စက်စက်သောပုဆိုး။ ဗိတာန်။ မဏ္ဍာပ်ကို ဆောင်၍ ထူးဆန်း သာယာသော သီချင်းကို တီးမှုတ်ခြင်း။ ကခြင်းတို့ဖြင့်၊ ခြောက်ရက်ပတ်လုံး ပူဇော်ချီးမြှောက်လျက် ခုနှစ်ရက်နေ့၌၊ ခွန်အားကြီးသော ရှစ်ယောက်သော မလ္လာမင်းတို့သည် သန့်ရှင်းသော အဝတ်သစ်ကို ဝတ်ကုန် လျက် အလောင်းတော်ကို ရတနာ ပြာသာဒ်ထက်တင်၍ မြို့ပြင်ကလာ၍ ချာရစ် သုံးပတ် လည်ပြီးလျှင် ပြည်၏ တောင်ရူးရူး ဖြစ်သောအရပ်၌၊ အလောင်းတော်ကို မီးပူဇော် ကုန်အံ့ဟု အကြံနှင့် ချီကြွကုန်၏။ ချီကြွခြင်းငှါ မတတ်နိုင်ကုန် ထိုအခါ၊ မလ္လာမင်းတို့သည်၊ အရှင်အနုရုဒ္ဓါကို ဤအကြောင်း ခြင်းရာကိုလျှောက်သော်၊ အရှင် အနုရုဒ္ဓါက။ သင်တို့ အကြံ လည်းတပါး၊ နတ်တို့အကြံလည်း တပါးဖြစ်သည် နတ်တို့၏ အလိုကား၊ ဘုရား သခင် အလောင်းတော်ကို နတ် တို့၏ စောင်း,ညှင်း,ပတ်သာ၊ တူရိယာ ပန်းနံ့သာတို့ဖြင့်၊ ပူဇော် လျှော် မြို့အနောက်ဘက်မှ ဆောင်ယူ၍၊ မြောက်တံခါးဝသို့ ရောက်သောအခါ မြို့လယ်သို့ဝင်လာ၍အရှေ့တံခါးမှ ထွက် ပြီးလျှင် မင်းတို့ မင်္ဂလာပြုရာဖြစ်သော မကုလ ဗန္ဓနအရပ်၌ တေဇောဓါတ် လောင်စေလိုသော အကြံ ရှိသည်ဟု မိန့်

တော်မူ၏၊ ထိုစကားကို မလ္လာမင်းတို့ကြားသော် နတ်တို့ အလိုအတိုင်း ပြည့်ပါစေဟု ဆိုပြီးသော်၊ ကိုယ်တော်မြတ် အလောင်းတော် ကြွမည့်လမ်းကို သုတ်သင် သန့်ရှင်းစေ၏၊ ထိုသို့ သုတ်သင်သော မြေအရပ်၌၊ နတ်တို့သည် မန္ဒာဝရ မည်သော ထင်ရှားပန်းဖြင့်ကျဲဖြန့်လေရကား။ လူသွားသမျှ သောဌာန ပုဆစ်, ဒူး, ကျွန်နစ်မျှလောက်ရှိ၏၊ လူတို့သည် ၎င်း၊ နတ်တို့သည်၎င်း၊ အလောင်းတော်ကို ပူဇော်ခြင်းငှါ ထက်ဝန်း ကျင်မှ၊ သဘင်ပွဲလမ်းတို့ဖြင့်၊ ခြံရံ ကုန်လျက် ဆောင်ယူကြကုန်၏။ လူတို့အကြား၌ နတ်တို့သွားသည်ကို ထင်ရှားစွာမြင်ရကုန်၏၊ မြို့လယ်သို့ ရောက်သော်၊ ဗန္ဓုလ စစ်သူကြီး၏ဇနီးဖြစ်သောမလ္လိကာသည်၊ မိမိလင်သေသည် မှစ၍ မဆင်ဘဲထားသော ဝိသာခါ၏ တန်ဆာနှင့်တူသော မဟာလ္လတာတန်ဆာကို မြတ်စွာဘုရားအားပူဇော်အံ့ဟုကြံ၍ တန်ဆာကို နံ့သာရေဖြင့်ဆေးပြီးသော် ကိုယ်တော် မြတ်၏ အလောင်း၊ တော်ဝယ် ဦးခေါင်းမှစ၍ ဘဝါး တိုင်အောင် စွပ်သွှူပူဇော်၏၊ သိဂိနိတ် ရွှေရောင်နှင့် တူသော ကိုယ်တော် ဝယ်၊ ရတနာခုနှစ်ပါးတို့ဖြင့် ရစ်ဆင်စီမံသော တန်ဆာကို ဆင်လတ်သော် အလွန်လျှောက်ပတ်သော တင့်တယ် ခြင်း သည် ဖြစ်၏၊

ထိုအခါ မလ္လာမင်းတို့သည် အရှင်အာနန္ဒာအား အရှင် ဘုရား အလောင်းတော်ကို အဘယ်သို့သင်္ဂြိုဟ်ပါရမည်ဟု လျှောက်၏၊ အာနန္ဒာကလည်း စကြာဝတေး မင်္ဂတ်မင်း၏ အလောင်းကို သင်္ဂြိုဟ်သကဲ့သို့ သင်္ဂြိုဟ်ကုန်လော့ဟု ဆိုပေ ၏၊ စကြာ မင်းလောင်းကိုကား၊ ကစီမချရသေးသော ပုဆိုး



မြတ်စွာဘုရားအလောင်းတော်ကို သင်္ဂြိုဟ်ပူဇော်ကြပုံ။


တို့ဖြင့်လွှမ်းပြီးသော နူနယ်သော ဝါဂွမ်းဖြင့်၊ရစ်လျက် အထက်၌၊ ပုဆိုးအထည်ငါးရာတို့ဖြင့်၊ထပ်ခါထပ်ခါ ထုပ်ပြီးလျှင် ရွှေဂင်ဖြင့်ပြုလုပ်အပ်သော ရွှေကျင်း၌ထည့်၍ဆီလောင်းပြီးမှ ရွှေကျင်းကိုဖုံး၍အလုံးစုံတန်ဆာ ဆင်အပ်သော။ နံ့သာထင်းပုံထက်တင်၍ မီးတိုက်ကြကုန်၏၊ အရိုးကိုစေတီတည်ကုန်၏။ ထို့အတူ လူသုံးပါးတို့၏သရော မြတ်စွာဘုရား အလောင်းကိုလည်း ကောင်းစွာ သင်္ဂြိုဟ်အပ်၏ဟု ဆိုပေ၏။

ထိုအခါ၊ မလ္လာမင်းတို့သည်၊ အရှင်အာနန္ဒာမိန့်ဆိုတိုင်းစီရင်၍၊ အလောင်းတော်ကို အတောင် တရာ့နှစ်ဆယ် မြင့်သော စန္ဒကူးထင်းပုံသို့ တင်ပြီးလျှင်မီးသင်္ဂြိုဟ်ကုန်၏၊ တစုံတခုမျှမလောင်ချေ။ထိုအခြင်းအရာကို အရှင် အနုရုဒ္ဓါအားလျှောက်သော်၊ နတ်တို့အလိုဆန္ဒ မပြည့်သေးသောကြောင့်မီးမစွဲနိုင်၊ မလ္လာမင်းတို့၏အဘာ သေလွန်၍ နတ်ပြည်၌ဖြစ်ကုန်သောဂုဏ်ယောက်သောမလ္လာမင်းကြီးတို့သည်၊ တတိယသာဝကကြီး ဖြစ်တော်မူသော အရှင်မဟာ ကဿပဗွိုလ်ယာခကြွလာ၍ လမ်းခရီးမှာရှိပြီ။ ဘုရားသခင်၏အလောင်းတော်ကို မပူဇော်ရှိမခိုးရသေးသမျှမီးမလောင်စေသတည်းဟု နတ်တို့ ဓိဋ္ဌာန်ကြသောကြောင့် မီးမစွဲနိုင်သည်ဟု ဆို၏။

အရှင်မဟာ ကဿပလည်း ရဟန်းငါးရာနှင့် ကြွတော်မူ၍ သင်းချိုင်းတော်သို့ ရောက်လာပြီးသော် ကိုယ်ကို စန္ဒယ်တင်လျက် ဘုရားရှင် ရှိရာသို့ လက်အုပ်ချီ၍ လကျ်ာရစ် သုံး

ပတ်လည် ပူဇော်ပြီးမှ။ ဤဋ္ဌာနကား ဦးခေါင်းတော် ထားရာတည်း၊ ဤဋ္ဌာနကား ဘဝါးတော် ရှိရာတည်းဟု မှတ်၍ ကိုယ်တော်မြတ်၏ခြေတော်အစုံကိုမျှ ငါမဖူးမြင်ရပြီတကားဟု နှလုံးထား၍၊ ဘဝါးတော်အား၊ ဇော့ရှု၍ရပ်၏။ စတုတ္ထသမာပတ်ကို ဝင်စားတော်မူပြီးသော် ကိုယ်တော် မြတ်၏ ခြေတော် အစုံသည် လွှမ်းခြုံ သမျှကို ဘောက်ထွက်၍၊ ဦးခေါင်းထက်၌ တည်စေသောဟု မနောဓိဋ္ဌာန် ကြံတော်မူ၏။

ထိုခဏ၌အကန့်တထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တရာ့ရှစ်ကွက်သော စက်လက္ခဏာတို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ ဖဝါးတော် အစုံသည် လွှမ်းခြုံ ရစ်ပတ်သော ဝါဂွမ်းလွှာ၊ ငါးရာသောပုဆိုး အထပ်ထပ်တို့ကို ၎င်း။ စန္ဒကူးထင်းပုံကို၎င်း ဘောက်ထွင်း၍ တိမ်တိုက်တွင်းမှ ထွက်သောလကဲ့သို့၊ အရှင်မဟာ ကဿပ၏။ ဦးခေါင်းထက်၌ တည်လာ၏။ အရှင်မဟာကဿပလည်း ပွင့်သစ်စဖြစ်သော ပဒုမ္မာကြာနှင့်တူသော လက်အုပ် အစုံကို ဆန့်၍ ရွှေအဆင်းနှင့်တူသောဘုရားသခင်၏ခြေတော်အစုံကိုဖမျက်တိုင်အောင် ဆုပ်လျက်၊ မိမိဦးခေါင်းထက် ထား၍ ရှိခိုး၏။ ငါးရာသော ရဟန်းတို့သည် အနည်းနည်း ရှိခိုး ကြကုန်၏။ လူအပေါင်းတို့လည်း အံ့ဘွယ်သရဲ မြင်လျှင်၊ ကြည်ရွှင်ဝမ်းသာလျက် သည်းစွာသော အသံကို ဟစ်ကြော်၍၊ ပူဇော်ဘွယ်အမျိုးမျိုးတို့ဖြင့် ချီးမြှောက် ပူဇော်ကုန်၏။ ရင်းသို့ ပူဇော်၍ပြီးကာမျှ၌ဘဖန်၊ ဓိဋ္ဌာန်ခြင်းကိစ္စမရှိဘဲ ပကတိသော လျှင် ရှင်မဟာကဿပ၏ လက်မှ လွှတ်၍၊ စန္ဒကူးထင်းပုံ တလားတို့ကို မလှုပ်မရှားစေဘဲ၊ တည်မြဲတိုင်း ဝင်၍တည်



အလောင်းတော်ကို တေဇောဓါတ်လောင်ပုံ။

လေ၏။ ယင်းသို့ ခြေတော် ကွယ်သော်၊ များစွာသောလူ့ ရဟာန်းတို့သည် ပင်ပန်း ရှုံးကင်လျက်၊ အလွန် အကြူး ငိုယိုကြွေးကုန်၏၊ ဘုရားသခင်၏ အလောင်းတော် တည်ရာ၊ နံ့သာထင်းပုံသည် တပုံတခေယာက်သောသူမျှ၊ မညှိရဘဲ ရဲရဲ ပြောင်ပြောင်၊ မီးချောင်ချိုးချိုး ထွက်သဖြင့် အထက်မှ စ၍ ကျွမ်းလေ၏၊

မြတ်စွာဘုရားသခင် အလောင်းတော်ကို တေဇောဓါတ် လောင်ပြီးသော်ကိုယ်တော်၏အရေ၊အသားအသွေးတို့သည် တပေါင်းတစုတည်း မထင်ဘဲ၊ ရွှေစင်တကွဲ။ ပုလဲဥအလား။ ချရားစေ့အဆင်းရှိသော ဓါတ်တော်တို့သည်သာလျှင်ရှစ်စိပ် ပမာဏမျှတည်ကုန်၏၊စွယ်တော်လေးဆူ၊ညှပ်ရိုးတော်နှစ်ဆူ သင်းကျစ်တော်တဆူ ဦးခွန်နှစ်ဆူသော ဓါတ်တော်တို့သည် မပျံမကွဲ တည်ကုန်သည်ဖြစ်၍၊ ကြွင်းသော ကိုယ်တော်မှ အကြီး ပဲနောက်ပမာဏ၊ အလတ် ဆံကျိုးပမာဏ။ အငယ် မုန့်ညှင်းစေ့ ပမာဏဖြင့်၊ စိတ်ဖြာလျှက်တည်ကုန်၏။စန္ဒကူး ထင်းပုံ၊ အကုန် လောင်ပြီ လျှင် ကောင်းကင် ပြင်မှရေ အ ယဉ်သည်သက်၍ရင်း အင်ကြင်းပင်ပျို အခွမှရင်း။ ထက် ဝန်းကျင်သော မြေအပြင်မှရင်း၊ ရေအလုံးသည် သက်၍ ဆွတ်ဖြန်းကုန်၏။ မလ္လာမင်းတို့သည် ဓါတ်တော်ကို ရွှေအတိ ပြီးသောအိုးဖြင့်၊ ထည့်ပြီးသော် ထုံသင်း မွှေးကြိုင်စွာ၊ နံ့ သာမှုန့်တို့ကိုဖြန်းလျက်၊ ရတနာပင္လင်ထက်တင်၍၊ တန်းခွန် ကုက္ကား ယမားကွန်ချာ နံ့သာဆိုင်းတို့ကိုဆွဲလျက်၊ လေး, လှန်, သံလျက် လက်နက် ကိုင်သော ယောကျ်ားတို့ကို၊ အ

စောင့်အရှောက်ထား၍ များစွာသော ပွဲလမ်းသဘင်၊ ပဉ္စင်း တူရိယာတို့ဖြင့် ပူဇော်ကုန်၏။ ထိုနောက်မှ၊ တန်ဆာဆင် အပ်သော ဆင်ပြောင်ကြီး၏ ကျောက်ကုန်းထက်၌ ဓါတ် တော်ကို ရတနာပန်းတောင်းဖြင့် တင်ပြီးသော် ထီးဖြူအုပ် ကာလျက် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်။ ခြေသည်သူရဲ လက်နက်စွဲတပ်၊ ရံပတ်ခြင်းကျင်းလျက်၊ မြို့တွင်းသို့ဆောင် ယူပြီးလျှင်၊ ဓါတ်တော် ပူဇော်ပွဲ သဘင်တို့ကို ချနှစ်ရက် ပတ်လုံး ပူဇော် ကြကုန်သတည်း၊

ဗုဒ္ဓဝင်တော်ကြီးကို သည်တွင်ဖြတ်ပြီး ရပ်ကြပါစို့ ရဲ့။ ဘုရားတဆူ၏ အကြောင်းကို၊ချီးမွမ်းထောပကာ၊ပြောမယ် ရေးမယ်ဆိုရင် နောက်တဆူပွင့်တောင် မကုန်ဘူးလို့ ပညာ ရှိများဆိုပါတယ်။ ရှေ့ အလုပ်စခမ်းပြောင်းကြစို့။

ဓါတ်မရိက်ခင် ကောင်းစွာပြင်မှ ပုံတွင်ကျန ရုပ်သွင်လှ သို့၊ ရက္ခုမှန်စွာ သံသရာ၏ ကမ္ဘာချပ်ခွင် ဓါတ် အပြင်၌ စိတ်တွင်ကျနရုပ်သွင်လှ၍ ခေမာမြို့နန်း အရောက် လှမ်းဘို့ ပြင်ငမ်းစေခြင်စိတ်အသွင်ကို ပြင်ဆင်လေကွဲ့ နေစဉ်တဲ့၊

ယောဝသာ သတံဇီဝေ၊ အပဿံ၊ ဥဒယဗ္ဗယံ၊ ဧကာဟံ ဇီဝိတံသေယျော ပဿတော ဥဒယဗ္ဗယံ။

**'အဓိပါယ်က'**

ခန္ဓာငါးပါး ရုပ်-နာမ် တရားတို့ အားမထုတ်ဘဲ၊ အသက်တရာ ကမ္ဘာရှည်အောင် နေရသော်လဲ၊ တနေ့တရက်မျှဘာ၊ ရုပ်-နာမ်-ခန္ဓာတရားအားထုင်၍နေသောသူလောက် မဖြတ်ဘူးလို့ ဆိုလိုပါတယ်။

ဇီဝိတံ၊ ဗျာဓိ ကာလောစ၊ ဒေဟနိက္ခေပနံ ဂတိ၊
ပဉ္စေတေ ဇီဝလောကသ္မိံ အနိမိတ္တာ နနာရယေ။

မေ။ ငါအား၊ ဝါ၊ ငါ၏ ဇီဝိတံ၊ ဤ၍ဤမျှ အသက်ရှည်ရလိမ့်မည်ဟူ၍ငင်း ။ဗျာဓိစ၊ ဤဝေဒနာ ဤရောဂါနှင့် ငါကြုံတွေ့ရလိမ့်မည် ဟူ၍ငင်း၊ ကာလောစ၊ ဤအချိန်၊ ဤအခါမှာ ငါသေရလိမ့်မည် ဟူ၍ငင်း၊ ဒေဟ နိက္ခေပနံစ၊ ဤဒ ရပ်၌ ဤဒေသ၌ ငါ့ခန္ဓာ ပြစ်ချရလိမ့်မည် ဟူ၍ငင်း။ ဂတိစ၊ ဤမည်သောဂတိသို့ လားရလိမ့်မည် ဟူ၍ငင်း၊ ဧတေပဉ္စ၊ ဤသဘောတရား ငါးပါးတို့ကို၊ အနိမိတ္တာ၊ အပိုင်းအခြား အမှတ်အသား ကန့်သတ်ချက်မရှိခဲ့လေသောကြောင့်၊ နနာရယေ ပိုင်းခြားထင်ထင် မသိမမြင်နိုင်ကြ ကုန်သည် သာလျှင်တည်း။

နေ့- သေမှန်းမသိ၊ ည-သေမှန်းမသိ၊ ရက်တွေရွှေ့မနေ့ အလုပ်လုပ်ဘို့ ဆုံးဖြတ်လိုက်ကြပါ။ နေ့တိုင်းလုပ်ပါ၊

ဗုဒ္ဓဝင်ပြီး၏၊

ကျုပ်တို့ ဗုဒ္ဓ ဂေါတမ ဘုရားသည်၊ လူသုံးပါးတို့အတွက်။ ဘယ်မျှလောက် ပါရမီ ဖြည့်ကျင့်ရသည် ဘယ်လောက် ကျေးဇူး ကြီးသည် ဟု, သိရအောင်။ ဤစာအုပ်ကိုများများကြည့်က ဘုရား၏ကျေးဇူး, သိနိုင်ကြပါမည်။

ဘုရားကျေးဇူးအထူးသိက
လောကသံသရာ ကြီးပွားရာ၏။

ဤစာအုပ် ရနိုင်သောဌာန။

ဗမာစစ်စာပုံနှိပ်တိုက်၊ အမှတ် ၂၆- လှော်ကားလမ်း၊
အလုံတွင် ရနိုင်ပါသည်။